

# သိက္ခာရှိသောအနိုင်
# သိက္ခာရှိသောအရှုံး

တွေ့ဆုံမေးမြန်းသူ

**အနော်မာ**

First Weekly News Journal တွင် အပတ်စဉ်ဖော်ပြခဲ့သော အင်တာဗျူးများ စုစည်းမှု

တွေ့ဆုံမေးမြန်းသူ

# အနော်မာ

မြဝတီမင်းကြီးဆရာတော်

အရှင်ထေရိန္ဒ (B.A Buddhism)

အရှင်ဝိနာလင်္ကာရ (ရဟန်းစာဆို မင်းဝေနိုင်–ဟသ်ာတ)

အရှင်ရာဝိန္ဒ (ရဟန်းစာဆို မောင်မင်းစိုး)

အလ်ဟာဂျ် ခလီဖွာဟ်ဦးအေးလွင်

ဒေါက်တာ လှထွန်း (သနာတန ဓမ္မပါလက ဟိန္ဒူအဖွဲ့ချုပ်)

ဒေါက်တာ သိန်းအုန်း (သမိုင်းပိုးကရင်အသင်းတော် သင်းထောက်လူကြီး)



■ **ပုံနှိပ်**
ပထမအကြိမ်
ဖေဖော်ဝါရီလ၊ ၂၀၁၆
အုပ်ရေ (၁၀၀၀)

■ **မျက်နှာဖုံးဒီဇိုင်း**
ပန်းချီ လင်းဝဏ္ဏ

■ **အတွင်းအပြင်အဆင်**
နှင်းဖြိုး

■ **ထုတ်ဝေသူ**
ဦးကျော်သွင်(ခ)မိုးထွန်း (၀၀၆၂၆) (ဒီမိုးစာပေ)
အမှတ် ၈၈၊ ၁၅၇၊ တာမွေကြီးရပ်ကွက်၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့။

■ **ပုံနှိပ်သူ**
ဦးဝင့်ဗိုလ်ဗိုလ်၊ နန်းသဇင်ပုံနှိပ်တိုက် (၀၀၄၄၁)
၃၉ လမ်း(အလယ်)၊ ရန်ကုန်မြို့။

■ **တန်ဖိုး**
**၁၅၀၀**

ထုတ်ဝေသည့် စာအုပ်ကတ်တလောက်အညွှန်း (CIP)

သိက္ခာရှိသောအနိုင် သိက္ခာရှိသောအရှုံး
အနော်မာ၊ ရန်ကုန်၊ ဒီမိုးစာပေ၊ ၂၀၁၅
စာမျက်နှာ ၁၀၀၊ ၂၁ × ၁၃.၅ စင်တီ
(၁) သိက္ခာရှိသောအနိုင် သိက္ခာရှိသောအရှုံး




ဖြန့်ချိရေး

၇၇၇၇ စာပေ
၀၉ - ၃၃၀၁၃၀၂၃၊ ၀၉ - ၂၅၀၂၆၅၉၂၅

## မာတိကာ


**ဓမ္မဂင်္ဂါ၏ အမှာစာ** ၇

**စမ်းစမ်းနွဲ့(သာယာဝတီ)၏ အမှာစာ** ၈

**၁။ ရဟန်းစာဆို မင်းဝေနိုင်(ဟင်္သာတ)နှင့် ဓမ္မအမေးအဖြေ**

အဆိပ်နှင့်တူသောလူများ ၁၀

သိက္ခာရှိသောအနိုင်၊ သိက္ခာရှိသောအရှုံး ၁၅

ကံပေးသလောက်တော့ရမှာပေါ့ ၂၀

**၂။ အရှင်ရာဇိန္ဒ (ရဟန်းစာဆို မောင်မင်းရိုး)(သာသနဓဇဓမ္မစရိယ) နှင့် ဓမ္မအမေးအဖြေ**

အနာဂတ်မျိုးဆက်သစ်ခေါင်းဆောင် ၂၆

လူငယ်များနှင့်အနာဂတ်မနက်ဖြန်ရက်စွဲများ ၃၂

**၃။ အရှင်ထေရိန္ဒ (သာသနဓဇဓမ္မာစရိယ(B.A) (Bdh) ) နှင့် ဓမ္မအမေးအဖြေ**

ရှေးထုံးလည်းမပယ်နှင့် ရှေးသုံးလည်းမလွယ်နှင့် ၃၈

ပြောတိုင်းယုံတဲ့ ပုတ်သင်ညိုတွေ မဖြစ်ဖို့ ၅၃

သာသနာအတွက်လျှောက်လှမ်းရမည့်လမ်း ၅၈

**၄။ မြဝတီမင်းကြီးဆရာတော် အရှင်အရိယဝံသာဘိဝံသ နှင့် ဓမ္မအမေးအဖြေ**

သင့်မြတ်ငြိမ်းချမ်း အနာဂတ်လမ်း(၁) ၇၄

**၅။ ဒေါက်တာသိန်းအုန်း (သမိုင်း၊ ပိုးကရင်အသင်းတော် သင်းထောက်လူကြီး) နှင့် ဓမ္မအမေးအဖြေ**

သင့်မြတ်ငြိမ်းချမ်း အနာဂတ်လမ်း(၂) ၈၀

**၆။ အလ်ဟာဂျ်ခလီဖ္ဖာဟ် ဦးအေးလွင် နှင့် ဓမ္မအမေးအဖြေ**

သင့်မြတ်ငြိမ်းချမ်း အနာဂတ်လမ်း(၃) ၈၈

**၇။ ဒေါက်တာ လှထွန်း သန္တနန ဓမ္မပါလက (ဟိန္ဒူ)အဖွဲ့ချုပ်နှင့် ဓမ္မအမေးအဖြေ**

သင့်မြတ်ငြိမ်းချမ်း အနာဂတ်လမ်း(၄) ၉၇



## စာရေးသူ၏ ကိုယ်ရေးအကျဉ်း

- ၁၄-၄-၁၉၇၃ ခုနှစ်တွင် ရန်ကုန်တိုင်းဒေသကြီး ဗဟန်းမြို့နယ်တွင် မွေးဖွား။
- ၁၉၈၈ ခုနှစ် လူထုလှုပ်ရှားမှုတွင် ပါဝင်ခဲ့။
- ၁၉၈၉ ခုနှစ် ၁၉၉၂ ခုနှစ်အထိ အင်းစိန်ထောင်၊ သာယာဝတီထောင်တို့တွင် ပုဒ်မ ၅/ည အကျဉ်းသားဘဝ။
- ၁၉၉၂ ခုနှစ်မှစ၍ ဓမ္မသီရိမှ ပရဟိတကွန်ရက် ထူထောင်ပြီး ဘာသာရေး တရားပွဲများ၊ စာပေဟောပြောပွဲများ၊ ဘာသာရပ်ဆိုင်ရာ ဆွေးနွေးပွဲများ နေရာအနှံ့ ကွန်ရက်များဖြင့် ချိတ်ဆက်ပြုလုပ်ခဲ့။
- ဓမ္မသီရိမှ SAFETY NET ကွန်ရက်အမည်ပြောင်း၍ ဖွံ့ဖြိုးရေးသင်တန်းများ၊ ဆွေးနွေးဟောပြောပွဲများ နေရာဒေသအနှံ့တွင် ကွန်ရက်များဖြင့် ချိတ်ဆက်၍ လုပ်ဆောင်ခဲ့။
- အထိရောက်ဆုံးနှင့် အောင်မြင်ဆုံး ဆွေးနွေးဟောပြောပွဲများအဖြစ် SAVE THE IRRAWADDY အသင်းအဖွဲ့များ၏ 'ပြုပြင်ပြောင်းလဲမှုနှင့် အနာဂတ်မြန်မာပြည်' ဆွေးနွေးဟောပြောပွဲများကို ခြောက်လဆက်တိုက် အပတ်စဉ် စနေနေ့တိုင်းတွင် သက်ဆိုင်ရာ နယ်ပယ်အသီးသီးမှ ပညာရှင်များကို ဖိတ်ကြားပြီး ပြုလုပ်ခဲ့။
- မြန်မာနိုင်ငံတွင် ဖြစ်ပေါ်ခဲ့သော လူမျိုးရေး၊ ဘာသာရေး ပဋိပက္ခများနှင့် ပတ်သက်ပြီး အမုန်းမဖက် မေတ္တာဆက်၍ လက်ချင်းချိတ်ဆက် ငြိမ်းချမ်းရေးကို ရှေးရှုပြီး မေတ္တာတရားနှင့် နိုင်ငံတော် ဆွေးနွေးပွဲများကို ရန်ကုန်၊ မေမြို့၊

ကြို့ပင်ကောက်၊ ပုဂံ၊ ညောင်ဦး၊ စစ်ကိုင်း၊ မုံရွာ၊ မောင်လမြိုင်၊ ပုသိမ်၊ စလေ … နောက်ဆုံး ရန်ကုန်မြို့၊ အင်းလျားလိတ်ဟိုတယ်တွင် ဆရာတော် သံဃာတော်များနှင့် စာရေးဆရာ၊ ဆရာများ ပူးပေါင်းပါဝင်ပြီး အောင်မြင်စွာ ပြုလုပ်ခဲ့။

- ထွက်ရှိပြီးသော စာအုပ်များမှာ -

၁။ ဗုဒ္ဓကို ကျောခိုင်းမလျှောက်မိပါစေနဲ့၊

၂။ မေတ္တာမဲ့သော ဓားပါးစပ်များ၊

၃။ ကောသလအိပ်မက်ထဲက နိုင်ငံတော်နှင့်

၄။ အမျိုးကို ချစ်လျှင် အမြစ်ကို မချိုးပါနဲ့

၅။ အပေါက်ပိတ်တိုင်း အပယ်လွတ်မှာလား

ယခုလက်ရှိ 'သိက္ခရှိသောအနိုင် သိက္ခာရှိသောအရှုံး' အင်တာဗျူးဓမ္မ အမေး အဖြေများကို ပြန်လည် စုစည်းထုတ်ဝေခဲ့ခြင်း ဖြစ်ပါသည်။

● ● ●

# ဘကြီးဘုန်းကြီးရဲ့အမှာ

အမေးနွားကျောင်းသား အဖြေဘုရားအလောင်းဟု ဆိုသော်လည်း အနော်မာသည် တက္ကဆပ်လွင်ပြင်က ကလင့်စ်အီဝု(ထ်)ဟန် သေမလား နေမလား( Do or die) ခပ်မိုက်မိုက် မေးလေ့ရှိသည့် ကောင်းဘွိုင်တော့ ဟုတ်မည်မထင်။

တက္ကဆပ်ပြည်နယ်သား ဘွတ်ရှ်မိသားစုကလည်း ဒီဘိတ်နှင့် စစ်ပွဲဖြင့် ငြိမ်းချမ်းရေးကို ရေနံတူးသလို ရှာဖွေသည်။

အနော်မာကတော့ ရွှေပြည်ကြီး၏
ပြဟ္မစိုရ်ကောင်းကင်ကျယ်ကို
မျှော်ငေးကာ
ဒိုင်ယာလော့ခ်ရေချမ်းစင်မှ
အပြုံးတစ်ခွက်စီသောက်ရင်း
ကမ္ဘာမြေကို
အစိမ်းရောင်
စားကျက်မြေဖြစ်စေလိုကြောင်း သေချာသည်၊
ဖြေသောပုဂ္ဂိုလ်တို့ကလည်း
ဘုရားအလောင်းတို့၏ စရိယသုံးပါးအခြေခံသော
စိတ်နှလုံးမွေးမြူထားကြပြီးဖြစ်လိမ့်မည် ထင်ပါသည်၊

■ မေ့ဂဂ်ါ
အေဒီ ၂၀၁၆
မိုင်တိုင် ၁၂၃

# စမ်းစမ်းနွဲ့(သာယာဝတီ)၏ အမှာ

ဗုဒ္ဓဓမ္မကို ယုံမှားသံသယဖြင့် ပိုက်ဘောမိထားသူများအတွက် ရှင်းလင်း ပုတ်ထုတ်နိုင်မည့် နည်းလမ်းကို ဤစာအုပ်ပါ အမေးအဖြေများက အထောက်အပံ့ ပြုပါလိမ့်မည်။

စည်းကမ်း၊ နည်းလမ်း၊ သဘောတရားတို့ဖြင့် အဖိတ်အယို အကျအပေါက် မရှိ ပကတိ ပြီးပြည့်စုံသော ဗုဒ္ဓလမ်းစဉ်သည် လူ့အဖွဲ့အစည်းတွင် လူပီသစေသည့် လူ့ဘဝနေထိုင်ရှင်သန်နည်းများဖြစ်သည်။


ယုံမှားသံသယကို မဖြေရှင်းလျှင် စိတ်ပိုင်းဆိုင်ရာ ကူးစက်ရောဂါ ပျံ့နှံ့လွယ်တော့မည်။

ဤစာအုပ်ပါ အမေးအဖြေများတွင် ရှင်းလင်းဖြေကြားပေးတော်မူသော ရဟန်းသံဃာတော်များအား ဗုဒ္ဓတပည့်သားစစ်များ ဖြစ်ကြသည်အလျောက် သာသနာ့ဝန် ဓမ္မဝန်ကို ရွက်ဆောင်တော်မူကြခြင်းအတွက် လှိုက်လှဲရှိသေစွာ အနုမောဒနာ ပြုရပါသည်။

မေးလျှောက်သူ စာရေးဆရာ အနော်မာ၏ အားထုတ်မှုကလည်း ရတနာသုံးပါး၏ တပည့်သားတာဝန်ကို ထမ်းရွက်သည်သာမက၊ ခေတ်ပြိုင်သက်တန့်ရောင် ကမ္ဘာကြီး၏ ယုံမှားသံသယတို့ကို ဖြေဖျောက်ပယ်ရှင်းစေသည့်အတွက် မေတ္တာ ပြုရပါသည်။

ကောင်းကျိုးလိုရာဆန္ဒ ပြည့်ဝပါစေ။

■ စမ်းစမ်းနွဲ့(သာယာဝတီ)



ရဟန်းစာဆို မင်းဝေနိုင် (ဟင်္သာတ)
နှင့် ဓမ္မအမေးအဖြေ

" ကိုယ့်ရဲ့ စကားလုံးတစ်လုံးဟာ လောကကြီး ကို
ပျက်စေမယ့် အဏုမြူဗုံးတစ်လုံး မဖြစ်ဖို့
လိုအပ်ပါတယ်။"

# အဆိပ်နှင့်တူသော လူများ

'ရေ၊ မီး၊ သူခိုး၊ မွေခံဆိုးနှင့်၊ မင်းဆိုးအပြား၊ ရန်မျိုးငါးပါး၊ မှတ်သားလေကွဲ့ ကြောက်ဖွယ်တဲ့။'

**(မဟာဂန္ဓာရုံ ဆရာတော်ကြီး)**

ဒီအပတ်ဖြင့် စာရေးသူ၏ ခေါင်းထဲ ရောက်လာသည့် အကြောင်းအရင်းက ရွေးကောက်ပွဲအလွန် ကာလတွင် အကောင်းအဆိုး အကြောင်းအကျိုးများ ဖြစ်ပေါ်လာနိုင်သည့်ကိစ္စများနှင့်ပတ်သက်၍ စိုးရိမ်စိတ်များ ရှိနေပါသည်။ စာရေးသူတို့အနေဖြင့် အကောင်းဆုံးကို မျှော်လင့်ထားသော်လည်း တစ်ခါတစ်ရံ မထင်မှတ်သော ရှုထောင့်များမှ အဆိုးများလည်း ဝင်ရောက်လာတတ်သည်ကို အထူးသတိပြုဖို့လိုအပ်ပါသည်။ 'သုံးတတ်လျှင်ဆေး၊ မသုံးတတ်လျှင်ဘေး' စကားပုံရှိသည်နှင့်အညီ အချိန်နှင့် အခွင့်အရေးတို့ကို ဉာဏ်ဖြင့်ပိုင်းခြား အသုံးချနိုင်မှသာလျှင် ရွေးကောက်ပွဲအလွန် အချိန်ကာလတိုင်းသည် စာရေးသူတို့အဖို့ အကျိုးရှိပေလိမ့်မည်။ အထူးသဖြင့် စာရေးသူတို့ ရှောင်ရှားရမည်က အဆိပ်နှင့်တူသော လူများကိုမူ အထူးသတိပြု ရှောင်ရှားရမည်ဖြစ်ပါသည်။ ယခုတစ်ပတ်တွင် 'အဆိပ်နှင့်တူသော

လူများ' ခေါင်းစဉ်အောက်မှ ရဟန်းစာဆို မင်းဝေနိုင် (ဟသ်ာတ)နှင့် တွေ့ဆုံပြီး မေးမြန်းလျှောက်ထားခဲ့သမျှကို စာရှုသူများထံသို့ မျှဝေကုသိုလ်ပြုလိုက်ပါသည်။

မေး။ **အယူဝါဒတစ်ခုကို လက်ခံကျင့်သုံးတဲ့နေရာမှာ ရမ်းယုံ၊ ရမ်းပြီးတော့ လက်ခံလို့ ရပါသလားဘုရား။ အယူဝါဒတိုင်းဟာ လူသားအားလုံးကို အကျိုးပြုပါသလားဘုရား။**

ဖြေ။ အယူဝါဒလို့ ပြောတဲ့နေရာမှာ ဘုန်းကြီးတို့အနေနဲ့ကတော့ ဘာသာရေးနဲ့ သက်ဆိုင်သော အကြောင်းကိစ္စတွေအပေါ် အခြေခံပြီး ဆွေးနွေးချင်ပါတယ်။ အယူဝါဒတစ်ခုကို ချဉ်းကပ်လေ့လာတဲ့နေရာမှာ ကိုယ့်ရဲ့အခံဓာတ်က အတိုင်းအတာတစ်ခုထိရှိဖို့ လိုအပ်ပါတယ်။ အထူးသဖြင့် ပိုင်းခြားဝေဖန် သုံးသပ်ဉာဏ် ရှိရပါမယ်။ နောက်တစ်ချက်က အစဉ်အလာတစ်ခုရဲ့ အသင့်ချပေးထားတဲ့ ဘာသာအယူဝါဒတစ်ခုခုကို လက်ခံကျင့်သုံးတဲ့ နေရာမှာလည်း အစဉ်အလာတစ်ခုအရ ကိုးကွယ်ယုံကြည်တာထက်စာရင် ဝေဖန်ပိုင်းခြားသုံးသပ်ပြီး လက်ခံယုံကြည်တာက ပိုပြီး အကျိုးရှိပါလိမ့်မယ်။ မိမိတို့သက်ဆိုင်ရာ ဘာသာရေးခေါင်းဆောင်တွေရဲ့ အဟောအပြောတွေကိုလည်း အရမ်းကာရော ဖွတ်ပစ်မယုံလိုက်ဖို့ သတိပြုရပါမယ်။ ဘာသာတရားတစ်ခုကို ကိုးကွယ်ယုံကြည်တယ်ဆိုတာ စိတ်နှလုံးအေးချမ်းဖို့က အဓိကဆိုရင် ဘာသာတရားကို အကြောင်းပြုပြီး ပဋိပက္ခတွေ ဘာကြောင့်ဖြစ်နေတာလဲဆိုတာကို ဒီနေရာမှာ စဉ်းစားဖို့ လိုအပ်လာပါပြီ။

မေး။ **ဘာသာတရားတိုင်းက ငြိမ်းချမ်းရေးကို ဦးတည်တယ်ဆိုတာ တပည့်တော်လည်း လက်ခံပါတယ်ဘုရား။ သို့သော် ဘာသာစွဲ၊ လူမျိုးစွဲ အခြေခံလိုက်သည့်အခါ ထိုပတ်ဝန်းကျင်ဟာ ငြိမ်းချမ်းမှုတွေ ကင်းမဲ့သွားပြီး အကျည်းတန် အရုပ်ဆိုးတာတွေ ဖြစ်လာတယ်လို့ ခံစားမိပါတယ်။**

ဖြေ။ သိပ်ဟုတ်တာပေါ့ဗျာ။ ဒါကြောင့် ကျုပ်ပြောပါတယ်။ ဘာသာရေးခေါင်းဆောင်အချို့ရဲ့ အဟောအပြောတွေကို ဖွတ်မယုံမိဖို့ အရေးကြီးတယ်လို့ ပြောရခြင်း ဖြစ်ပါတယ်။ တစ်ခါတစ်ခါမှာ ဘယ်လောက်အထိ တရားဟောသူတွေအနေနဲ့ သတိထားသင့်သလဲဆိုရင်ပေါ့။ ကိုယ့်ရဲ့ စကားလုံးတစ်လုံးဟာ လောကကြီးကို ပျက်စေမယ့် အဏုမြူဗုံးတစ်လုံး မဖြစ်ဖို့ လိုအပ်ပါတယ်။ အစွဲအလန်းကြီးတဲ့သူတိုင်း အင်မတန်အန္တရာယ်ရှိတဲ့ အဆိပ်တွေကို ကိုယ်တိုင်လည်း သောက်နေသလို သူများတွေကိုလည်း ပျားရည်အမှတ်နဲ့ တိုက်ကျွေးမိတတ်ပါတယ်။

**မေး။ အပြည့်အဝကို လက်ခံပါတယ်ဘုရား။ အဆိပ်သောက်မိရင်တောင် တစ်ဘဝပဲ သေမှာပါဘုရား။ အယူဝါဒ အစွဲအလန်းတွေ မှားယွင်းရင်တော့ တစ်သံသရာလုံး အကြိမ်ကြိမ်အခါခါ သေဆုံးကြရမှာဖြစ်တယ်ဆိုတာ မှတ်သားနာယူမိပါတယ်ဘုရား။ ဒီတော့ တရားဟောတဲ့ ပုဂ္ဂိုလ်အနေနဲ့ ဘယ်လိုနှလုံးသွင်းလို့ ပရိသတ်တွေကို တရားရေအေး တိုက်ကျွေးသင့်ပါသလဲဘုရား။**

ဖြေ။ ဘာသာတရားကို တကယ်ချစ်မြတ်နိုးတဲ့သူဟာ မိမိနဲ့ မိမိပတ်ဝန်းကျင်ကို တကယ်အေးချမ်းအောင် လုပ်ချင်စိတ်ရှိပါလိမ့်မယ်။ အဲဒီလို မဟုတ်ဘဲ မိမိရဲ့ အတ္တ၊ မာန၊ တဏှာ၊ ဒိဋ္ဌိတွေရဲ့လှည့်ဖြားမှုအောက်ကို ရောက်သွားပြီဆိုရင်တော့ ဘာသာတရားကို ချစ်မြတ်နိုးတဲ့စိတ်ထက် အဆိပ်အတောက်ဖြစ်စေမယ့် အကြောင်းအရာတွေကိုသာ တွေးလိုက်၊ ပြောလိုက်နဲ့ သံသရာလည်နေပါတော့တယ်။ အဲဒီတော့ ဒီနေရာမှာ တရားဟောပုဂ္ဂိုလ် တစ်ဦးအနေနဲ့ ဘယ်လိုနှလုံးသွင်းရမလဲဆိုရင် 'အဟော ဝတ မေ သုဏေယျုံ၊ အာဇာနေယျုံ၊ ယထာကထံ။ တံ ဓမ္မံ အာဇာနိတွာန စရေယျုံ၊ အဝိရောဓနာ။'

မေ-ငါ၏၊ ဓမ္မံ-ဟောဖော်ပြသ တရားဓမ္မကို၊ သုဏေယျုံ- ရိုသေလေးစားစွာ နာကြားကြပါကုန်မူကား၊ အဟောဝတ-ချမ်းသာဖို့ အကြောင်းမို့ သြော်-ကောင်းလှပါပေစွ၊ သုတွာ-ကြားနာကြကုန်ပြီးသည်ရှိသော်၊ ယထာကထံ-ဟောဖော်သော တရားတော်အတိုင်း မှန်မှန်ကန်ကန်၊ အာဇာနေယျုံ-သိမြင် နားလည်ကြပါကုန်မူကား၊ အဟောဝတ-ချမ်းသာဖို့အကြောင်းမို့ သြော်-ကောင်းလှပါပေစွ၊ တံ ဓမ္မံ-ထိုရှင်တော်မြတ်ဘုရား၏ တရားတော်မြတ်ကို၊ အာဇာနိတွာန-ဟောဖော်ပြသည့်အတိုင်း ကောင်းမွန်မှန်ကန်စွာ နားလည်ကြပါကုန်၍၊ အဝိရောဓနာ-ဆန့်ကျင်ခြင်းမရှိကုန်ဘဲ၊ စရေယျုံ-တရားတော်အရ ကျင့်ကြံနိုင်ပါမူကား၊ အဟောဝတ-ချမ်းသာဖို့အကြောင်းမို့ သြော်-ကောင်းလှပါပေစွတကား။'

ကဲ အခုပြောတဲ့အတိုင်း တရားဟောပုဂ္ဂိုလ်တစ်ဦးအနေနဲ့ နှလုံးသွင်းပြီး ပြောဟောသင့်ပါတယ်။

**မေး။ တင်ပါ့ဘုရား။ အရှင်ဘုရားရဲ့ မိန့်ကြားချက်ကို ကြားသိရတဲ့အခါ တပည့်တော်အနေနဲ့ အရှင်ဘုရား အမိန့်ရှိသလို နှလုံးမသွင်းဘဲ အခုတိုင်းပြည်မှာ အချို့ရဟန်းတော်များဟာ နှုတ်လွတ်ကိုယ်လွတ် ပြောဟောနေကြခြင်း၊ တိုင်းရေးပြည်ရေးကိစ္စတွေမှာ ဝင်ရောက်စွက်ဖက် လွှမ်းမိုးနေရာယူလာခြင်းများအပေါ် အရှင်ဘုရားရဲ့ အမြင်ကိုလည်း သိချင်ပါတယ်ဘုရား။**

ဖြေ။ ပြည့်အရေး၊ ပြည့်အရာဆိုတာ လူဝတ်ကြောင်တွေရဲ့ အလုပ်ပါ။ ရဟန်းတွေရဲ့ အလုပ်ဆိုတာ ပရိယတ်၊ ပဋိပတ်အလုပ်ဖြစ်တယ်။ တကယ်တော့ အတုမဲ့၊ အနိုင်းမဲ့ သာသနာတော်ကြီးမှာနေတဲ့ ရဟန်းတော်တွေအနေနဲ့ မိမိကြောင့် သာသနာတော်ကို မထိခိုက်စေနဲ့။ ပလ္လင်ပေါ်တက်ပြီး အခြားစကား ပြောတာထက် ဂုဏ်တော်စကား၊ ဂုဏ်တော်တရား၊ မေတ္တာစကား၊ မေတ္တာတရား၊ မဂ္ဂင်လမ်းပေါ် လျှောက်လှမ်းနိုင်ဖို့ တွန်းအားပေးသော ကုသိုလ်စကား၊ ကုသိုလ်တရားတွေကိုသာ ဟောသင့်ပြောသင့်ပါတယ်။ နေရာမှား၊ အလုပ်မှားရင် လူတွေ အကြည်ညိုမဲ့လာပါလိမ့်မယ်။ သာသနာတော် အတွင်းမှာလည်း အစုအဖွဲ့တွေ ဖြစ်လာပါလိမ့်မယ်။ ဒကာ၊ ဒကာမတွေ အတွင်းမှာလည်း ဉာဏ်အနုအရင့်ပေါ် မူတည်ပြီး ကွဲပြားမှုတွေ ဖြစ်လာနိုင်ပါတယ်။ ဒီတော့ ဒါတွေကို ရှောင်နိုင်ဖို့ဆိုရင် ကိုယ့်အလုပ် ကိုယ်လုပ်ကြဖို့ အရေးကြီးဆုံးဖြစ်တယ်လို့ ပြောချင်ပါတယ်။

**မေး။ မှန်လှပါဘုရား။ တကယ်တော့ 'သတိသမ္ပဇဉ်'တရားဟာ ဘယ်လောက်အရေးကြီးတယ်ဆိုတာကို အရှင်ဘုရားရဲ့ မိန့်ကြားချက်ပေါ် မူတည်ပြီး တပည့်တော် သိရှိနားလည် ခံစားရပါတယ်ဘုရား။**

**တဆက်တည်း တပည့်တော်လျှောက်ထားချင်တာက ဘုရားတပည့်တော်တို့ တိုင်းပြည်ဟာ အခုဆိုရင် ရွေးကောက်ပွဲလည်း ပြီးဆုံးသွားလို့ အဖြေတွေကိုလည်း သိရှိရပါတော့မယ်။ ရရှိလာတဲ့အဖြေကို ကျေနပ်စွာ နှလုံးသွင်းပြီး လက်ခံနိုင်ဖို့လိုပါတယ်။ အဲ့ဒီအပေါ်မှာ အရှင်ဘုရားရဲ့ ငြိမ်းချမ်းရေးအမြင်၊ ငြိမ်းချမ်းရေးစကားများကိုလည်း ကြားသိချင်ပါတယ်ဘုရား။**

ဖြေ။ 'စိတ္တံ ဒန္တံ သုခါဝဟံ'တဲ့။ ဒီနေရာမှာ ဆရာကြီးဦးရွှေအောင်စကားနဲ့ ပြောရရင် 'ကိုယ်ကျင့်သိက္ခာ မြင့်မားပါမှ စိတ်သည် ယဉ်ကျေးမည်ဖြစ်၏။ စိတ်သည် ယဉ်ကျေးပါမှ ချမ်းသာကို ဆောင်နိုင်မည်ဖြစ်၏။ ဒီစကားကို အခြေခံလို့ ပြောရမယ်ဆိုရင် ကိုယ်ကျင့်သိက္ခာ မြင့်မားပြီး စိတ်ယဉ်ကျေးတဲ့သူတွေ ဖြစ်မယ်ဆိုရင် ရွေးကောက်ပွဲမှာ ဘယ်သူနိုင်တယ်၊ ဘယ်သူရှုံးတယ်ဆိုတဲ့ အဖြေထွက်လာတဲ့အခါမှာ ရလဒ်ကို တည်ငြိမ်စွာနဲ့ လက်ခံဖို့ လိုအပ်ပါတယ်။ သူတစ်ပါးဥစ္စာပစ္စည်း (တစ်နည်းပြောရရင်)မဲပဲ ဆိုပါစို့။ မတရားယူခြင်း၊ နည်းမျိုးစုံသုံး၍ ညစ်ခြင်း၊ သူတစ်ပါးက ကျေကျေနပ်နပ် မပေးဘဲ အတင်းယူခြင်း၊ ငွေအသပြာပေး၍ မဲဝယ်ခြင်း။ တကယ်တော့ ဒါတွေအားလုံးဟာ 'အဒိန္နာဒါနကံ' မြောက်ပါတယ်။ ဒီလိုတွေ မဖြစ်ဖို့ဆိုရင် ရှင့်ကျက်ဖို့ လိုအပ်ပါတယ်။ တစ်နည်းပြောရရင် သတိတရား

လက်ကိုင်ထားဖို့ လိုအပ်ပါတယ်။ ဒီတစ်ကြိမ်မှာ ကိုယ်ရှုံးခဲ့ရင် နောင်လာမယ့် ၂၀၂၀ မှာ ကိုယ်က ကိုယ့်ရဲ့ ပြိုင်ဘက်ကိုနိုင်ဖို့ အကောင်းဆုံးစိတ်နဲ့ စိတ်ထားတွေမွေးလို့ အသင့်ပြင်ထားရပါမယ်။

မေး။ **တင်ပါ့ဘုရား။ အခုလို မိန့်ကြားတော်မူတဲ့အတွက် ကျေးဇူးကြီးလှပါတယ်ဘုရား။ နောက်ဆုံးအနေနဲ့ ဩဝါဒတစ်ခုလောက် အရှင်ဘုရား ရင်ထဲရှိတဲ့အတိုင်း အမိန့်ရှိတော်မူပါဘုရား။**

ဖြေ။ ရင်ထဲရှိတဲ့အတိုင်း အမိန့်ရှိရမယ်ဆိုရင်တော့ အဂတိတရား ၄ ပါး ကင်းစင်သော အစိုးရတစ်ရပ် အမြန်ဆုံးပေါ်ပေါက်လို့ တိုင်းပြည်ကို အလုပ်အကျွေး ပြုနိုင်ပါစေ။ အဂတိတရား ၄ ပါးဟာ အဆိပ်အတောက်တွေနဲ့ တူပါတယ်။ အဂတိတရား ၄ ပါး ကင်းစင်မှ လားရာဂတိတွေလည်း ကောင်းနိုင်မှာ ဖြစ်ပါတယ်။ ဘုန်းကြီးတို့ ရဟန်းတော်တွေဘက်ကလည်း 'အဘိဇ္ဈာက'ဝါဒသစ်တွေကို မတီထွင်ကြဘဲနဲ့ မြတ်ဗုဒ္ဓရဲ့ လမ်းစဉ်အတိုင်း သစ္စာ ၄ ပါး မြတ်တရားကိုသာ အာရုံပြုနှလုံးသွင်းလို့ အဖြူအမည်း မခွဲခြားဘဲ သန်း ၅၀ သော နိုင်ငံသူ၊ နိုင်ငံသားတွေအပေါ် မေတ္တာတပြေးညီ ထားခြင်းဖြင့် အဆိပ်အတောက်ကင်းသော အဲဟောအပြောများကို ရှောင်ရှားနိုင်ကြပါစေ။ 'အဆိပ်နှင့်တူသော လူများ' မဖြစ်ကြပါစေနဲ့။ မိစ္ဆာအယူထက် သမ္မာအယူကိုသာ ယူကြပါ။ ပြန်လည်ဝေမျှကြပါ။ နေရာမှား၊ လူမှား မဖြစ်ကြပါစေနဲ့။ နေရာမှန်၊ လူမှန်ဖြစ်ကြပါစေ။

မေး။ **'သာဓု ... သာဓု... သာဓုပါဘုရား'ဟုဆိုကာ စာရှုသူနှင့် စာရေးသူကြား ပေါင်းကူးဆက်သွယ်သော ဓမ္မဒါန ဤနေရာမှာ တစ်ခန်းရပ် အဆုံးသတ်နိဂုံးချုပ်လိုက်ပါသည်။ ဝမ်းမြောက်စွာ သာဓုခေါ်တော်မူကြပါကုန်။**

● ● ●

# သိက္ခာရှိသော အနိုင်၊ သိက္ခာရှိသော အရှုံး

ဒီတစ်ပတ် စာရေးသူပေးလိုက်မိသည့် ခေါင်းစဉ်က 'သိက္ခာရှိသော အနိုင်' တဲ့။ အနိုင်အရှုံးဆိုတာ တကယ်တော့ လူသားအားလုံး မဖြစ်မနေ အသက်ရှင်နေသ၍ ကာလပတ်လုံး တွေ့ကြုံကြရမှာ ဖြစ်ပါတယ်။ နယ်ပယ်အသီးသီးမှာ ပြိုင်ဆိုင်မှုတွေ ရှိကြပါတယ်။ သို့သော်လည်း တရားသဖြင့် အနိုင်က ရှားပါတယ်။ မတရားသဖြင့် အနိုင်ကြောင့် တရားသဖြင့် ရှုံးကြရတာ ဖြစ်ပါတယ်။ ဒီတစ်ပတ်တော့ အနိုင်အရှုံးတွေနဲ့ ချာချာလည်နေသော စာရေးသူရဲ့ ခေါင်းကို ရှင်းသွားအောင် ရဟန်းစာဆို မင်းဝေနိုင် (ဟသံာတ)ထံမှာ ခြေတော်ကို ဦးတင်ပြီး စာရေးသူပေးထားတဲ့ 'သိက္ခာရှိသော အနိုင်' ခေါင်းစဉ်အောက်မှာ မေးဖြစ်ခဲ့တဲ့ မေးခွန်းနဲ့ အဖြေများကို စာရှုသူများထံသို့ မျှဝေလိုက်ပါသည်။

မေး။ **အရှင်ဘုရား။ တပည့်တော် 'သိက္ခာ' ဆိုသော စကားလုံးနဲ့ပတ်သက်ပြီး သိချင်ပါတယ်ဘုရား။ တပည့်တော်ကို ရှင်းပြပေးစေချင်ပါတယ်။**

ဖြေ။ သိက္ခာဆိုတဲ့ စကားလုံးကို အဓိပ္ပာယ်ဖွင့်ရင် ဘုန်းကြီးတို့ကတော့ အဆင့်အတန်းလို့ပဲ ပြောချင်ပါတယ်။

ဥပမာ အလွယ်ပြောနေကြတဲ့ စကားတွေ ရှိပါတယ်။ ဒီလူ သိက္ခာမရှိဘူးလို့ ပြော လိုက်တာပဲ ဖြစ်ပါတယ်။ အဆင့်အတန်းတစ်ခုကို သတ်မှတ်တဲ့နေရာမှာ ဘုန်းကြီးတို့ အနေနဲ့ကတော့ သမာဓိအဆင့်အတန်း၊ ပညာအဆင့်အတန်း ဒီလို ခွဲခြားသတ်မှတ် ချင်ပါတယ်။ အဲဒါကိုပဲ သီလသိက္ခာ၊ သမာဓိသိက္ခာရယ်လို့ ဆိုကြပါတယ်။

မေး။ **တင်ပါ့ဘုရား။ သီလအဆင့်အတန်း သတ်မှတ်ချက်က နယ်ပယ်ရွေးပါ သလားဘုရား။ အကယ်၍ နယ်ပယ်ရွေးတယ်ဆိုရင် သီလသိက္ခာရှိအောင် နယ်ပယ် အသီးသီးရဲ့ စောင့်ထိန်းရမယ့် ကျင့်ဝတ်တွေကို အမိန့်ရှိတော်မူပါဘုရား။**

ဖြေ။ သီလအဆင့်အတန်း သတ်မှတ်ချက်က နယ်ပယ်ရွေးပြီး သတ်မှတ်မှုတွေ ရှိပါတယ်။ ဘုန်းကြီးတို့ သံဃာလောကမှာဆိုရင် ဗုဒ္ဓရဲ့သတ်မှတ်ချက် အဆင့်အတန်း သိက္ခာပုဒ်ပေါင်း ၂၂၇-သွယ်သော သိက္ခာပုဒ်တို့ ရှိပါတယ်။ လူတွေအနေနဲ့ကတော့ အခြေခံစောင့်ထိန်းရမယ့် ၅-ပါးသော သီလသိက္ခာရယ်လို့ ရှိပါတယ်။ အဲဒီအထဲမှာမှ ထပ်ပြီးတော့ နာယကဂုဏ် ၆-ပါးတို့၊ မင်းကျင့်တရား ၁၀-ပါးတို့ ဆိုတာဟာလည်း အဆင့်အတန်းတစ်ခုကို သတ်မှတ်ပေးလိုက်ခြင်း ဖြစ်ပါတယ်။

အဲဒီအပေါ်မှာ အခြေခံပြီး ကိုယ်ကျင့်ရမယ့် သက်ဆိုင်ရာ နယ်ပယ်အသီးသီး ရဲ့ အကျင့်သီလတွေကို လိုက်နာကျင့်သုံးကြမယ်ဆိုရင် သီလအဆင့်အတန်းအားဖြင့် ပြည့်စုံတာဖြစ်တဲ့အတွက် သီလသိက္ခာနဲ့ ပြည့်စုံသောသူလို့ ပြောရမှာ ဖြစ်ပါတယ်။ ဒီမှာ တစ်ခုထပ်ဖြည့်ပြောချင်တာကတော့ လူတွေအနေနဲ့ ၅ ပါးထက်ပိုသော ၈ ပါးသီလ၊ ၁၀ ပါးသီလတို့ကိုလည်း စောင့်ထိန်းကျင့်သုံးလို့ ရပါတယ်။

မေး။ **တင်ပါ့ဘုရား။ ဒါဆိုရင် အဆင့်အတန်းတစ်ခုကို သတ်မှတ်တဲ့နေရာမှာ အဓိက အခြေခံအကျဆုံးက သီလလို့ ပြောလို့ရပါသလားဘုရား။**

ဖြေ။ ပြောလို့ရပါတယ်။ တကယ်တော့ သီလအုတ်မြစ်ဖြစ်ပါတယ်။ အဆောက် အဦတစ်ခုကို ဆောက်တဲ့နေရာမှာ အခြေခံအုတ်မြစ် ခိုင်ခံ့ဖို့ အရေးကြီးပါတယ်။ ဒါမှသာလျှင် ခိုင်ခံ့တဲ့ အဆောက်အဦတစ်ခုကို တည်ဆောက်ယူလို့ရမှာ ဖြစ်ပါတယ်။ လူသားတစ်ယောက်အနေနဲ့ သူတော်ကောင်းပီသရာ ရောက်စေသော ၅ ပါးသီလ၊ ၈ ပါးသီလပြီးလျှင် အာဇီဝမဋ္ဌကသီလ သူ့ကို အမိဟာယ်ဖွင့်ဆိုရင်တော့ အသက် မွေးဝမ်းကျောင်းပြုမှုကို စင်ကြယ်သော တရားနည်းလမ်းဖြင့် ရှာဖွေစားသောက်ခြင်း လို့ ပြောလို့ရပါတယ်။ ပြီးတဲ့အခါမှာတော့ နဝင်္ဂသီလ ၉ ပါးတို့၊ ၁၀ ပါးတို့ကို အဆင့်တိုးပြီး စောင့်ထိန်းကြရပါမယ်။ ဒါမှသာလျှင် ဒုစရိုက်ကင်းပြီး သုစရိုက် တရားတို့နဲ့ ပြည့်စုံစွာ လောကအကျိုးကို အားလုံးဝိုင်း၍ သယ်ပိုးနိုင်ကြမှာ ဖြစ်ပါ

တယ်။ ဒါကြောင့် သီလအဆင့်အတန်း သတ်မှတ်ခြင်းဟာ နယ်ပယ်အသီးသီးအတွက် မရှိမဖြစ် အခြေခံအုတ်မြစ်ဖြစ်ပါတယ်။

မေး။ **တင်ပါ့ဘုရား။ ဒါဆိုရင် သီလကို အခြေတည်ပြီး သမာဓိသိက္ခာနဲ့ ပြည့်စုံလာနိုင်ပါသလားဘုရား။ သမာဓိသိက္ခာရဲ့ အရေးပါမှုကိုလည်း တပည့်တော် သိချင်ပါတယ်ဘုရား။**

ဖြေ။ ဘုန်းကြီးတို့ ဗုဒ္ဓဟောထားတဲ့ တရားတော်တွေထဲမှာ အဓိကအကျဆုံးတရားလို့ ပြောလို့ရတဲ့ တရားကတော့ မဂ္ဂင် ၈-ပါး ဖြစ်ပါတယ်။ မဂ္ဂင် ၈ ပါးကို ခွဲခြမ်းစိတ်ဖြာကြည့်မယ်ဆိုရင် သီလမဂ္ဂင်၊ သမာဓိမဂ္ဂင်၊ ပညာမဂ္ဂင်ရယ်လို့ ၃ ပိုင်းခွဲပြီး တွေ့ရှိရမှာ ဖြစ်ပါတယ်။ အခု ဒကာလေးမေးတာက သီလသိက္ခာကြောင့် သမာဓိသိက္ခာ ပြည့်စုံနိုင်သလားဆိုရင် ပြည့်စုံနိုင်တယ်လို့ပဲ ပြောရမှာ ဖြစ်ပါတယ်။ ဘာကြောင့်လဲဆိုတော့ သီလအဆင့်အတန်း မြင့်မားလာရင် စိတ်တွေ စင်ကြယ်ပြီး တည်ကြည်မှုတွေ ရလာပါလိမ့်မယ်။ ဒါကိုပဲ သမာဓိလို့ပြောရမှာ ဖြစ်ပါတယ်။ သမာဓိအဆင့်အတန်း ကောင်းတဲ့လူဟာ စီးပွားရှာတဲ့ကိစ္စမှာပဲဖြစ်ဖြစ်၊ နိုင်ငံရေးလုပ်တဲ့ နယ်ပယ်မှာပဲဖြစ်ဖြစ်၊ ကုသိုလ်ကိစ္စတွေမှာပဲဖြစ်ဖြစ် ဝီရိယအားစိုက်ထုတ်မှု အမြဲနိုးကြားနေပါတယ်။ လောကုတ္တရာ နယ်ပယ်ဘက်ဆိုရင်တော့ မဂ်၊ ဖိုလ်၊ နိဗ္ဗာန်ရဖို့အတွက် မှန်ကန်သောအားထုတ်မှုတွေကြောင့် တရားထူးရဖို့ အခွင့်အလမ်းတွေ အများကြီး ရှိပါတယ်။ ကဲ… ထားပါတော့။ ဘုန်းကြီးတို့ ပြောချင်တာက ဘယ်နယ်ပယ်မှာပဲဖြစ်ဖြစ် အားစိုက်ထုတ်မှုဟာလည်း မှန်ကန်ကောင်းမွန်သော အားထုတ်ခြင်းမျိုး ဖြစ်ရပါမယ်။ ဒါကြောင့် သီလသိက္ခာ မစင်ကြယ်လျှင် သမာဓိသိက္ခာ မရရှိနိုင်ပါဘူး။ ဒါကြောင့် သီလအခြေခံပြီး သမာဓိနဲ့ ပြည့်စုံစွာ အဆင့်အတန်းတစ်ခုမှာ ရောက်ရှိနေနိုင်မှာ ဖြစ်ပါတယ်။ သမာဓိသိက္ခာရှိတဲ့လူမှာ သမ္မာသတိနဲ့လည်း ပြည့်စုံပြီး သမ္မာသမာဓိရှိရှိ တည်ကြည်စွာ လောကအလယ်မှာ ဝင့်ထည်နိုင်မှာ ဖြစ်ပါတယ်။

မေး။ **တင်ပါ့ဘုရား။ ဒါဆိုရင် သီလကို အခြေတည်ပြီး သမာဓိသိက္ခာနဲ့ ပြည့်စုံလာတဲ့အခါ ပညာသိက္ခာရော တစ်ဆက်တည်း ပါလာပါသလားဘုရား။ ပညာသိက္ခာရဲ့ အရေးကြီးပုံကိုလည်း သိချင်ပါတယ်ဘုရား။**

ဖြေ။ တကယ်တော့ ပညာဆိုတာ အကောင်းအဆိုး အကြောင်းအကျိုးတွေအားလုံးကို ဝေဖန်ပိုင်းခြား သုံးသပ်ခြင်းဖြစ်ပါတယ်။ အဲဒီလိုဖြစ်ဖို့ဆိုရင် ရှေ့မှာပြောခဲ့တဲ့ သီလအဆင့်အတန်းတွေ မြင့်မားဖို့လိုပါတယ်။ အဲဒီအခါကျရင် သမ္မာဒိဋ္ဌိ

လို့ဆိုတဲ့ ကောင်းသောအလိမ္မာ ဉာဏ်ပညာတရားနဲ့ ပြည့်စုံပြီး သမ္မာသက်ပ္ပဆိုသော ကောင်းသောအကြံအစည်များလည်း ရှိလာမှာ ဖြစ်ပါတယ်။ ဉာဏ်ပညာကြီးတဲ့သူဟာ ဆင်ခြင်တုံတရား ပို၍ကြီးပါတယ်။ မိမိအတွက်ဖြစ်စေ၊ သူတစ်ပါးအတွက်ပဲဖြစ်စေ အမြဲတမ်း သဘောထားကြီးပြီး အများအကျိုးစီးပွား ပျက်စီးစေမယ့် အရေးထက် မေတ္တာ၊ ကရုဏာထားလို့ အရာရာကို ချင့်ချိန်ဆောင်ရွက်ပါတယ်။ ဒါကြောင့် ပညာသိက္ခာဟာလည်း လူတစ်ယောက်အတွက် လွန်စွာအရေးပါပါတယ်။

ဒါကြောင့် ပြန်ချုံ့လိုက်ရင် သီလအခြေခံဖြစ်တဲ့ သမ္မာဝါစာ – ကောင်းသော စကားကိုဆိုခြင်း၊ သမ္မာကမ္မန္တ – ကောင်းသောအမှုကို ပြုခြင်း၊ သမ္မာအာဇီဝ – ကောင်းသောအသက်မွေးခြင်း အစရှိတဲ့ သီလမဂ္ဂင် ၃ ပါးကို လူပဲဖြစ်ဖြစ်၊ ရှင်ရဟန်းပဲဖြစ်ဖြစ်၊ အုပ်ချုပ်သူ လူတန်းစားပဲဖြစ်ဖြစ် မဖြစ်မနေ ဖြည့်ကျင့်စောင့်ထိန်းရမှာ ဖြစ်ပါတယ်။

မေး။ **အရှင်ဘုရား အမိန့်ရှိတာတွေကို နာယူရင်း တပည့်တော်ရဲ့ ခေါင်းထဲ ရှုပ်နေတာလေး တစ်ခုကို ရှင်းပေးပါဦးဘုရား။**

ဖြေ။ ဘာများလဲ ဒကာ။

မေး။ **ဒီလိုပါ ဘုရား။ လူတစ်ဦးနဲ့ တစ်ဦးသော်လည်းကောင်း၊ တစ်ဖွဲ့နဲ့ တစ်ဖွဲ့သော်လည်းကောင်း ယနေ့ခေတ်အစားဆုံး စကားနဲ့ပြောရရင် တစ်ပါတီနဲ့ တစ်ပါတီ အပြိုင်အဆိုင် မဲဆွယ်စည်းရုံးနေကြတာတွေ အားလုံးဟာ တကယ်တော့ အနိုင်လိုချင်လို့ ပြိုင်ဆိုင်ကြတာ ဖြစ်ပါတယ်။ အဲဒီအခါ ရှုံးသွားတဲ့သူတွေလည်း ရှိလာတတ်ပါတယ်။ မေးချင်တာက အရှုံးတိုင်းဟာ သိက္ခာရှိဖို့ လိုသလို အနိုင်တိုင်းဟာလည်း သိက္ခာရှိဖို့ လိုပါသလားဘုရား။**

ဖြေ။ ကဲ … ခင်ဗျားမေးတဲ့ မေးခွန်းကို အထင်သာ အမြင်သာဆုံးဖြစ်တဲ့ ဘုန်းကြီးတို့နိုင်ငံရဲ့ ပြိုင်ဆိုင်မှုပြင်းတဲ့ ရွေးကောက်ပွဲနဲ့ ပတ်သက်ပြီး ပြောကြပါစို့။ မိမိပါတီ အနိုင်ရရေးအတွက် ပါတီခေါင်းဆောင်တွေဟာ လူထုကို စကားတွေ အများကြီး ပြောကြတယ်။ သက်ဆိုင်ရာ ပါတီကိုယ်စားလှယ်တွေကလည်း လူထုကို ပုံစံအမျိုးမျိုးနဲ့ ချဉ်းကပ်ပြီး စည်းရုံးကြတယ်။ အဲဒီမှာ အပုပ်ချတာတွေ၊ တစ်ဖက်သားကို နှိမ့်ချပြောဆိုပြီး မဲဆွယ်စည်းရုံးတာတွေ ဒါတွေလည်း ကြားခဲ့ရတယ်။ ကဲ… တိုတိုပဲ ပြောကြပါစို့။ ရွေးကောက်ပွဲကြီးလည်း ပြီးသွားရော အနိုင်ရတဲ့ ပါတီလည်း ပြည်သူတွေရဲ့ ရွေးချယ်မှုနဲ့ ပြည်သူတွေအရှေ့ကို ရောက်လာပါပြီ။ ဒီတော့ သူဘာကြောင့် ရောက်လာသလဲဆိုတာကို ပြန်ဆန်းစစ်ရင်း အရှေ့မှာ

ပြောခဲ့တဲ့ သိက္ခာတရားတွေ ဖြည့်ကျင့်ခဲ့လို့ အနိုင်ရတယ်လို့ပဲ ပြောချင်ပါတယ်။ အဲဒါကိုပဲ ဘုန်းကြီးအနေနဲ့ကတော့ ပြိုင်ဆိုင်မှုတိုင်းမှာ သီလ၊ သမာဓိ၊ ပညာတရားတို့နဲ့သာ ပြိုင်ဆိုင်သူဟာ သိက္ခာရှိသော အနိုင်သမားတွေ ဖြစ်လာမှာပါ။ ရှုံးသွားသော သူတိုင်းဟာလည်း နှလုံးသွင်းမှန်မယ်ဆိုရင် သိက္ခာရှိသော အရှုံးသမားတွေ ဖြစ်ကြမှာပါ။ ကဲ … နိဂုံးချုပ်အနေနဲ့ ပြောချင်တာကတော့ သီလအဆင့်အတန်း၊ သမာဓိအဆင့်အတန်း၊ ပညာအဆင့်အတန်း မြင့်မားအောင် ကြိုးစားခြင်းဖြင့် ဘယ်အရာနဲ့ပြိုင်ပြိုင် သိက္ခာရှိရှိ ပြိုင်တတ်ကြပါစေ။

မေး။ **'တပည့်တော်ရဲ့ ရှုပ်နေတဲ့အရာတွေကို ရှင်းအောင် ရှင်းပြပေးတဲ့အတွက် အထူးပဲ ကျေးဇူးတင်ပါတယ်။ ဝမ်းမြောက်စွာ သာဓုလည်း ခေါ်ဆိုအပ်ပါတယ်။ သာဓု၊ သာဓု၊ သာဓုပါ ဘုရား။'ဟုဆိုကာ စာရေးသူ၏ အတွေးထဲ မျှတ်ခနဲ ပေါ်လာသည်က …**

**'သိက္ခာရှိတဲ့ အနိုင်၊**
**ရိက္ခာယူတဲ့ အနိုင်၊**
**သိက္ခာရှိတဲ့ အနိုင်က**
**အသေဖြောင့်တယ်။**
**ရိက္ခာယူတဲ့ အနိုင်က**
**အသေတော့ မဖြောင့်ဘူး။'**

● ● ●

# ကံပေးသလောက်တော့ ရမှာပေါ့

ရုပ်လား ကံပေးသလောက်ပေါ့။ ပညာလား ကံပေးသလောက်ပေါ့။ ဥစ္စာလား ကံပေးသလောက်ပေါ့။ ရာထူးလား ကံပေးသလောက်ပေါ့။ အခြေအရံလား ကံပေးသလောက်ပေါ့။ အာဏာလား ကံပေးသလောက်ပေါ့။ ကံပေးသလောက်ဆိုပေမယ့် ဉာဏ်မယုတ်ဖို့လည်း လိုသလိုလို့လ၊ ဝီရိယစိုက်ထုတ်အားလည်း မပေါ့ဖို့ လိုပါတယ်။ စာရေးသူတွေးမိသည့် အတွေးကို ဒီတစ်ပတ်တော့ ဤအတွေးများကို အခြေခံပြီး မေးခွန်းလေးများရှိလို့ လာပြန်ပါတယ်။ ကံရဲ့ အစွမ်းသတ္တိ အရှိန်အဟုန်တွေ၊ အတက်အကျတွေဟာ လူချင်းတူပါလျက် ဘာလို့ကွာခြားနေကြတာလဲ။ အဲဒီကွာခြားချက်တွေကို လူတွေ ဘာလို့ လက်မခံနိုင်ကြတာလဲ(အချို့)။ ဒါတွေဟာ တွေးစရာများ ဖြစ်လာပါတယ်။ ဒီတော့လည်း စာရေးသူရဲ့ ထုံးစံအတိုင်း ရဟန်းစာဆို မင်းဝေနိုင်(ဟသ်ာတ)ထံသို့ မေးခွန်းများနဲ့အတူ ရောက်ဖြစ်ခဲ့ပါတယ်။

မေး။ **ကံဆိုသော ဝေါဟာရအဓိပ္ပာယ်ကို ဦးစွာ ရှင်းပြတော်မူပါဘုရား။**

ဖြေ။ ကံဆိုတာကတော့ ပါဠိဘာသာဖြစ်တဲ့ 'ကမ္မ'

မှနေပြီး မြန်မာဝေါဟာရအဖြစ် အဆင်ပြေအောင် ပြောင်းလဲခေါ်ဝေါ်တာ ဖြစ်ပါတယ်။ တကယ်တော့ ကံဆိုတာ ပြုလုပ်ခြင်းလို့ အဓိပ္ပာယ်ရပါတယ်။ ကိုယ်ဖြင့်ပြုလုပ်ခြင်း (ကာယကံ)၊ နှုတ်ဖြင့် ပြောဆိုခြင်း (ဝစီကံ)၊ စိတ်ဖြင့် ကြံစည်ခြင်း (မနောကံ)တို့ ဖြစ်ပါတယ်။ ထို ၃ မျိုးကိုအရင်းခံသောကြောင့် စေတနာကို ကံလို့ခေါ်ကြတာ ဖြစ်ပါတယ်။ ကံအကြောင်းကို အကျယ်ချဲ့ပြောရင်တော့ ၁၆ ချက်ရှိပါတယ်။

မေး။ **တင်ပါ့ဘုရား။ တပည့်တော်အနေနဲ့ အကျယ်မသိရရင်တောင် အကျဉ်းမျှတော့ ကံနဲ့ပတ်သက်လို့ သိချင်ပါတယ်ဘုရား။**

ဖြေ။ သိသင့်တာပေါ့ ဒကာ။ တကယ်တော့ ကံအကြောင်း ၁၆ ချက်ကိုရှင်းရင်တော့ အချိန်အတိုင်းအတာတစ်ခုအထိ ယူရပါလိမ့်မယ်။ ဒါပေမယ့်လည်း အခု ရသလောက်အချိန်အတွင်းမှာ အခြေခံကျတဲ့ အကြောင်းအရာတွေကို ရှင်းပြပေးပါ့မယ်။

မေး။ **တင်ပါ့ဘုရား။ လူချင်းတူပါလျက် ဘာကြောင့် အကျိုးပေးတွေ ကွာခြားနေတာပါလဲဘုရား။**

ဖြေ။ လူချင်းတူပါလျက် ဘာကြောင့် ကွာခြားရသလဲဆိုရင် အတိတ်ကံအကြောင်း အထောက်အပံ့အပေါ် မူတည်ပါတယ်။ အတိတ်ကံမှာ ကိုယ်က ဒုစရိုက် ၁၀ ပါးနဲ့ အလွန်ရင်းနှီးခဲ့သလား။ ဒါဆိုရင် လက်ရှိပစ္စုပ္ပန်ကံ အကျိုးပေးဟာလည်း 'အမည်းကံ'သာ ရရှိမှာ ဖြစ်ပါတယ်။ အဲဒီလိုမှ မဟုတ်ဘဲ သုစရိုက်တရား ၁၀ ပါးနဲ့အညီ နေထိုင်ကျင့်သုံးခဲ့မယ်ဆိုရင်တော့ လက်ရှိပစ္စုပ္ပန်ကံဟာ 'အဖြူကံ'ကို ရရှိမှာ ဖြစ်ပါတယ်။ အဲဒီအပေါ်တွေမှာ အခြေခံပြီး လူတစ်ဦးနဲ့ တစ်ဦးကြားမှာ ကွာခြားမှုတွေ ဖြစ်လာပါတယ်။

မေး။ **တင်ပါ့ဘုရား။ အချို့တွေက အဲဒီကံရဲ့ အကျိုးပေးကို လက်မခံနိုင်ကြဘဲ ပေါက်ကွဲဒေါသ ဖြစ်ခြင်းတွေကိုလည်း တွေ့ရပါတယ်ဘုရား။ အဲဒီအပေါ်မှာ အရှင်ဘုရားအနေနဲ့ ဘယ်လိုမြင်ပါသလဲဘုရား။**

ဖြေ။ ကိုယ်ပေးသလောက်တော့ ကိုယ်ပြန်ရတတ်ပါတယ်။ ကိုယ်ပြုသလောက်တော့ ကိုယ့်ထံပြန်လာတတ်ပါတယ်။ အရှိန်အနည်း အများကတော့ ကိုယ်ပြုခဲ့တဲ့ အကြောင်းတရားအပေါ်မှာ တည်မှီနေပါတယ်။ ဥပမာ ဆိုကြပါစို့။ ယနေ့ ဘုန်းကြီးတို့နိုင်ငံမှာ ရွေးကောက်ပွဲကြီးလည်း ပြီးသွားရော အချို့၊ အချို့သောသူတွေဟာ ရလဒ်ကို လက်မခံနိုင်ဘဲ ဒေါသဖြစ်လွယ်ကြတယ်။ စကားလုံးတွေ ကျွံကြတယ်။

တကယ်တော့ သူတို့အားလုံးဟာ ဘုန်းကြီးတို့အနေနဲ့ပြောရင် ကိုယ့်ကံ ကိုယ်စစ်ဖို့ မေ့နေတဲ့ သူတွေပဲ။ ကံဆိုတဲ့ နေရာမှာလည်း ဉာဏ်မကူဘဲ လုပ်ချင်တိုင်းလုပ်ရင် ရလာတဲ့ အကျိုးဟာလည်း ဖြစ်ချင်တိုင်း ဖြစ်နေမှာပေါ့။ ဒါကြောင့် ကံကို သူ့ချည်းပဲ လွှတ်ထားလို့ မရဘူး။ ဉာဏ်ကူမှ ရပါတယ်။ ဒီနေရာမှာ တစ်ခုပြောချင်တာက 'သမ္မာဉာဏ်နဲ့ မိစ္ဆာဉာဏ်'တော့ ကွဲဖို့ လိုပါတယ်။ ပေါက်ကွဲဒေါသ ဖြစ်လွယ်တာက တော့'ဣဿာမစ္ဆေရ' ပူးသတ်ခြင်းဒဏ်ကို ခံရတဲ့အတွက် ပြိုဆင်းသွားခြင်းဖြစ်ပါတယ်။

မေး။ **တင်ပါ့ဘုရား။ အရှင်ဘုရား အမိန့်ရှိသွားတဲ့ စကားတွေထဲမှာ 'ကိုယ့်ကံ ကိုယ်စစ်'ဆိုတာလေးကို သတိထား သဘောကျမိပါတယ်ဘုရား။ ကိုယ့်ကံကို ဘယ်လိုစစ်ရပါမလဲဘုရား။**

ဖြေ။ ဒီနေရာမှာ ပါဠိလို မပြောတော့ဘဲ ကံဆိုတဲ့နေရာမှာ 'အလုပ်'ဆိုတဲ့ စကားလုံးကိုသုံးပြီး ပြောချင်ပါတယ်။ မိမိရဲ့ အလုပ်တိုင်းကို အကုသိုလ် ကင်း၊ မကင်း စစ်ဆေးရပါမယ်။ ကာယဒုစရိုက် ၃ ပါး၊ ဝစီဒုစရိုက် ၄ ပါး၊ မနောကံဒုစရိုက် ၃ ပါးတို့မှ လွတ်ကင်းရဲ့လားဆိုတာကို လေ့လာဆန်းစစ်ပါ။ အညစ်ကိုပို၍ ထေးညစ်စေသော လောဘ(အလွန်)၊ ဒေါသ(အလွန်)၊ မာန၊ ဣဿာ မစ္ဆေရစတဲ့ တရားတွေ မိမိရဲ့ကိုယ်မှာမဖြစ်အောင် သတိနဲ့ စောင့်ကြည့်ရပါမယ်။ ရွေးကောက်ပွဲနဲ့ ပတ်သက်တဲ့ ဥပမာကိုပဲ ထပ်ပြီးပေးချင်ပါတယ်။ မြို့တစ်ခုမှာ အနိုင်ရဖို့အတွက် ပြည်သူကို အပြိုင်အဆိုင်စည်းရုံးကြတဲ့အခါ မိမိပြောပြုကြံစည်ခဲ့တဲ့ အရာတွေကို ဘယ်လောက်အထိ သတိနဲ့ စောင့်ကြည့်ပြီး အကုသိုလ်ကင်းအောင် စည်းရုံးခဲ့သလဲဆိုတာကို ယခုအချိန်မှာ နိုင်သူကို အပြစ်မပြောဘဲ ကိုယ့်ရဲ့ကံကို ဘုန်းကြီးတို့အရှေ့မှာ အမိန့်ရှိခဲ့တဲ့ ဓမ္မတွေနဲ့အညီ စစ်ဆေးလိုက်ပါ။ ဒါဆိုရင် နေတတ်သွားပါလိမ့်မယ်။

မေး။ **တင်ပါ့ဘုရား။ ဒါဆိုရင် အရှင်ဘုရား မိန့်ချင်တာက ကိုယ့်ကံပေးသလောက် ကိုယ်ကျေနပ်ဖို့ အရေးကြီးတယ်လို့ ဆိုလိုချင်တာလားဘုရား။**

ဖြေ။ သိပ်ဟုတ်တာပေါ့ဗျာ။ ကမ္မဿကတဉာဏ်ရှိဖို့ အရင်ကြိုးစားကြပါ။ ကိုယ့်ရဲ့ စိုက်ထုတ်တဲ့ ဓွဲ၊ လုံ့လ၊ ဝီရိယတို့အပေါ် အခြေခံပြီး ရလာတဲ့ အကျိုးအမြတ်ကို ကျေနပ်အောင် ကြိုးစားပြီး တိုးတက်အောင် ကြံစည်အားထုတ်ရမှာက ကိုယ့်ရဲ့ တာဝန်ပါပဲ။

မေး။ **တပည့်တော် တွေးမိတာ နောက်တစ်ခု ရှိပါတယ်ဘုရား။ အချို့တွေက**

**ကိုယ့်ရဲ့ အားစိုက်ထုတ်မှုမပါဘဲ သူတစ်ပါးရဲ့ အားစိုက်ထုတ်မှုကြောင့် ဖြစ်ပေါ်လာသော အကျိုးအမြတ်ကို လုယူတာလည်း ရှိပါတယ်ဘုရား။ အဲဒါ ဘာကြောင့် ဖြစ်တာပါလဲ။**

ဖြေ။ အဲဒါကို အဘိဇ္ဈာလို့ ခေါ်တယ်။ သူတစ်ပါးပစ္စည်းကို ငါ့ဟာဖြစ်ရင်ကောင်းမှာပဲလို့ ကြံစည်အားထုတ်တာ လုံးဝမကောင်းဘူး။ ကဲ ... ဥပမာ ဆိုကြပါစို့။ ကျုပ်တို့နိုင်ငံမှာ ၁၉၉၀ ရွေးကောက်ပွဲရလဒ်ကို ပြောင်းပြန်ဖြစ်အောင် လုပ်ပစ်ခဲ့ကြတယ်။ ဒါဟာ ပြည်သူတွေရဲ့ လုပ်ပိုင်ခွင့်တွေနဲ့ အကျိုးခံစားခွင့်တွေကို လူတစ်စုက မောင်ပိုင်စီးလိုက်တာပဲ။ ဒါ အကုသိုလ် အလွန်ကြီးပါတယ်။ ကဲ အခု ၂၀၁၅ ရလဒ်ကိုလည်း အားလုံးဝိုင်းပြီး ကောင်းသောစေတနာနဲ့ ပြည်သူတွေရဲ့ မျှော်လင့်ချက်၊ ရပိုင်ခွင့်တွေကို အဘိဇ္ဈာမပွားဘဲ အကောင်အထည် ဖော်နိုင်လိမ့်မယ်လို့ ဘုန်းကြီးတို့ ယုံကြည်ပါတယ်။ ကိုယ့်ကံပေးသလောက် ကိုယ်ရကြတာကိုလည်း လက်ခံပေးကြပါလို့ ဗုဒ္ဓရဲ့ သားတော်တစ်ပါးအနေနဲ့ ဓမ္မအလိုအတိုင်း မေတ္တာရပ်ခံချင်ပါတယ်။

မေး။ **အရှင်ဘုရားနဲ့ စကားပြောတဲ့အခါမှာ တပည့်တော် တစ်ခု သတိထားမိတာက နိုင်ငံရေးနဲ့ ပတ်သက်တဲ့ ဥပမာလေးတွေ ပေးတာကို သတိပြုမိပါတယ်ဘုရား။ ဘာကြောင့်ပါလဲ ဘုရား။**

ဖြေ။ ဒါကတော့ သိပ်ကို အရေးကြီးလို့ပေါ့ဒကာ။ နိုင်ငံရေး တည်ငြိမ်မှတိုင်းပြည်အေးချမ်းမှာလေ။ ဒီတော့ တိုင်းပြည်ကို ဦးဆောင်မယ့်သူတွေ ဘယ်လိုနေသင့်တယ်၊ ဘယ်လို ပြောသင့်တယ်၊ ဘယ်လို ကြံစည်သင့်တယ် ဆိုတာတွေကို လမ်းပြပေးရမှာ ဘုန်းကြီးတို့ရဲ့ သမိုင်းကပေးတဲ့ တာဝန်ဖြစ်တယ်။ အဲဒီလိုပြောတဲ့နေရာမှာ ဗုဒ္ဓအလိုနဲ့ ဆန့်ကျင်ပြီး အစွန်းမထွက်ဖို့လည်း သိပ်ကို လိုအပ်ပါတယ်။ ဘာပဲလုပ်လုပ် တိုင်းပြည်ဦးဆောင်တဲ့ သူတွေက အရာရာမှာ ကိုယ်ချင်းစာစိတ်လေးတွေ မွေးတတ်ကြဖို့ လိုအပ်တယ်။ ဒီနေရာမှာ သာမညတောင်ဆရာတော်ကြီး အမိန့်ရှိခဲ့တာလေးကို ပြောချင်ပါတယ်။


### 'အရာရာမှာ ကိုယ်ချင်းစာစိတ်လေး မွေးတတ်ပါစေ'

အရာရာမှာ ကိုယ်ချင်းစာတရား ရှိရတယ်။ ကိုယ်ချင်းစာတရားဟာ 'မေတ္တာအင်အား တစ်ခုပဲ'။ ကိုယ့်ကျတော့ ချမ်းသာချင်၊ ကျန်းမာချင်၊ အသက်ရှင်ချင်ပြီး သူများကျတော့ ဆင်းရဲအောင် မကျန်းမာအောင် အသက်တိုအောင် လုပ်တာဟာ ကိုယ်ချင်းစာတရား မရှိတာပဲ။ ကိုယ်ချင်းစာတယ်ဆိုတာ ကိုယ့်ဆန္ဒအားလုံး

သူ့မှာလည်း ရှိမှာပဲလို့ တွေးဆင်ခြင်တာကို ပြောတာ။'

ကဲ … အခုပြောခဲ့တဲ့ ဆရာတော်ကြီး ဩဝါဒအတိုင်း နှလုံးသွင်းရင်း ကံပေးသလောက် ကျေနပ်ကြပါလို့ပြောရင်း ဘုန်းကြီးတို့ရဲ့ ဒီတစ်ပတ် ဆုတောင်းလေးကတော့ 'ပြုသူအသစ် ဖြစ်သူအဟောင်း'ဆိုတဲ့ စကားကို မပစ်ပယ်ဘဲ ၂၀၁၅ ရလဒ်ကို အားလုံးဝိုင်းပြီး ငြိမ်းချမ်းစွာ အကောင်အထည်ဖော်ရင်း ရှေ့ခရီး ငြိမ်းချမ်းပါစေလို့ ဆုတောင်းလိုက်ပါတယ်။

● ● ●



## အရှင်ရာဇိန္ဒ(ရဟန်းစာဆိုမောင်မင်းစိုး)
## (သာသနဓဇဓမ္မာစရိယ)
## နှင့် ဓမ္မအမေးအဖြေ

---

"ယနေ့လူငယ်များရဲ့ ပစ္စုပ္ပန်အခြေအနေကို သုံးသပ်ခြင်းဟာ မနက်ဖြန်ဆိုတဲ့ အနာဂတ်အတွက် အကောင်း ဆုံးသော ပုံဖော်ခြင်းဖြစ်ပါတယ်။"

---

# အနာဂတ် မျိုးဆက်သစ်ခေါင်းဆောင် လူငယ်များနှင့် နိုင်ငံတော်၏ မနက်ဖြန်များ

မျိုးအသစ်ချလို့ ပျိုးခင်းများပျိုးကာ အသီးအပွင့်တွေ ဝေဝေဆာဆာနဲ့ အနာဂတ်ခရီးကို တည်ဆောက်ဖို့အတွက် မေ့ထားလို့ မရတဲ့သူတွေကတော့ အနာဂတ်မှာ ခေါင်းဆောင်ဖြစ်မယ့် ယနေ့ လူငယ်တွေပါပဲ။ မနက်ဖြန်တိုင်းအတွက် မျှော်လင့်ချက်များနဲ့ ရှင်သန်နေကြတဲ့ လူငယ်တွေရဲ့ အခန်းကဏ္ဍကို ဘယ်သမိုင်းစာမျက်နှာတွေထဲမှာမှ ချန်ထားခဲ့လို့ မရပါဘူး။ ယနေ့ ခေါင်းဆောင်ဆိုတဲ့သူတွေဟာ လူငယ်ဘဝကို ဖြတ်သန်းခဲ့ကြတဲ့ အတိတ်စာမျက်နှာ သမိုင်းဆိုး၊ သမိုင်းကောင်းတွေ ကိုယ်စီရှိကြပါတယ်။ ဒီတော့ ဒီတစ်ပတ် စာရှုသူတို့နဲ့ စာရေးသူတို့ကြား ပေါင်းကူး ဆက်သွယ်ပေးမယ့် ဓမ္မအမေးအဖြေ ခေါင်းစဉ်ကိုတော့ 'အနာဂတ် မျိုးဆက်သစ်ခေါင်းဆောင် လူငယ်များနှင့် နိုင်ငံတော်၏ မနက်ဖြန်များ' လို့ ပေးဖြစ်ပါတယ်။ ဒီမေးခွန်းများနဲ့ ပတ်သက်ပြီး ပါဠိတက္ကသိုလ် ညောင်တုန်းကျောင်းတိုက် စာချဆရာတော် အရှင်ရာဇိန္ဒနဲ့ မေးဖြစ်ခဲ့သမျှ …

မေး။ **အရှင်ဘုရားအနေနဲ့ လူငယ်တွေအပေါ်မှာ အထူးစိတ်ဝင်စားတာ တွေ့ရပါတယ်။ အထူးသဖြင့် လူငယ်တွေနဲ့**

**ပတ်သက်တဲ့ အကြောင်းအရာတွေကိုလည်း ရေးသားတာတွေ့ရတဲ့အတွက် တပည့်တော်အနေနဲ့ ဘာကြောင့် လူငယ်တွေကို ဇောင်းပေးပြီး ပြောဆိုရေးသား နေတာကို သိချင်ပါတယ်ဘုရား။**

ဖြေ။ လူငယ်ဆိုတာ ကမ္ဘာပေါ်မှာရှိတဲ့ နိုင်ငံတိုင်းရဲ့ အဓိကပြယုဂ်ဆိုရင်လည်း မှားမယ် မထင်ဘူး။ မျိုးဆက်သစ်ကို လက်ဆင့်ကမ်း နေရာပေးဖို့ကတော့ လူကြီး တွေရဲ့ တာဝန်ပဲ ဖြစ်ပါတယ်။ ဒါကြောင့် လူငယ်တွေကို နေရာ ပေးကိုပေးရမယ်။ လူငယ်တွေဆိုတာ အနာဂတ်ကို လက်လွှဲယူမယ့် သူတွေပဲ။ ဒီတော့ လူငယ်တွေမှာ ဝမ်းစာပြည့်ဖို့အတွက် ဗဟုသုတကြွယ်ဝဖို့ လိုပါတယ်။ ဝမ်းစာမပြည့်ဘဲ လူငယ်ဘဝ ကို ဖြတ်သန်းပြီး လူကြီးဘဝကို ရောက်လာရင် သူနဲ့ သူ့ပတ်ဝန်းကျင်အတွက် အန္တရာယ်ရှိပါတယ်။ ဒါကြောင့် ဦးဇင်းအနေနဲ့ကတော့ လူငယ်တွေအတွက် အထူး ရည်ရွယ်ပြီး အသိပေးဆောင်းပါးတွေ ရေးဖြစ်ပါတယ်။

မေး။ **တင်ပါ့ဘုရား။ အရှင်ဘုရားရဲ့ လူငယ်ထုအပေါ်ထားတဲ့ စိတ်စေတနာကို မြင်တွေ့ရတဲ့အခါ အတိုင်းအဆမရှိ ဝမ်းသာမိပါတယ်။ တပည့်တော် ဆက်ပြီး လျှောက်ထားချင်တာက လူတိုင်းမှာ မနက်ဖြန်ဆိုတာ ရှိပါတယ်ဘုရား။ အဲဒီ မနက်ဖြန်ပေါင်းများစွာကို ပုံဖော်ဖို့အတွက် လက်ရှိ ပစ္စုပ္ပန်က ပိုပြီးအဓိကကျတယ် လို့ ထင်ပါတယ်။ အရှင်ဘုရားရဲ့ အမြင်ကိုလည်း သိချင်ပါတယ်ဘုရား။ အထူးသဖြင့် 'လူငယ်နှင့် မနက်ဖြန်' ဆိုတဲ့ ခေါင်းစဉ်အောက်မှာ ဆွေးနွေးပေးစေချင်ပါတယ်။**

ဖြေ။ ဒီမေးခွန်းကို ကောက်ပြီးပြောရရင် မနက်ဖြန်တိုင်းအတွက် လက်ရှိပစ္စုပ္ပန် အချိန်က အရေးကြီးဆုံးဆိုတာ ဦးဇင်းတို့ အပြည့်အဝ လက်ခံပါတယ်။ ယနေ့ ခေါ်စုကလည်း လူငယ်တွေကို အဓိကထားပြီး လူငယ်အားနဲ့ အတွေ့အကြုံရှိသော လူကြီးအားတွေနဲ့ ပေါင်းစပ်ကာ တိုင်းပြည်အနာဂတ်ကို တည်ဆောက်ဖို့ ကြိုးစား နေတာကို တွေ့ရပါတယ်။ အဲဒီအတွက် ဦးဇင်းတို့ ဝမ်းမြောက်ဝမ်းသာ ကြိုဆိုပါ တယ်။ ကဲ… ထားပါတော့။ ယနေ့လူငယ်တွေရဲ့ ပစ္စုပ္ပန်ကို ကြည့်ကြပါစို့။ အကောင်းအဆိုး လမ်းကြောင်းတွေ များစွာရှိနေပါတယ်။ ထွက်ပေါက်တွေလည်း စုံလို့ပါပဲ။ ဦးဇင်းတို့ ဖြတ်သန်းခဲ့ရတဲ့ လွန်ခဲ့သော အနှစ် ၂၀ ကျော်ကာလကနေ ယနေ့အချိန်ထိ လူငယ်တွေနဲ့ အနီးစပ်ဆုံး ယှဉ်တွဲလျက် တိုးတက်လာတဲ့ အရာတွေ ကတော့ မကောင်းမှုကို လုပ်ဆောင်နိုင်တဲ့ အခွင့်အလမ်းပေါင်းစုံပါပဲ။ ခလုတ်တိုက် တိုင်း ပြန်ထပြီး မော့ကြည့်လိုက်ရင် လိုင်စင်မဲ့အရက်ဆိုင်တွေ အများကြီး တွေ့ရ သလို စိတ်ထွက်ပေါက်ကို အလွယ်တကူ ထွက်လမ်းတွေအဖြစ် အနှိပ်ခန်းတွေ၊

KTV လို ဖျော်ဖြေရေးအခန်းတွေ ဒီရေအလား တရိပ်ရိပ်တက်လာတာကို တွေ့ရပါတယ်။ ဒါတွေဟာ တကယ်တော့ လူငယ်တွေရဲ့ မနက်ဖြန်ပေါင်းများစွာကို ရိုက်ချိုးဖျက်ဆီးလိုက်တာပါပဲ။ အကြောက်တရားကြီးစိုးတဲ့ အာဏာရှင်တိုင်းဟာ တိုင်းပြည်ကို အမှောင်အတိချထားကြပါတယ်။ အဲ့ဒါတွေကတော့ လူငယ်တွေကို လမ်းလွဲစေမယ့် ရုပ်ဝတ္ထုအဆမတန် တိုးတက်မှုနောက်မှာ အသိဉာဏ်ပညာ ကပ်မလိုက်နိုင်အောင် အမှားဖြစ်စေမယ့် အလွယ်လမ်းပေါင်းများစွာကို ဖောက်ထားပေးခဲ့ကြလို့ပါပဲ။

မေး။ **တင်ပါ့ဘုရား။ ဒါဆိုရင် လူငယ်တိုင်းရဲ့ မနက်ဖြန်ပေါင်းများစွာ လှပစေဖို့ အရက်ဆိုင်တွေ၊ Beer Station တွေ၊ အနှိပ်ခန်းတွေ၊ KTV တွေ၊ Game Centre တွေ(လောင်းကစား) ဒါတွေနဲ့ပတ်သက်ပြီး နောင်တက်လာမယ့် အစိုးရသစ်အနေနဲ့ တိတိကျကျ ကိုင်တွယ်ဖြေရှင်းဖို့ လိုအပ်တယ်လို့ မြင်ပါသလား ဘုရား။**

ဖြေ။ သိပ်လိုအပ်ပါတယ်။ တရားသော မင်းတိုင်းဟာ ကိုယ့်တိုင်းပြည်ရဲ့ အနာဂတ်ကို အလင်းကိုပဲ ဆောင်စေပြီး အမှောင်ကိုခွင်းကြပါတယ်။ ပညာသည် တိုင်းပြည်တစ်ခု၊ နိုင်ငံတစ်ခု တည်ထောင်ရာ၌ များစွာအရေးပါပါတယ်။ ပညာဖြင့် ကမ္ဘာကို ချုပ်ကိုင်နိုင်ပါတယ်။ ပညာသည် 'အခရာ'ကျသောနေရာမှာ အမြဲတည်ရှိနေပါတယ်။ ဒါကြောင့် အသိပညာဉာဏ်ကို အမှောင်သွင်း အကျဉ်းချမယ့် ကိစ္စများနဲ့ ပတ်သက်ပြီး နောင်တက်လာမယ့် အစိုးရသစ်အနေနဲ့ တိတိကျကျ သေသေချာချာ ကိုင်တွယ်ဖြေရှင်းပေးမယ်ဆိုရင် လူငယ်တိုင်းရဲ့ မနက်ဖြန်အတွက် ရင်လေးစရာ မရှိတော့ပါဘူး။

မေး။ **အင်မတန်မှ သင့်တင့်လျောက်ပတ်သော အမြင်နဲ့ ရှင်းပြပေးတဲ့အတွက် ကျေးဇူးအထူးတင်ပါတယ်ဘုရား။ ဘယ်လို အခွင့်အလမ်းကောင်းတွေကို လူငယ်တွေအတွက် လမ်းဖွင့်ပေးသင့်ပါသလဲ ဘုရား။**

ဖြေ။ အသိပညာ၊ အတတ်ပညာတွေနဲ့ ပတ်သက်ပြီး အထူးအခွင့်အလမ်းကောင်းတွေကို သက်ဆိုင်ရာ ပြည်နယ်၊ တိုင်း၊ ဒေသအသီးသီးမှာ အလွှာအသီးသီးက လူငယ်လူရွယ်တိုင်း အခွင့်အလမ်းကောင်းတွေ ရရှိအောင် ဖန်တီးပေးရပါမယ်။ ဥပမာဆိုကြပါစို့။ အားကစားဆိုလည်း ထူးချွန်ပြောင်မြောက်တဲ့ ရွက်ပုန်းသီးလူငယ်တွေ များစွာရှိပါတယ်။ ဒါတွေကို ဘယ်လို ဖော်ထုတ်ကြမလဲ။ အစရှိသည်ပေါ့။ ဥပမာတစ်ခုအနေနဲ့ ပြောရခြင်းဖြစ်ပါတယ်။ လူငယ်တွေဟာ သူတို့ ဝါသနာပါတဲ့ အလုပ်တွေကို အခြေခံပြီး သင်ယူလေ့လာခွင့်တွေ ရခဲ့မယ်ဆိုရင် သူ့နေရာနဲ့သူ အသုံး

တည့် အသုံးကျသော လူငယ်တွေ ဖြစ်လာမှာပါ။ ဒီနေရာမှာ လူငယ်တွေဘက်ကလည်း ဝီရိယအားစိုက်ထုတ်ဖို့တော့ လိုတာပေါ့။ ဥပမာပြောရရင် 'ဗုဒ္ဓ၊ အာခီးမီးဒီး၊ အိုင်းစတိုင်း၊ သောမတ်(စ်) အယ်ဒီဆင်၊ လင်ကွန်း၊ ဗန်ဂိုး၊ မော်စီတုန်း၊ မဟာတ္တမဂန္ဓီ၊ ဗိုလ်ချုပ်အောင်ဆန်း၊ ယနေ့ခေတ် ဘီလ်ဂိတ်၊ ဘားရက်အိုဘားမား။ ပြီးတော့ ယနေ့ ကျုပ်တို့တိုင်းပြည်မှာတင်မက ကမ္ဘာကတောင် လေးစားအသိအမှတ်ပြုခံထားရတဲ့ ဒေါ်အောင်ဆန်းစုကြည် အစရှိတဲ့ ပုဂ္ဂိုလ်တွေဟာ ထိပ်ကို ဘာကြောင့် ရောက်လာရသလဲဆိုရင် ဝီရိယအားစိုက်ထုတ်မှု အစဉ်တစိုက်ရှိခဲ့လို့ ဖြစ်ပါတယ်။ သူတို့တွေဟာ အမြဲအလုပ်လုပ်ကြပါတယ်။ တစိုက်မတ်မတ်ပေါ့။ ဒီတော့ ယနေ့လူငယ်များရဲ့ ပစ္စုပ္ပန်အခြေအနေကို သုံးသပ်ခြင်းဟာ မနက်ဖြန်ဆိုတဲ့ အနာဂတ်အတွက် အကောင်းဆုံးသော ပုံဖော်ခြင်းဖြစ်ပါတယ်။

မေး။ **နောင်တစ်ချိန် ခေါင်းဆောင်ဖြစ်လာမယ့် လူငယ်တွေရဲ့ ထားရှိရမယ့် စိတ်နေစိတ်ထားကိုလည်း အမိန့်ရှိပါဘုရား။**

ဖြေ။ ဟိုတစ်နေ့ကပဲ တော်ဝင်နှင်းဆီမှာ ဒေါ်စုက လွှတ်တော် ကိုယ်စားလှယ်တွေကို ခေါ်တွေ့ပြီး စကားတွေ ပြောဖြစ်တယ်လို့ မီဒီယာတွေကနေတစ်ဆင့် သိရပါတယ်။ ဦးဇင်းတို့ သဘောနဲ့လည်း တိုက်ဆိုင်တာတွေ အများကြီးပါပဲ။ ဦးဇင်းရေးခဲ့တဲ့ 'ဗုဒ္ဓ၏ သင်ကြားချက်များ' စာအုပ်ထဲမှာပါတဲ့ ကောက်နုတ်ချက်လေးကို ပြောချင်ပါတယ်။ 'ခေါင်းဆောင်ဆိုသည်မှာ နောက်လိုက်တွေထက် ပင်ပန်းမည်။ ခက်ခဲမည်။ ရုန်းကန်ရမည်။ ခေါင်းဆောင်ကောင်းစိတ်ဓာတ် အပြည့်မွေးနိုင်ရမည်။ ကျောသားရင်သား မခွဲခြားဘဲ ခေါင်းဆောင်ပီပီ အခက်အခဲမျိုးစုံကို ရင်ဆိုင်ကျော်ဖြတ်ရသည့် သတ္တိစွမ်းဆောင်မှုအပြည့်နှင့် ကြိုးစားအားထုတ်မှုရှိဖို့ လိုအပ်ပါတယ်။' ဒါတွေဟာ နောင်တစ်ချိန် ခေါင်းဆောင်ဖြစ်လာမယ့် လူငယ်တွေအတွက် မရှိမဖြစ်သော ခေါင်းဆောင်မြတ်၊ ခေါင်းဆောင်ကောင်းတို့ရဲ့စိတ်ဓာတ်ဖြစ်ပါတယ်။

မေး။ **အလွယ်ဆုံးနဲ့ အရိုးရှင်းဆုံး အမိန့်ရှိတဲ့အတွက် အရှင်ဘုရားရဲ့ စကားလုံးတိုင်းဟာ ရင်ထဲကို ရောက်ပါတယ်ဘုရား။ တပည့်တော်အနေနဲ့ လူငယ်တို့ရဲ့ ပစ္စုပ္ပန်ဘာသာတရားနဲ့ ဆည်းကပ်ကိုးကွယ်မှုအပိုင်းကိုလည်း ဘယ်လိုဖြစ်သင့်တယ်ဆိုတာ ရှင်းပြပေးစေချင်ပါတယ်။**

ဖြေ။ ဘာသာတရားတိုင်းက လူတွေကို ရိုင်းအောင်သင်ပေးတယ်ဆိုတာ လုံးဝမရှိပါဘူး။ ဘာသာတရားနဲ့ လူငယ်တွေရဲ့ အခန်းကဏ္ဍကို ပြောရရင် လူငယ်တွေဟာ ဘာသာတရားတိုင်းကို လွတ်လပ်စွာ ချဉ်းကပ်လေ့လာခွင့် ရှိသင့်ပါတယ်။

ဝေဖန်ပိုင်းခြားတယ်ဆိုတဲ့ သဘောကတော့ ဝိဘဇ္ဇလုပ်နိုင်းခြင်းပဲ ဖြစ်ပါတယ်။ ဒါဟာ ဗုဒ္ဓရဲ့ လမ်းစဉ်ပါ။ မိရိုးဖလာအရ အစဉ်အဆက် ကိုးကွယ်ခဲ့တယ်ဆိုရင်လည်း မျက်စိစုံမှိတ် လက်ခံမယ့်အစား ဘာကြောင့် ဘာအတွက် ကိုးကွယ်ရတယ်။ မိမိ ကိုးကွယ်တဲ့ ဘာသာတရားတွေရဲ့ အကြောင်းကိုသိဖို့ ကြိုးစားရပါမယ်။ အဲ့ဒီအခါမှာ ဘာသာရေးခေါင်းဆောင်တွေ အနေနဲ့ကလည်း လွတ်လပ်ပြီး ပွင့်လင်းမြင်သာမှုရှိတဲ့ စောဒကတက်ခွင့်၊ မေးမြန်းခွင့်၊ စူးစမ်းလေ့လာလိုစိတ်တွေကို အသိအမှတ်ပြုပေးရမှာဖြစ်ပြီး မိမိတို့ကိုယ်တိုင်ကလည်း 'ငါပြောတာပဲ နားထောင်ရမယ်၊ ဒါအမှန်ပဲ။' ဆိုတဲ့ လမ်းစဉ်တွေကို ရှောင်ကြရပါမယ်။ အခု ဦးဇင်းပြောတာ ဗုဒ္ဓရဲ့အလိုအတိုင်းပါ။ ဒီနေရာမှာ တစ်ခုပြောချင်ပါတယ်။ အတွေးအခေါ်ကို လွတ်လပ်ခွင့်မပေးရင် ဒါဟာ ဉာဏ်ပညာကို အမှောင်ချလိုက်တာပဲ ဖြစ်ပါတယ်။ 'လွတ်လွတ်လပ်လပ် တွေးသူဖြစ်ပါက သူသည် ကောန်ပင် ဗုဒ္ဓဘာသာဝင် ဖြစ်ရပါမည်။' အကြောင်းမှာ မြတ်စွာဗုဒ္ဓသည် အတွေးအခေါ် လွတ်လပ်ခွင့်ကို အားပေးသောကြောင့် ဖြစ်ပါတယ်။ ဘာပဲဖြစ်ဖြစ် မိမိရဲ့လွတ်လပ်စွာ တွေးတောခွင့်ကိုတော့ မ,စတေးဘဲ ဗုဒ္ဓဘာသာဝင် တစ်ဦးသည် မိမိကိုယ်တိုင် ဘုရားရှင်ဖြစ်သည်အထိ မိမိ၏ဆန္ဒကို လေ့ကျင့်နိုင်ပါတယ်။ လွတ်မြောက်ခြင်းလမ်းကို တွေ့ဖို့အတွက် တစ်စုံတစ်ယောက်သည် အစွန်းရောက်မှုများနှင့် မျက်ကန်းယုံကြည်မှုများက လွှမ်းမိုးခြင်းမခံရသော မိမိ၏ ကိုယ်ပိုင်နားလည်မှု အပေါ်မှာသာ အားထားရမှာ ဖြစ်ပါတယ်။ အဲဒီတော့ လူငယ်တွေအနေနဲ့ ဘာသာတရားအပေါ် ဘယ်လိုဆည်းကပ်ကိုးကွယ် လေ့လာရမလဲ ဆိုတာကို သဘောပေါက်လိမ့်မယ်လို့ ထင်ပါတယ်။

မေး။ **တင်ပါ့ဘုရား။ အချိန်အားဖြင့်လည်း လင့်လာတဲ့အတွက် အရှင်ဘုရားရဲ့ တန်ဖိုးရှိတဲ့ စာချချိန်တွေကို ဖဲ့ယူမိသလို ဖြစ်မှာစိုးတဲ့အတွက် ဒီတစ်ပတ်တော့ တပည့်တော် မေးလျှောက်သမျှကို ဒီမှာတင် အဆုံးသတ်ပြီး နောက်တစ်ပတ် ဆက်ခွင့်ပြုဖို့အတွက်လည်း ကြိုတင်လျှောက်ထားအပ်ပါတယ်ဘုရား။**

ဖြေ။ ကောင်းပါပြီ။ အခု ကိုအနော်မာနဲ့အမေးအဖြေပြုလုပ်တာလည်း ပရိယတ်သာသနာလို့ ပြောလို့ရပါတယ်။ ဒါက တစ်မျိုးပေါ့။ အခု ဘုန်းကြီးတို့ နိစ္စဓုဝအလုပ်တစ်ခုဖြစ်တဲ့ စာချခြင်းအလုပ်ဟာလည်း သာသနာရဲ့ အသက်ဆက်ဖို့အတွက် ပစ္စုပ္ပန် လူငယ်လူရွယ်တွေ၊ ကိုရင်တွေ၊ ဦးဇင်းတွေကို သာသနာရဲ့ မနက်ဖြန်ပေါင်းများစွာအတွက် အရှည်တည်တံ့ဖို့ ဗုဒ္ဓနည်းကျ သာသနာကာကွယ်စောင့်ရှောက်နည်းဆိုရင်လည်း ပိုမှန်ပါလိမ့်မည်။

စာရေးသူက 'တင်ပါ့'ဘုရားဟုဆိုကာ လူငယ်တိုင်းအတွက် အဖိုးမဖြတ်နိုင်သော ဩဝါဒများစွာကို ဖြကြားပေးတဲ့ ရဟန်းစာဆို မောင်မင်းစိုး (အရှင်ရာဇိန္ဒထေရ်ရှင်)အား ဝတ်ဖြည့်နှုတ်ဆက်ရင်း ဒီတစ်ပတ်အတွက် ဒီမှာတင် အဆုံးသတ်လိုက်ပါတယ်။

● ● ●

## ပဋိပက္ခများကို အဆုံးသတ်နိုင်မည့် လူငယ်များနှင့် အနာဂတ် မနက်ဖြန် ရက်စွဲများ

**မေး။ တပည့်တော် ဆက်ပြီး လျှောက်ထားချင်တာကတော့ လူငယ်တွေအနေနဲ့ မိရိုးဖလာအယူအဆများကို လုံးဝလက်ခံသင့်တယ်လို့ ထင်မြင်ယူဆပါသလားဘုရား။ အဲဒီလိုမဟုတ်ဘဲ မိရိုးဖလာကို လွှန်ဆန်၍ ကိုယ်ပိုင်တွေးခေါ်လွတ်လပ်ခွင့်အတိုင်း အရာရာကို ချဉ်းကပ်လေ့လာပြီးမှလက်ခံခြင်းဟာ လူငယ်တွေအတွက် ဘေးဖြစ်စေနိုင်ပါသလား ဘုရား။**

ဖြေ။ မိရိုးဖလာ အယူအဆတွေဆိုတာကတော့ အမျိုးမျိုးရှိကြပါတယ်။ အချို့ယဉ်ကျေးမှုအစဉ်အလာတွေကိုတော့ မလွှန်ဆန်သင့်ဘူးလို့ ထင်ပါတယ်။ ဒါပေမဲ့ အကြောင်းအကျိုးကိုတော့ ပစ်ပယ်ပြီး လက်ခံခိုင်းတာ မဟုတ်ပါဘူး။ တချို့မိရိုးဖလာ အယူအဆတွေက သဘာဝနိယာမတရားကို မျက်ကွယ်ပြုပြီး လျှောက်လုပ်နေသလို ဖြစ်နေပါတယ်။ အဲဒါတွေက အန္တရာယ်ဖြစ်စေနိုင်ပါတယ်။ သက်ဆိုင်ရာ ဘာသာတရားတွေက အသိမှား မပေးရင်တောင်မှ တချို့မိရိုးဖလာ အယူအဆတွေကြောင့် အသိပညာ မှားသွားတာမျိုးတွေ ရှိပါတယ်။ ဒါကြောင့် မိမိရဲ့ ကိုယ်ပိုင်ဉာဏ်နဲ့

ဝေဖန်ပိုင်းခြားသုံးသပ်ပြီး တချို့မိရိုးဖလာအယူအဆတွေမှ ရုန်းထွက်ကြဖို့ လိုအပ်ပါတယ်။ တချို့မိရိုးဖလာယဉ်ကျေးမှု အစဉ်အလာကတော့ လက်ခံနိုင်စရာတွေရှိပါတယ်။ အရာရာကို ချဉ်းကပ်လေ့လာပြီးမှ လက်ခံကျင့်သုံးခြင်းဟာ အကောင်းဆုံးဖြစ်ပါတယ်။ ဘေးဖြစ်စေဖို့ အလွန်နည်းပါတယ်။

မေး။ **တင်ပါ့ဘုရား။ မိရိုးဖလာ အယူအဆတွေဆိုလို့ တပည့်တော် ခေါင်းထဲပေါ်လာတာတစ်ခု ရှိပါတယ်ဘုရား။ အဲဒါကတော့ အချို့အချို့သော အရပ်ဒေသမှာရှိတဲ့ ဘုရားတွေမှာ အမျိုးသမီးတွေနဲ့ ပတ်သက်ပြီး ကန့်သတ်ထားတာတွေရှိပါတယ်ဘုရား။ တိုးတက်သစ်လွင်တဲ့ အတွေးအခေါ်ရှိသော ခေတ်လူငယ်အချို့က ဒီကိစ္စကို လက်မခံတဲ့သဘောမှာ ရှိပါတယ်ဘုရား။ တပည့်တော်ကိုယ်တိုင်လည်း နားမလည်နိုင်အောင် ဖြစ်ရပါတယ်။ အဲဒါနဲ့ပတ်သက်ပြီး ရှင်းပြပေးစေချင်ပါတယ်။**

ဖြေ။ ဦးဇင်းတို့နိုင်ငံမှာ အချို့အယူအဆတွေဟာ ဗြာဟ္မဏအယူဝါဒနဲ့ ရောယှက်နေတဲ့ အပိုင်းတွေ ရှိပါတယ်။ မြတ်ဗုဒ္ဓကတော့ အမျိုးသမီးတွေကို ယုတ်ညံ့တယ်လို့ ပြောဆိုဟောပြောခဲ့တာ လုံးဝမရှိပါဘူး။ ဒါတွေက ဗုဒ္ဓပရိနိဗ္ဗာန် ပြုတော်မူပြီးနောက်ပိုင်းမှ ဖြစ်လာတာ ဖြစ်ပါတယ်။ ဒီနေရာမှာ ဥပမာလေးတစ်ခု ပေးချင်ပါတယ်။ မြတ်ဗုဒ္ဓကို အလွန်ကြည်ညိုတဲ့ နိုင်ငံခြားသူတစ်ဦး ရှိပါတယ်။ သူဟာ မြတ်ဗုဒ္ဓရဲ့ ဓမ္မဒေသနာတော်တွေကိုလည်း လေ့လာလိုက်စားပါတယ်။ အဲဒီလိုနဲ့ တစ်နေ့ သူ့နိုင်ငံကို ပြန်တော့မယ့်အချိန်မှာ ကြည်ညိုဖွယ်ရာ အဆင်းရှိတဲ့ ဘုရားတစ်ဆူကို ဝယ်ယူပြီး သူနေတဲ့ နိုင်ငံကို ပင့်ဆောင်သွားဖို့ မကျိုးမပဲ့အောင် သပ်သပ်ရပ်ရပ် ထုပ်ပိုးဖို့ ကြိုးစားပါတယ်။ အဲဒီအချိန်မှာ ထုပ်ပိုးစရာပစ္စည်းများက သူမသုံးစွဲပြီးသား ပစ္စည်းတွေချည်းဖြစ်နေတဲ့အတွက် နောက်ဆုံးတော့ သူမ လုံးဝအသုံးမပြုရသေးသော အသုံးအဆောင်ပစ္စည်းတစ်ခုနဲ့ ထုပ်ပိုးလိုက်ပါတယ်။ သူမရဲ့ ထုပ်ပိုးမှုကို မြင်တွေ့လိုက်တဲ့ သူမရဲ့ သူငယ်ချင်း မြန်မာအမျိုးသမီး(စာရေးဆရာမတစ်ဦး)က ထိုအရာဝတ္ထုနဲ့ မထုပ်ပိုးသင့်ကြောင်း၊ အင်မတန်မှ ယုတ်ညံ့ကြောင်း၊ အခြားတစ်ခုခုနဲ့ ပြောင်းထုပ်ပိုးဖို့ ပြောပါတယ်။ အဲဒီအချိန်မှာ သူမက သူမအနေနဲ့ အခြားသော အသုံးအဆောင်ပစ္စည်းများဟာ သုံးစွဲပြီးသား ဖြစ်သောကြောင့် အသုံးမပြုရသေးတဲ့ ပစ္စည်းနဲ့ ထုပ်ပိုးခဲ့ခြင်း ဖြစ်တယ်ဆိုတာကို ပြန်လည်ရှင်းပြပါတယ်။

ဒီနေရာမှာ ဦးဇင်း ပြောချင်တာက ဒီဘက်က စာရေးဆရာမကြီးဆိုသူက

ကိုယ့်နိုင်ငံရဲ့ ယဉ်ကျေးမှုနဲ့ ချိန်ဆပြီး ပြောတာဖြစ်သလို တစ်ဘက်ကလည်း သူမရဲ့ စိတ်ထဲမှာ အမွန်မြတ်ဆုံးထားတဲ့ ဗုဒ္ဓရုပ်ပွားဆင်းတုတော်ကို သုံးစွဲပြီးသား ပစ္စည်းများနဲ့ မထုပ်ပိုးချင်တဲ့အတွက် အသုံးမပြုရသေးသော ပစ္စည်းနဲ့ ထုပ်ပိုး အသုံးပြုခဲ့ခြင်း ဖြစ်ပါတယ်။ ဒီနေရာမှာ သူတို့နှစ်ဦးမှာရှိတဲ့ မြတ်ဗုဒ္ဓအပေါ် ထားရှိသော ကိုယ်စီကြည်ညိုသဒ္ဓါတရား စိတ်အစဉ်တွေကို တွေ့ရမှာပါ။ မြင်အောင် ကြည့်တတ်ရင် နှစ်ဦးစလုံးမှာ အပြစ်မဖြစ်ပါဘူး။ ပြောချင်တာကတော့ အမျိုးသား၊ အမျိုးသမီး မခွဲခြားဘဲ ကုသိုလ်စိတ်၊ အကုသိုလ်စိတ်သာ ခွဲခြားပိုင်းဖြတ်တတ်ဖို့ လိုအပ်တယ်လို့ ပြောချင်ပါတယ်။ ထပ်ပြီး ဖြည့်စွက်ပြောရရင် အမျိုးသားတွေနဲ့ တန်းတူ အမျိုးသမီးတွေဟာလည်း နိဗ္ဗာန်မဂ်ဖိုလ်ကို ဝင်ခွင့်ရှိပါတယ်။ ဒါကြောင့် ဦးဇင်းတို့နိုင်ငံမှာ 'အမျိုးသမီး မဝင်ရ၊ ရွှေသင်္ကန်းမကပ်ရ' ဆိုတဲ့ ကိစ္စတွေကို ဦးဇင်းတို့အနေနဲ့လည်း သဘောမကျလှပါဘူး။

မေး။ **အကြောင်းအကျိုး ဆီလျော်စွာနဲ့ ရှင်းပြအမိန့်ရှိတဲ့အတွက် ကျေးဇူးပါဘုရား။ တပည့်တော်ထပ်ပြီး လျှောက်ထားချင်တာက လူငယ်တိုင်းရဲ့ မနက်ဖြန်များစွာကို ယုံယုံကြည်ကြည်နဲ့ လျှောက်လှမ်းနိုင်ဖို့ဆိုရင် အချို့သော ကိုယ့်ကိုယ်ကိုယ် ယုံကြည်မှုလျော့စေမယ့် အယူအဆတွေနဲ့ ပတ်သက်ပြီး ဘယ်လိုကျော်လွှား ရှောင်ရှားရမယ် ဆိုတာကိုလည်း အမိန့်ရှိပါဦးဘုရား။**

ဖြေ။ အဲဒါတွေနဲ့ ပတ်သက်လို့ ဗုဒ္ဓမိန့်ကြားခဲ့သော တရားဒေသနာတော်တွေ များစွာရှိတဲ့အထဲက ဦးဇင်းတို့အနေနဲ့ အချို့ကို ဒီနေရာမှာ ကောက်နုတ်ဖော်ပြချင်ပါတယ်။ လူငယ်တွေအနေနဲ့ မြတ်ဗုဒ္ဓရဲ့ 'ကာလာမသုတ်' သင်ကြားချက်တွေကို မဖြစ်မနေ သိထားဖို့ လိုပါတယ်။ ကံကို ဉာဏ်နဲ့ ပြင်ရပါတယ်။ အခြား မည်သည့် နည်းနဲ့မှ ပြင်ဖို့မလွယ်ကူပါဘူး။ ဦးဇင်းတို့ မြတ်ဗုဒ္ဓဟာ မည်သူ့ကိုမှ မိမိဘက်ပါအောင် ဝေဝါးသွားအောင် လုပ်ယူစည်းရုံးတာ မရှိပါဘူး။ ကိုယ်တိုင် စဉ်းစားခိုင်းတယ်။ ဝေဖန်ပိုင်းခြား ဆုံးဖြတ်ခိုင်းတယ်။ မိမိလုပ်တဲ့အလုပ် အကျိုးသက်ရောက်မှု ဘယ်လောက် ရှိသည်၊ မရှိသည်ကို ဆန်းစစ်ခိုင်းတယ်။ အထူးသဖြင့် ပြဿနာများကို ဆုံးဖြတ်ပေးနိုင်သည့် လက်ခံနိုင်မှု၊ မခံနိုင်မှုဖြင့် အမှားအမှန်တွေကို ဆုံးဖြတ်စေတယ်။ မိမိအတွက်လည်း စီးပွားမဖြစ်၊ မိမိနဲ့ ပတ်သက်သည့် ဝန်းကျင် အသိုင်းအဝန်း၊ ဆွေမျိုးနိုင်ငံ တိုင်းပြည်စသော ပြည်သူများအတွက်လည်း အကျိုးမရှိ၊ စီးပွားမဖြစ် မိမိသူတစ်ပါး နှစ်ဦးသားအနေဖြင့် စိတ်ဆင်းရဲရမည့် အမှုကိစ္စ အားလုံးကို သိအောင်လုပ်ဖို့သာ လမ်းညွှန်တိုက်တွန်းသူ ဖြစ်ပါတယ်။ အဲဒီတော့

ဒီအချက်တွေကို လူငယ်တွေအနေနဲ့ လိုက်နာကျင့်သုံးပြီး ကိုယ့်ကိုယ်ကိုယ် ယုံကြည်မှုလျော့စေမယ့် အယူအဆတွေကနေ ရုန်းထွက်ဖို့ ကြိုးစားရပါလိမ့်မယ်။ ဒါဆိုရင် လူငယ်တိုင်းရဲ့ မနက်ဖြန်ဟာ ယုံကြည်မှုအပြည့်နဲ့ အမြဲလန်းဆန်း တက်ကြွနေပါလိမ့်မယ်။

မေး။ **တပည့်တော် အခုမေးလျှောက်မယ့် မေးခွန်းက တပည့်တော်တို့ရဲ့ အရောင်အသွေးစုံလင်သော နိုင်ငံတစ်ခုကို တည်ဆောက်ကြတဲ့နေရာမှာ အရှေ့မှာလည်း အရှင်ဘုရား အမိန့်ရှိခဲ့ပြီးသား လူငယ်များရဲ့ အခန်းကဏ္ဍ ဘယ်လောက်အရေးကြီးတယ်ဆိုတာ သိရှိခဲ့ပြီး ဖြစ်ပါတယ်။ အဲဒီတော့ ဘာသာပေါင်းစုံ လူငယ်တွေကြားမှာ အချင်းချင်း ညီညွတ်မှု၊ နားလည်မှုတွေ ရှိလာအောင် ဘယ်လို လုပ်သင့်တယ်လို့ အရှင်ဘုရားအနေနဲ့ ထင်မြင်ယူဆပါသလဲ။**

ဖြေ။ ဘာသာမတူတဲ့ လူငယ်တွေကြားမှာ အပြန်အလှန် သင်ကြားမှုတွေ၊ ဆွေးနွေးခြင်းတွေ ပြုလုပ်ဖို့ လိုအပ်ပါတယ်။ ဒါဟာ အရေးကြီးဆုံးပါပဲ။ အမြင်မရှင်းတာတွေကို ပွင့်လင်းထင်သာမှု ရှိလာအောင် လုပ်ခြင်းဖြင့် နားလည်မှု လွဲမှားခြင်းတွေကို ကျော်လွှားရပါမယ်။ တစ်ဦးနဲ့ တစ်ဦးကြားမှာရှိတဲ့ စိတ်ခံစားမှုတွေကို ဦးစားပေး ပထမနေရာမှာ မထားဘဲ မိမိနိုင်ငံရဲ့ အကျိုးအတွက် ဉာဏ်ယှဉ်သုံးပြီး မတူညီတာတွေ အားလုံးကို တူညီလာအောင် ပေါင်းစည်းကြရမှာ ဖြစ်ပါတယ်။ အခုပြောခဲ့တာအားလုံး အထမြောက်ဖို့ဆိုရင်တော့ မေတ္တာတရား လက်ကိုင်ထားဖို့ လိုအပ်ပါတယ်။ ဒီနည်းနှင့်သာလျှင် အမုန်းတရားတွေကို လျှော့ချနိုင်မှာ ဖြစ်ပြီး ပဋိပက္ခတွေကို အဆုံးသတ်စေမှာ ဖြစ်ပါတယ်။

မေး။ **တင်ပါ့ဘုရား။ မေးလျှောက်တဲ့ အချိန်ကလည်း အတော်လင့်လာပြီ ဖြစ်တဲ့အတွက် နောက်ဆုံးမေးခွန်း တစ်ခုအနေနဲ့ လူငယ်နဲ့ပရဟိတအပေါ်မှာ ထားရှိတဲ့ အရှင်ဘုရားအမြင်ကို သိချင်ပါတယ်ဘုရား။**

ဖြေ။ ပရဟိတရဲ့အဓိပ္ပာယ်ကတော့ သတ္တဝါတွေအတွက် အကျိုးပြုတဲ့ အလုပ်ဖြစ်ပါတယ်။ ပရဟိတဆိုတဲ့ စကားလုံးဟာ အလွန်ကျယ်ပြောလှပါတယ်။ လက်သီးလက်မောင်းတန်းပြီး အော်ဟစ်နေမှ နိုင်ငံရေးလို့ မထင်လိုက်ပါနဲ့။ တစ်မျိုးသားလုံးနဲ့ဆိုင်တဲ့ အရေးကိစ္စမှန်သမျှဟာ နိုင်ငံရေးပါပဲ။ ဒါကြောင့် လူသားအကျိုးပြုလုပ်ငန်းဖြစ်တဲ့ ပရဟိတအကျိုးကို စွမ်းစွမ်းတမံ ပြုလုပ်နေခြင်းဟာလည်း နိုင်ငံရေးလုပ်နေခြင်း ဖြစ်တယ်လို့ လူငယ်တွေကို မှတ်ယူစေချင်ပါတယ်။ ပရဟိတလုပ်တဲ့ လူငယ်တွေအနေနဲ့ စိတ်ဓာတ်ခိုင်မာဖို့ လိုအပ်ပါတယ်။ တည်ငြိမ်ဖို့ လိုအပ်ပါတယ်။


ပင်ပန်းခြင်းဒဏ်ကိုလည်း ကြံ့ကြံ့ခံနိုင်ရမယ်။ နှောင့်ယှက်မှု အဖုံဖုံကိုလည်း တွန်းလှန်ကျော်လွှားနိုင်ဖို့ လိုအပ်ပါတယ်။ အမှန်တရားအတွက် ရပ်တည်ရဲတဲ့ စိတ်ဓာတ်ကိုလည်း မွေးမြူနိုင်ရပါမယ်။ ဒါတွေဟာ ပရဟိတလုပ်မယ့် လူငယ်တွေမှာ မဖြစ်မနေရှိရမယ့် အရည်အသွေးတွေပါ။ ပရဟိတဆိုတာကလည်း မေတ္တာကို အခြေတည်ပြီး တည်ဆောက်ထားတာ ဖြစ်တဲ့အတွက် ခန္တီတရား လက်ကိုင်ကျင့်သုံးဖို့လည်း လိုအပ်ပါတယ်။ စစ်မှန်တဲ့ပရဟိတတိုင်းဟာ ငြိမ်းချမ်းရေးအတွက် လမ်းစဖြစ်ပါတယ်။ လူငယ်တွေအနေနဲ့ ပရဟိတအလုပ် လုပ်တဲ့အခါမှာ အကြောင်းအကျိုးကို စဉ်းစားချင့်ချိန်နိုင်သော ဉာဏ်ပညာရှိဖို့ အရေးကြီးပါတယ်။ မိမိရဲ့လိုအပ်ချက်တွေကို အရင်ပြည့်အောင်ဖြည့်ပြီး အခြေခိုင်မှ ပရဟိတလုပ်တာ ပို၍ ထိရောက်လိမ့်မယ်လို့ ထင်ပါတယ်။

ဦးဇင်းတို့နိုင်ငံမှာ လူငယ်လူရွယ်များရဲ့ အနာဂတ်ဟာ လမ်းပျောက်နေလျက်ရှိသလို လမ်းမှားကို လျှောက်နေတဲ့သူတွေလည်း ရှိပါတယ်။ ဆိုလိုချင်တာက ဥစ္စာစီးပွား မပြည့်စုံလို့ မိဘက ကျောင်းမထားနိုင်တဲ့ လူငယ်လူရွယ်တွေကို ပညာရေးနဲ့ ပတ်သက်ပြီး ကူညီပံ့ပိုးပေးရပါမယ်။ ပြီးတော့ မူးယစ်ဆေးဝါးရဲ့ သားကောင်ဖြစ်နေတဲ့ လူငယ်တွေကိုလည်း ဆွဲထုတ်ကယ်တင်ရမယ့် အရေးတွေကိုလည်း မေ့ထားခဲ့လို့ မရပါဘူး။ ပြောရရင်တော့ အခြားသောကိစ္စတွေ အများကြီးရှိပါတယ်။ ဒါဆိုရင် လူငယ်တွေအနေနဲ့ ပရဟိတမှာ နည်းမှန်လမ်းမှန် ပေါ်ပင်မဟုတ်ဘဲ လုပ်ဆောင်ခြင်းဖြင့် မိမိတို့ လူငယ်အချင်းချင်းရဲ့ မနက်ဖြန်တိုင်းကို တွဲလက်တူညီ အလှဆင်နိုင်ကြစေဖို့ပြောရင်း ဒီနေရာမှာ အဆုံးသတ်ပါရစေ။

မေး။ **တင်ပါ့ဘုရား။ မျိုးဆက်သစ်များစွာတို့ရဲ့ အနာဂတ်ကို စွမ်းသလောက် လမ်းညွှန်ပေးတဲ့အတွက် ကျေးဇူးအထူးတင်ပါတယ်ဘုရား။ ဒီအမေးအဖြေဆောင်းပါးကို ဖတ်ရသူတွေအနေနဲ့လည်း တစ်စုံတစ်ရာသော အသိပညာကို ရရှိလိမ့်မယ်လို့ ထင်ပါတယ်။ အဲဒီအတွက် ဝမ်းမြောက်ဝမ်းသာ သာဓုအနုမောဒနာခေါ်ဆိုအပ်ပါတယ်ဘုရား။**

**သာဓု…သာဓု… သာဓုပါဘုရား။**

● ● ●



## အရှင်ထေရိန္ဒ (သာသနဓဇဓမ္မာစရိယ (B.A),(Bdh)) နှင့် ဓမ္မအမေးအဖြေ

" ဆင်းရဲဒုက္ခကနေ လွတ်မြောက်ဖို့ လမ်းညွှန်ပေးသူ
ဗုဒ္ဓရဲ့ဓမ္မတွေကို မြတ်သံဃာတွေက လက်တွေ့ဘဝနဲ့
ပေါင်းစပ် အသုံးပြုလို့ရအောင်
လမ်းညွှန်ပြသပေးဖို့က အရေးကြီးပါတယ်။ "

# ရှေးထုံးလည်းမပယ်နှင့် ဈေးသုံးလည်းမလွယ်နှင့်

စာရေးသူတို့၏ မြန်မာစကားပုံများစွာထဲတွင် အများလည်းသိပြီး ယနေ့ထက်ထိ တွင်ကျယ်နေသော စကားပုံတစ်ခုဖြစ်သည့် 'ရှေးထုံးလည်းမပယ်နှင့်၊ ဈေးသုံးလည်းမလွယ်နှင့်' ဆိုသော စကားပုံက စာရေးသူ၏ အတွေးထဲ ရုတ်တရက်ဝင်၍ နေရာယူလာခဲ့သည်။ ရှေးထုံးဟုဆိုရာတွင် ခေတ်နှင့်မလျော်ညီသော ရှေးအယူအဆများကို ယနေ့အချိန်အခါတွင် ကိုက်ညီ၏၊ မကိုက်ညီ၏ ဆန်းစစ်၍ အချို့သော ရှေးရိုးစွဲအစဉ်အလာများကို ကျော်လွှားရမည်ဟု စာရေးသူအနေဖြင့် ယုံကြည်မိပါသည်။ သို့သော် ဈေးသုံးမကြွယ်နှင့်ဆိုသော စကားလုံးကိုမူ စာရေးသူအနေဖြင့် ယနေ့အချိန်ထိ လက်ခံထားဆဲ ဖြစ်ပါတယ်။ အတိုင်းအဆကို သိရပါမည်။ မိမိ၏ ဝင်ငွေအပေါ် မူတည်၍ အသုံးနှင့် အဖြုန်းကိုလည်း ခွဲသိဖို့ လိုပါသည်။ အသုံးနှင့် အဖြုန်းကိုတော့ အတိုင်းအဆမရှိဘဲ ဈေးသုံးကြွယ်ခြင်းဖြင့် ဘဝတိုးတက်မှုများ နှောင့်နှေးပြီး လက်တွေ့ဘဝနှင့် အလှမ်းကွာသော အယူအဆများပေါ်တွင် နစ်မွန်းနေကြပါသည်။ စာရေးသူသည် စဉ်းစား၍ တွေးမိသော

ဤအကြောင်းအရာအောက်တွင် 'ရှေးထုံးတော့မပယ်ဘူး၊ ဈေးသုံးတော့လွယ်ကြတယ်' ဆိုသော ခေါင်းစဉ်အောက်မှနေ၍ လူမှုပရဟိတလုပ်ငန်းများကို လုပ်ဆောင်လျက်ရှိသော အရှင်ထေရိန္ဒ (သာသနမဓဇဓမ္မာစရိယ(B.A)(Bdh) )ထံသို့ ရောက်ရှိပြီး မေးခွန်းအချို့ကို မေးလျှောက်ခဲ့ပါသည်။

မေး။ **အရှင်ဘုရားက လူမှုပရဟိတလုပ်ငန်းတွေကို တွင်တွင်ကျယ်ကျယ် လုပ်ဆောင်နေတာကို သိရှိရပါတယ်။ အရှင်ဘုရားရဲ့ အလုပ်တွေ အောင်မြင်သလောက် အရှင်ဘုရားကိုတော့ လူသိနည်းကြလိမ့်မယ်လို့ ထင်ပါတယ်။ အဲဒါ ဘာကြောင့်ပါလဲဘုရား။**

ဖြေ။ အဖြေကတော့ ရှင်းပါတယ်။ 'လူနဲ့အလုပ်၊ အလုပ်နဲ့လူ' ဘယ်အရာက ပိုအရေးကြီးသလဲဆိုတာကို အရင်နားလည်သဘောပေါက်အောင် လုပ်ရပါမယ်။ အဲဒါကို နားလည်သွားပြီဆိုရင် အလုပ်တွေ ပိုပြီးတော့ တွင်ကျယ်လာလိမ့်မယ်။ ဗုဒ္ဓ၊ ဓမ္မ၊ သံဃာဆိုတာ အများချမ်းသာ အကျိုးဖြစ်ထွန်းဖို့ လောကမှာ ပွင့်ထွန်းပေါ်ပေါက်လာတာ ဖြစ်ပါတယ်။ ဒီလိုပဲ ဘုန်းကြီးတို့အနေနဲ့လည်း အများအကျိုးစီးပွားချမ်းသာစေခြင်းအလို့ငှာ ပထမဖြစ်ပြီး ကိုယ်က ဒုတိယနေရာမှာ အမြဲနေပါတယ်။ နာမည်ကြီးဖို့လုပ်တဲ့ အလုပ်မှန်သမျှဟာ ခေတ္တမျှသာဖြစ်ပြီး နာမည်ထက် အလုပ်ကိုသာ အဓိကထားလုပ်တဲ့ သူကတော့ သူ့ရဲ့ လုပ်ဆောင်မှုတွေကြောင့် သူ့နာမည်ဟာလည်း သမိုင်းမှာ တွင်ကျန်ရစ်ခဲ့မှာ ဖြစ်ပါတယ်။ ဘုန်းကြီးတို့အနေနဲ့ ဒီလောက်ပဲ ပြောပါရစေ။

မေး။ **တင်ပါ့ဘုရား။ အရှင်ဘုရား အမိန့်ရှိသွားတဲ့အထဲမှာ တပည့်တော် သတိထားမိတာလေး တစ်ခုရှိပါတယ်ဘုရား။ အဲဒါကတော့ ဗုဒ္ဓ၊ ဓမ္မ၊ သံဃာ ဆိုသော သရဏဂုံ ၃ ပါးနဲ့ ပစ္စုပ္ပန်ဆက်စပ်မှုကို သိချင်ပါတယ်ဘုရား။**

ဖြေ။ အင်မတန်ကောင်းတဲ့ မေးခွန်းပဲဒကာ။ ဗုဒ္ဓ၊ ဓမ္မ၊ သံဃာနဲ့ ပစ္စုပ္ပန် ဆက်စပ်မှု ရှိသလားလို့ မမေးနဲ့။ ရှိသမှ သိပ်ရှိပေ့။ ဆင်းရဲဒုက္ခကနေ လွတ်မြောက်ဖို့ လမ်းညွှန်ပေးသူ ဗုဒ္ဓရဲ့ ဓမ္မတွေကို မြတ်သံဃာတွေက လက်တွေ့ဘဝနဲ့ ပေါင်းစပ်အသုံးပြုလို့ရအောင် လမ်းညွှန်ပြသပေးဖို့က အရေးကြီးပါတယ်။ လူတွေဆိုတာ သုခဒုက္ခ ယှဉ်တွဲနေတဲ့ သူတွေပါ။ လူ့အဖွဲ့အစည်းဆိုတာ တကယ်တော့ ဘယ်တော့မှ မတည်ငြိမ်ပါဘူး။ လောဘ၊ ဒေါသ၊ မောဟတွေကြောင့် အမြဲတမ်း လှုပ်လှုပ်လှုပ်လှုပ်နဲ့ပါပဲ။ အဲဒီ လှိုင်းဒဏ်တွေကို ခံနိုင်ရည်ရှိဖို့ဆိုရင် လောကဓမ္မ သဘာဝတရားကို နားလည်အောင် သိရှိသဘောပေါက်အောင် လုပ်ဖို့လိုပါတယ်။

ဒကာနားလည်အောင် ပစ္စုပ္ပန်နဲ့ ပေါင်းစပ်ပြီး ပြောရမယ်ဆိုရင် ဗုဒ္ဓတ္ထစရိယဆိုတာ တကယ်တော့ ပညာသင်ကြားခြင်း အလုပ်တစ်ခုပါပဲ။ ဘာတွေကို သင်ကြားတာလဲလို့ မေးရင် ဒါနမှ အစပြုလို့ သီလ၊ နေက္ခမ္မ၊ ပညာ၊ ဝီရိယ၊ ခန္တီ၊ သစ္စာ၊ အဓိဋ္ဌာန်၊ မေတ္တာ၊ ဥပေက္ခာ အစရှိတာတွေကို သင်ကြားနေရပါတယ်။ ဒါကိုပဲ ဗုဒ္ဓတ္ထစရိယ ဖြည့်ကျင့်တယ်လို့ ပြောရမှာ ဖြစ်ပါတယ်။ လူတွေအနေနဲ့လည်း စွမ်းသလောက် ဒါနမှ အစပြုလို့ ဥပေက္ခာအထိ ကျင့်သုံးဖြည့်ကျင့်ကြမယ်ဆိုရင် ဗုဒ္ဓတ္ထစရိယလမ်းကို လျှောက်လှမ်းနေတယ်လို့ ပြောလို့ရပါတယ်။ နောက်တစ်ချက်ကတော့ ဉာတတ္ထစရိယ မိမိမိသားစု၊ ဆွေမျိုး၊ ရပ်ကွက်၊ မြို့၊ နိုင်ငံ၊ ကမ္ဘာ အစရှိလို့ပေါ့။ လူကို လူလိုမြင်ပြီး ကူညီစောင့်ရှောက် နားလည်တတ်သော စိတ်တွေ ရှိမယ်ဆိုရင် ဒါဟာ ဉာတတ္ထစရိယကို ဖြည့်ကျင့်နေတယ်လို့ ပြောလို့ ရပါတယ်။ အဲဒီအပေါ်မှာ အခြေခံပြီး လောကတ္ထစရိယဆက်ပြီး ဖြည့်ကျင့်ရပါတယ်။ သြကာသလောက၊ သတ္တလောက၊ သင်္ခါရလောက ဒီသဘောတွေကို နားလည်သဘောပေါက်ရင် ဒါကို လောကတ္ထစရိယလို့ ဆိုရမှာ ဖြစ်ပါတယ်။ ဒီတော့ စရိယ ၃ ပါး မြတ်အကျင့်ကို ကျင့်သုံးခဲ့သော ဗုဒ္ဓရဲ့ ဓမ္မတရားတွေဟာ ပစ္စုပ္ပန်အကျိုးစီးပွားကို အများကြီး အခြေခံတယ်ဆိုတာ မဂ္ဂင်ရှစ်ပါးတရားကို လေ့လာရင် သိရှိနားလည်နိုင်မှာဖြစ်ပြီး ပစ္စုပ္ပန်ချမ်းသာကိုလည်း သိရှိခံစားရမှာ ဖြစ်ပါတယ်။ ဒါကြောင့် ရတနာသုံးပါးဟာ ပစ္စုပ္ပန်အကျိုးစီးပွားနဲ့ အများကြီးဆက်စပ်နေပါတယ်။

မေး။ **သဘောပေါက်ပါပြီဘုရား။ ဆက်ပြီးလေ့လာရမှာက တပည့်တော်ရဲ့ တာဝန် ဖြစ်သွားပါပြီ။ တပည့်တော်ဆက်ပြီး မေးလျှောက်ချင်တာက 'ရှေးထုံးလည်း မပယ်နှင့်၊ ဈေးသုံးလည်းမကြွယ်နှင့်' ဆိုသော စကားပုံနဲ့ပတ်သက်ပြီး အရှင်ဘုရားရဲ့အမြင်ကို သိချင်ပါတယ်ဘုရား။**

ဖြေ။ ဒီစကားပုံနဲ့ ပတ်သက်လို့ ပြောရမယ်ဆိုရင်တော့ အချို့သော ရှေးထုံးများဟာ အမှန်သစ္စာတရားကို ကျောခိုင်းနေတာတွေ အများကြီးရှိပါတယ်။ လူတွေကို အစဉ်အလာအရ မျက်ကန်းယုံကြည်ခိုင်းတဲ့ သဘောဆောင်နေတာတွေလည်း ရှိပါတယ်။ အားလုံးကိုတော့ မဆိုလိုပါဘူး။ ပြောချင်တာကတော့ ဘုန်းကြီးတို့မြတ်ဗုဒ္ဓဟာ ရှေးထုံးတွေကို ဆန့်ကျင်ပြီး လျှောက်လှမ်းပွင့်ထွန်းခဲ့သောသူ ဖြစ်ပါတယ်။ ဥပမာပဲ ဆိုကြပါစို့။ ယနေ့ ဗုဒ္ဓဘာသာဝင် အများစုဟာ ပစ္စုပ္ပန်အကျိုးစီးပွားထက် အချို့ရှေးထုံးတွေကို မပယ်ဘဲ အနာဂတ်ချမ်းသာရေး၊ ကြီးပွားရေးကို ပညာမဲ့စွာ ပြုလုပ်နေကြတဲ့အခါ မကုန်သင့်ဘဲ အဘက်ဘက်က အချိန်ကုန်၊

ငွေကုန်လူပန်း အကျိုးကျေးဇူး သက်ရောက်မှုအားနည်းခြင်းတို့အပေါ် ဘုန်းကြီးတို့အနေနဲ့ကတော့ 'ရှေးထုံးတော့မပယ်ဘူး၊ ဈေးသုံးတော့လွယ်တယ်' လို့ပဲ ဆိုချင်ပါတယ်။ ပြီးတော့ ဒိဋ္ဌတန်းလန်းကြီးနဲ့ ရှေးထုံးရှေးမူတွေကို အခြေခံပြီး နောင်ဘဝကောင်းစားရေးကို အဓိကထားလို့ လာဘ်ပေးလာဘ်ယူ လုပ်နေကြတာဟာလည်း ဗုဒ္ဓရဲ့ တရားတော်တွေနဲ့ လွဲချော်မှုကြီး တစ်ခုပါပဲ။

မေး။ **တင်ပါ့ဘုရား။ ဒါဆိုရင် ဉာဏ်ပညာဖွံ့ဖြိုးပြီး စိတ်ဓာတ် အဆင့်အတန်းတွေ မြင့်မှသာလျှင် ဘက်စုံတိုးတက်မယ်လို့ ထင်ပါသလားဘုရား။**

ဖြေ။ မှန်တာပေါ့။ ဒါပေမဲ့ အဲဒီလို ဖွံ့ဖြိုးတိုးတက်ဖို့ဆိုရင်တော့ ဘာဝနာ ၄ ပါးကို သိရှိနားလည်အောင် ကြိုးစားပြီး ပစ္စုပ္ပန်ဘဝထဲမှာ အသုံးတည့်အောင် အသုံးချတတ်ဖို့ လိုတတ်ပါတယ်။ အဲဒီ ဘာဝနာ ၄ ပါး ဆိုတာကတော့ သီလဘာဝနာ နိုင်ငံတော်က ပြဋ္ဌာန်းထားတဲ့ဥပဒေတွေတင် မဟုတ်ဘဲ ကိုယ့်ဘာသာအသီးသီးက ပြဋ္ဌာန်းထားတဲ့ လောကကျင့်ဝတ် သီလတရားတွေကို စောင့်ထိန်းလိုက်နာဖို့ လိုပါတယ်။ ဘာလုပ်လုပ် စည်းကမ်းရှိရပါမယ်။ လက်ရှိအခြေအနေနဲ့ ကိုက်ညီသော ဥပမာတစ်ခုကို ဆိုကြပါစို့။ ဒေါ်စုက သူ့ရဲ့အမတ်တွေ၊ ပါတီဝင်တွေကို အမှိုက်ကောက်ဖို့ စတင်လှုံ့ဆော်လိုက်ပါတယ်။ လူထုခေါင်းဆောင်တစ်ဦးရဲ့ စကားကြောင့် ပြည်သူတွေကလည်း အခုဆိုရင် နေရာအနှံ့မှာ စုပေါင်းအမှိုက်ကောက်ဖို့ လုပ်နေကြပါတယ်။ ဒါကတော့ ဘုန်းကြီးတို့အနေနဲ့ ပြောရရင် အခြေခံ သီလတရားတစ်ခုကို စတင်ကျင့်သုံးလိုက်တာ ဖြစ်တဲ့အတွက်ကြောင့် ဒေါ်စုဟာ တိုင်းပြည်မှာ သီလဘာဝနာ ဘယ်လောက်အရေးကြီးတယ်ဆိုတာကို မီးမောင်းထိုးပြလိုက်တာပါပဲ။ သီလဆိုတာ အကျင့်၊ အကျင့်ဆိုတာ သီလ ရှင်းရှင်းလေးပါ။ ယနေ့ စင်ကာပူလို နိုင်ငံမျိုး ဘာကြောင့် ထိပ်ကို ရောက်နေရသလဲဆိုရင် အကျင့်သီလ ဘာဝနာ အားကောင်းလို့ပဲ ပြောရမှာ ဖြစ်ပါတယ်။ ဘုန်းကြီးတို့ ဗုဒ္ဓဘာသာဝင်တွေကတော့ သီလဆိုရင် ငါးပါးသီလ၊ ရှစ်ပါးသီလ စသည်တို့ကိုသာ ပြေးမြင်တတ်ကြပါတယ်။ တကယ်တော့ ကိုယ်၊ နှုတ်၊ စိတ် သုံးပါးစလုံးကို စောင့်ထိန်းခြင်းဟာလည်း သီလပဲ ဖြစ်ပါတယ်။ ပရမ်းပတာ မတွေးဘူး၊ ပရမ်းပတာ မပြောဘူး၊ ပရမ်းပတာ မလုပ်ဘူးဆိုရင် တိုင်းပြည်ဟာ တကယ့်ကို ဟန်ချက်ညီညီ ဖွံ့ဖြိုးတိုးတက်လာမှာ ဖြစ်ပါတယ်။ ဒီတော့ ဘာဝနာ ၄ ပါးကို အစဉ်အတိုင်း ပြောရမယ်ဆိုရင် ကာယဘာဝနာ၊ စိတ္တဘာဝနာ၊ သီလဘာဝနာ၊ ပညာဘာဝနာရယ်လို့ ရှိပါတယ်။

မေး။ **တင်ပါ့ဘုရား။ ဘာကြောင့် သီလကစပြီး အမိန့်ရှိတာပါလဲဘုရား။**

ဖြေ။ ဒါက ဒီလိုရှိပါတယ်။ သူက အခြေခံအုတ်မြစ် ဖြစ်လို့ပါ။ ကာယကလည်း သီလနဲ့ ဆက်စပ်နေသလို စိတ်ဓာတ်ဖွံ့ဖြိုးမှုဆိုတာကလည်း သီလကို အခြေခံထားလို့ ဖြစ်ပါတယ်။ အဲဒီအပေါ်မှာမှ အမှားအမှန် ခွဲခြားတတ်ဖို့ ပညာဉာဏ်နဲ့ ဝေဖန်ပိုင်းခြားသုံးသပ်ပြီး တည်ဆောက်ယူရမှာ ဖြစ်ပါတယ်။ ဒီတော့ ဘာဝနာ ၄ ပါးဟာ ပစ္စုပ္ပန်အကျိုးစီးပွားကနေ သံသရာအကျိုးစီးပွားအထိ ကုန်ကုန်ပြောရရင် နိဗ္ဗာန်အထိ အသုံးတည့်တဲ့တရား ဖြစ်ပါတယ်။

**မေး။ အရှင်ဘုရား အမိန့်ရှိမှပဲ တပည့်တော်ခေါင်းထဲရှုပ်နေတာတွေ ရှင်းထွက်သွားပါတယ်။**

ဖြေ။ ဘာကို ဆိုလိုတာလဲ ဒကာ။

**မေး။ ဒီလိုပါဘုရား။ ဗုဒ္ဓရဲ့ တရားတွေကို အများအားဖြင့် ပစ္စုပ္ပန်နဲ့ အလှမ်းဝေးပြီး အချို့ပြောနေ၊ ဟောနေကြတဲ့အပေါ် စိတ်ထဲ ဘဝင်မကျတာတွေ ရှိခဲ့ပါတယ်ဘုရား။ တကယ်တော့ တပည့်တော်အနေနဲ့ လက်တွေ့ဘဝနေနည်း၊ ထိုင်နည်းတွေကို အဓိကထားပြီး ပြောဆိုရှင်းပြမှသာလျှင် ခိုင်မာတဲ့ ဗုဒ္ဓသာသနာဝင်ကောင်းတွေ ဖြစ်လာလိမ့်မယ်လို့ သိရှိသွားလို့ပဲ ဖြစ်ပါတယ်။**

ဖြေ။ မှန်တာပေါ့။ ခိုင်မာတဲ့ ဗုဒ္ဓဘာသာဝင်တစ်ဦးဟာ အရှေ့မှာ အမိန့်ရှိခဲ့တဲ့ စရိယ ၃ ပါးကို သေချာနားလည် သဘောပေါက်တာ ဖြစ်တဲ့အတွက် သူနဲ့ သူ့ပတ်ဝန်းကျင်ကို ဘယ်တော့မှ အန္တရာယ်မဖြစ်စေဘူး။ ရှေးထုံးအစဉ်အလာတွေကိုလည်း အကြောင်းအကျိုးနဲ့ ပယ်သင့်တာကို ပယ်ပြီး အသုံးနဲ့ အဖြုန်းကိုလည်း ခွဲခြားသိမြင်လာမှာ ဖြစ်တဲ့အတွက် ဘယ်လိုအာရုံတွေပဲကြုံကြုံ အတိုင်းအတာတစ်ခုအထိတော့ ကျော်လွှားနိုင်ပါလိမ့်မယ်။ ကဲ··· ရှေ့တစ်ပတ်လည်း ဆုံကြဦးမှာဆိုတော့ ဒီတစ်ပတ် ဒီမှာတင် တစ်ခန်းရပ်ကြပါစို့။

**မေး။ သာဓု သာဓု သာဓုပါဘုရား။ ရှေ့တစ်ပတ်အတွက်တော့ အရှင်ဘုရားက အချို့လူမှုပရဟိတတွေကို အဖွဲ့အစည်းတွေနဲ့ ချိတ်ဆက်လုပ်နေတာဆိုတော့ အဖွဲ့အစည်းတွေအကြောင်း မေးပါဦးမယ်ဘုရား · · ·။**

● ● ●

# ဈေးထုံးလည်းမပယ်နှင့် ဈေးသုံးလည်းမလွယ်နှင့် (၂)

ဒီတစ်ပတ်တော့ ဆရာတော် အရှင်ထေရိန္ဒနှင့်ဆက်၍ ရှေ့တစ်ပတ်က အဆုံးသတ်ခဲ့သည့် နေရာမှစပြီး မေးခွန်းများကို မေးလျှောက်ခဲ့ပါသည်။

**မေး။ အရှင်ဘုရားအနေနဲ့ ပညာရေးနဲ့ပတ်သက်ပြီး လက်ရှိလုပ်ဆောင်နေတဲ့ လုပ်ဆောင်ချက်များကိုလည်း သိချင်ပါတယ်ဘုရား။ အဲဒီလို လုပ်တဲ့နေရာမှာ အချို့သော အကြောင်းအရာတွေနဲ့ ပတ်သက်ပြီး အဖွဲ့အစည်းတွေနဲ့လည်း ချိတ်ဆက်လုပ်ရလိမ့်မယ်လို့ ထင်ပါတယ်။ အဲဒီအပေါ်မှာ အဆင်ပြေမှု၊ အဆင်မပြေမှုများနဲ့ ပတ်သက်လို့ တွေ့ကြုံခဲ့ရတဲ့ အတွေ့အကြုံများကိုလည်း အမိန့်ရှိပါဘုရား။**

ဖြေ။ ဘုန်းကြီးတို့အနေနဲ့ အခြားတိုင်းပြည်တွေကို သွားရောက်လေ့လာတဲ့အခါမှာ ကိုယ့်တိုင်းပြည်ရဲ့ ပညာရေးနဲ့ပတ်သက်တဲ့ လိုအပ်ချက်တွေကို သိမြင်လာခဲ့ပါတယ်။ အထူးသဖြင့် ဟိုးယခင်ကတည်းက ပညာရေးနဲ့ ပတ်သက်ပြီး ပြုပြင်ပြောင်းလဲရမယ့်ကိစ္စများ ရှိနေတယ်ဆိုတာကို ပိုသိမြင်လာခဲ့ပါတယ်။ အဲဒီအချိန်ကစပြီး

(ဘက)ကျောင်းတွေမှာရှိတဲ့ ဆရာ၊ ဆရာမများကို သင်ကြားရေးပိုင်းဆိုင်ရာ နည်းစနစ်တွေနဲ့ပတ်သက်လို့ ပညာရှင်များနဲ့ ပူးပေါင်းကာ သင်တန်းတွေ ပေးဖြစ်ခဲ့ပါတယ်။ မြန်မာပြည် ပညာရေးစနစ်မှာက ဆရာကို တပည့်က ပြန်ပြီးစောဒကတက်ခွင့် မရှိသလောက်ကို ဖြစ်နေပါတယ်။ 'ဂါရဝေါစ နိဝါတောစ' ဆိုတဲ့ စကားလုံးကို ဘုန်းကြီးတို့ ဗုဒ္ဓသာသနာဝင်တွေ အလွဲကောက်မှားပြီး နားလည်မှုလွဲနေတာတွေကြောင့် ဆရာတပည့် ဆက်ဆံရေး၊ ဆရာဒကာ ဆက်ဆံရေး၊ အုပ်ချုပ်သူနှင့် ပြည်သူအကြားဆက်ဆံရေး အစရှိတဲ့ နေရာတွေမှာ အကြောက်တရားနဲ့ သိမ်ငယ်စိတ်တွေက နေရာယူလာပြီး အလွဲလွဲအချော်ချော်တွေ ဖြစ်ကုန်ပါတယ်။ တကယ်တော့ 'ဂါရဝေါ စ နိဝါတော စ'ဆိုတဲ့ စကားလုံးရဲ့ အတိမ်အနက်ကို ဘုန်းကြီးတို့အနေနဲ့ကတော့ ကြီးသူနဲ့ ငယ်သူအကြား အပြန်အလှန် ထိန်းကျောင်း နားလည်မှုတစ်ခု တည်ဆောက်တယ်လို့ပဲ နားလည်သဘောပေါက်ပါတယ်။ ခင်ဗျား မေးခွန်းကို ပြန်ကောက်ပြီးပြောရရင် လက်ရှိမှာလည်း ဘုန်းကြီးတို့အနေနဲ့'မန္တလေး ဖောင်တော်ဦး(ဘက)ကျောင်း'မှာ ဘုတ်အဖွဲ့ဝင် ဒါရိုက်တာတစ်ဦးအဖြစ် ပါဝင် ဆောင်ရွက်ပေးလျက်ရှိပြီး စာရေးဆရာ ကိုတာတို့အဖွဲ့ (S. E. M. S)နဲ့လည်း အခြား (ဘက)ကျောင်းပညာ ရေးဖွံ့ဖြိုးမှု အခန်းကဏ္ဍတွေမှာ ဦးဆောင်ပါဝင်လျက် ရှိပါ တယ်။ နောက်ပြီး အမျိုးသားပညာရေးလှုပ်ရှားမှုနဲ့ပတ်သက်ပြီး (NNER)နဲ့လည်း ပူးပေါင်းဆောင်ရွက်ပေးလျက်ရှိပါတယ်။

**မေး။ တင်ပါ့ဘုရား။ အခုလို အရှင်ဘုရားရဲ့ လုပ်ဆောင်ချက်တွေကို သိရ တော့ အင်မတန် ဝမ်းသာပီတိ ဖြစ်ရပါတယ်ဘုရား။ မေတ္တာ၊ ကရုဏာတရားတို့ကို နှုတ်နဲ့ပင် ပုံမဖော်ဘဲ လက်တွေ့ကျကျ ဆောင်ရွက်နေတာကို တွေ့ရတော့ သာဓု ခေါ်မိပါတယ်။ အဖွဲ့အစည်းတွေကြောင်းတွေကိုလည်း အမိန့်ရှိပါဦး ဘုရား။**

ဖြေ။ ဘုန်းကြီးတို့အနေနဲ့ ပညာရေးဖွံ့ဖြိုးမှု ကိစ္စတွေကို လုပ်တဲ့အခါမှာ အဖွဲ့အ စည်းတွေတွေရဲ့အထောက်အပံ့တွေကို ယူရတဲ့အခါတွေ ရှိပါတယ်။ တကယ်တော့ သူတို့အားလုံးဟာ ဖွံ့ဖြိုးရေးဆိုင်ရာ လုပ်ငန်းများ၊ သဘာဝဘေးအန္တရာယ်နဲ့ ကြုံတွေ့ လာတဲ့အခါတွေမှာ ကယ်ဆယ်ရေးဆိုင်ရာ လုပ်ငန်းများ၊ ကျန်းမာရေးဆိုင်ရာ လုပ်ငန်း များ၊ ပညာရေးဆိုင်ရာ လုပ်ငန်းများအစရှိသော ကိစ္စများအပေါ် ပြည်တွင်းပြည်ပ အလှူရှင်များက လှူလိုက်သော ငွေကြေးများအပေါ်မှာ စနစ်တကျ ပြန်လည်စိစစ်ပြီး

အချိုးကျ ခွဲဝေပေးခြင်းဖြင့် လည်ပတ်နေတဲ့ အဖွဲ့အစည်းများဖြစ်ပါတယ်။ သူတို့နဲ့ ချိတ်ဆက်လုပ်နေရတဲ့ လူမှု အဖွဲ့အစည်းတွေကတော့ (CSO) Civil Society Organization အရပ်ဘက် လူမှုအဖွဲ့အစည်း အသီးသီးတို့ပဲ ဖြစ်ပါတယ်။ အဖွဲ့အစည်းတစ်ချို့ဟာ နည်းစနစ် ပိုင်းဆိုင်ရာမှာ အင်မတန် လိမ္မာပါးနပ် သေသပ် ကျွမ်းကျင်လှပါတယ်။ သူတို့ရဲ့ ကျွမ်းကျင်မှု နည်းပညာတွေကို အရပ်ဘက် လူမှု အဖွဲ့အစည်းတွေကိုလည်း ပြန်လည် မျှဝေတဲ့ ခေါင်းဆောင်မှု အရည်အသွေးပိုင်းဆိုင်ရာ သင်တန်းတွေ၊ အစုလိုက် အဖွဲ့လိုက် အလုပ်လုပ်တတ်အောင် သင်ကြားပေးခြင်း၊ ပဋိပက္ခ ဖြေရှင်းနည်းစနစ်များ၊ ငြိမ်းချမ်းရေးဆိုင်ရာ Peace Building သင်တန်းများ၊ လူမှုရေးနဲ့ ပတ်သက်တဲ့ သင်တန်းပေါင်းများစွာတို့ကို မျှဝေသင်ကြားပေးကြပါတယ်။ ဒါတွေက အားသာချက်တွေပဲ။

မေး။ **ဒါဆို အားနည်းချက်က ဘာတွေ ဖြစ်နိုင်ပါသလဲဘုရား။**

ဖြေ။ အားနည်းချက်တွေကို ပြောရမယ်ဆိုရင်တော့ အပြုသဘောဆောင်ပြီး ပြောတယ်လို့ စကားပလ္လင် ခံချင်ပါတယ်။ ငွေကြေးစီးဆင်းမှုအပိုင်းတွေမှာ Donor မှတစ်ဆင့် ကြားခံအဖွဲ့အစည်းအဖြစ် ဆောင်ရွက်ပေးကြတဲ့ အဖွဲ့အစည်းတစ်ချို့တို့မှ လက်လွှဲယူပြီး သက်ဆိုင်ရာ စီမံကိန်းများ၊ သင်တန်းများကို အကောင်အထည် ဖော်ကြမယ့် သူတွေထံသို့ ရောက်ရှိပြီးမှသာလျှင် နောက်ဆုံး Community Level သို့ ရောက်ရှိကြပါတယ်။ ဥပမာဆိုကြပါစို့။ Donor (အလှူရှင်)က ၁၀၀၀ လှူတယ်ဆိုပါစို့။ အဲဒီ ၁၀၀၀ ထဲကမှ အဖွဲ့အစည်းတစ်ချို့တွေရဲ့ ဝန်ထမ်းလစာတွေ၊ ရုံးအသုံးစရိတ် အစရှိတာတွေရဲ့ ၅၀ ရာခိုင်နှုန်းသုံးတယ် ဆိုပါစို့။ ကျန်တဲ့ ၅၀ ရာခိုင်နှုန်းထဲကမှတစ်ဆင့် Project တွေကို အကောင်အထည်ဖော်မယ့်သူတွေ (CSO)ထံကို ၃၀ ရာခိုင်နှုန်းပဲ ရောက်တယ်ထား။ ကျန်တဲ့ ၂၀ ရာခိုင်နှုန်းက အောက်ခြေလူထုဆီ ရောက်ဖို့ကို အတော်လုပ်ယူရပါတယ်။ ဒီတော့ ထိရောက်မှုနဲ့ ပတ်သက်လို့ စဉ်းစားစရာတွေ ဖြစ်လာပါတယ်။ ဒါက တစ်ချက်ပေါ့။ နောက်တစ်ချက်ကတော့ 'အခွင့်အရေးနှင့် တာဝန်' အပိုင်းကို ပြောချင်ပါတယ်။ အထူးသဖြင့် ပြည်တွင်းအဖွဲ့အစည်းများ အနေနဲ့ တာဝန်ထက် အခွင့်အရေးက ပိုများနေသလားလို့ ဘုန်းကြီးတို့အနေနဲ့ မြင်မိပါတယ်။ တာဝန်ထက်ပိုသော အခွင့်အရေးကို များများ ယူလာတဲ့ လူတစ်ယောက်ဟာ သူ့ရဲ့ ကိုယ်ရည်ကိုယ်သွေးတွေ ကျမှန်းမသိ ကျလာ

ပါတယ်။ နောက်တစ်ချက်ကတော့ သူတို့မှာ ပညာရှင်မာန်တွေ ခံနေတာပါပဲ။ တချို့နိုင်ငံတွေမှာဆိုရင် (ရေပေါ်ဆီ)လူတန်းစားတွေလို့ ခေါ်ဝေါ်သမုတ်ကြပါတယ်။ အခု ဘုန်းကြီးတို့နိုင်ငံမှာလည်း အချို့ကို အဲဒီလို ခေါ်ရမလို ဖြစ်နေပါပြီ။ ကဲ··· ထားပါတော့။ အခြားအကြောင်းအရာတွေကို ဆက်ပြီး ပြောကြတာပေါ့။ ဒီကိစ္စတွေကိုတော့ ဒီလောက်ပဲ ပြောကြတာပေါ့။

**မေး။ တင်ပါ့ဘုရား။ တပည့်တော်အနေနဲ့ ရှေးထုံးတမ်း အစဉ်အလာများအပေါ် အခြေခံမှုတွေကြောင့် ဗုဒ္ဓရဲ့ ဓမ္မအနှစ်သာရတွေ ပျောက်ဆုံးနေသလို ခံစားမိပါတယ် ဘုရား။ ဆိုလိုချင်တာက ယနေ့ တပည့်တော်တို့နိုင်ငံမှာ အခြားနိုင်ငံတကာ အဖွဲ့အစည်းတွေကနေပြီးတော့ လူ့အဖွဲ့အစည်းအသီးသီးမှ လူတွေကို ခေါင်းဆောင်မှုဆိုင်ရာ အရည်အသွေးမြှင့် သင်တန်းတွေ၊ ငြိမ်းချမ်းရေးဆိုင်ရာသင်တန်းများ အစရှိတဲ့ သင်တန်းတွေပေးတဲ့အခါ တပည့်တော်ရဲ့ အတွေးထဲတော့ ဗုဒ္ဓရဲ့ ပစ္စုပ္ပန်ကျင့်သုံးနည်း သင်ကြားချက်တွေကို ပြေးမြင်မိပါတယ်။ သို့သော်လည်း ဗုဒ္ဓဘာသာဝင် အများစုဟာ ပစ္စုပ္ပန်ချမ်းသာထက် သံသရာအကျိုးစီးပွားကို စိတ်ဝင်စားမှု ပိုနေခြင်းဟာ လွဲချော်မှုတစ်ခုလို့ ပြောလို့ရပါသလားဘုရား။ Apply Buddhism ဖြစ်အောင် လမ်းညွှန်ပေးပါဘုရား။**

ဖြေ။ များသောအားဖြင့် သံသရာအကျိုးစီးပွားလို့ ပြောလိုက်ရင် သေခြင်း၏ အခြားတစ်ဘက်ကိစ္စတွေမှာ လမ်းဆုံးတတ်ကြပါတယ်။ တကယ်တော့ သံသရာအကျိုးစီးပွားဆိုတာ ယနေ့မဟုတ်သော မနက်ဖြန်တိုင်းရဲ့ အနာဂတ်အတွက် ပစ္စုပ္ပန်အချိန်တွေကို အကြောင်းသေသပ်အောင် ကောင်းသော ပုံဖော်လုပ်ဆောင်ခြင်းတွေပါပဲ။ ရှေ့တစ်ပတ်က ပြောခဲ့ပါတယ်။ မြတ်ဗုဒ္ဓရဲ့ တရားတွေဟာ လက်တွေ့နဲ့ ပေါင်းစပ်လို့ ရ,ရမယ်ဆိုတာကို အမိန့်ရှိခဲ့ဖူးပါတယ်။ နောက်တစ်ချက် ဒကာ့မေးခွန်းကို ပြန်ကောက်ပြီး ပြောရမယ်ဆိုရင် ခေါင်းဆောင်တစ်ယောက်ရဲ့ အရည်အသွေးတွေနဲ့ ပတ်သက်ပြီး ဗုဒ္ဓဟောကြားခဲ့တဲ့ တရားတော်တွေ များစွာရှိပါတယ်။ ငြိမ်းချမ်းရေးနဲ့ ပတ်သက်လို့ဆိုရင်တော့ 'ရောဟိဏီမြစ်'နဲ့ ပတ်သက်ပြီး ကပိလဝတ်နှင့် ကောလိယ နှစ်ပြည်ထောင် စစ်ခင်းလို့ သွေးမြေကျမယ့်အရေးကို ဗုဒ္ဓက ဝင်ဖျန်ဖြေပေးခဲ့ပြီး ငြိမ်းချမ်းရေးနဲ့ ပတ်သက်တဲ့ ဓမ္မတွေကို ဟောကြားခဲ့တာ လူတိုင်းသိပြီးသား ဖြစ်မယ်လို့ထင်ပါတယ်။ ပဋိပက္ခအရေးအခင်းများနဲ့ ပတ်သက်လို့ 'ကောသမ္ဗီပြည်အရေး' ဖြေရှင်းခဲ့ပုံတွေဟာ မြတ်ဗုဒ္ဓရဲ့ ကောင်းမွန်သော သင်ကြားချက်များစွာထဲက အနည်းငယ်မျှသော သင်ကြားချက်တွေ ဖြစ်ပါတယ်။ ဒီတော့ ပြောချင်တာက ကိုယ့်

ဆီမှာ ဗုဒ္ဓရဲ့ သင်ကြားချက်တွေက ရှိပြီးသား။ အကောင်းဆုံး ပြန်လည်တင်ပြပြီး သင်ကြားပေးနိုင်ဖို့ အရေးကြီးပါတယ်။ ဒါမှသာလျှင် အာဃာတ အငြိုးတရားတွေ ကင်းသော လူ့ဘောင်အဖွဲ့အစည်းကို အကောင်းဆုံးတည်ဆောက်နိုင်မှာ ဖြစ်ပါတယ်။ ပြီးတော့ အကြောင်းအကျိုးမဲ့စွာဖြင့် ရှေးထုံးတွေ မစဉ်းစားဘဲ လက်ဆင့်ကမ်း အမွေအဖြစ် လက်ခံကျင့်သုံးခြင်းကြောင့် ဗုဒ္ဓရဲ့ ဓမ္မအနှစ်သာရတွေ ပျောက်ဆုံးကုန်တာဖြစ်ပါတယ်။

မေး။ **တင်ပါ့ဘုရား။ အစွဲအလမ်းတွေကြောင့် ငြိမ်းချမ်းမှုကို ထိခိုက်ပျက်စီးစေနိုင်ပါသလား ဘုရား။**

ဖြေ။ ကောင်းမှကောင်း။ အစွဲအလမ်းဆိုတဲ့ ဥပါဒါန်ကြောင့် မိမိလည်း မငြိမ်းချမ်းသလို မိမိနဲ့ ဆက်စပ်နေတဲ့ ပတ်ဝန်းကျင်လည်း ဘယ်လိုလာပြီး ငြိမ်းချမ်းနိုင်ပါ့မလဲ။ ငြိမ်းချမ်းရေးအကြောင်းကို ဆွေးနွေးချင်တယ်ဆိုရင် အစွဲတွေကို ဖြုတ်မှ ဖြစ်မှာပါ။ ဗုဒ္ဓက ဒီလို အမိန့်ရှိခဲ့ပါတယ်။ မိမိရဲ့ အယူအဆ အတွေးအခေါ်တွေပေါ်မှာ အကျဉ်းကျနေခြင်း၊ ပြီးတော့ ငါပြောတာမှ မှန်တယ်။ ငါလုပ်တာမှ ဟုတ်တယ်။ အဲဒါကို ဗုဒ္ဓက အတ္တဝါဒုပါဒါန်၊ နောက်တစ်ချက်ကတော့ အာရုံခြောက်ပါးအပေါ် စွဲလမ်းစိတ်ကြောင့် မိမိရော၊ သူတစ်ပါးရော မိမိနဲ့ ဆက်စပ်နေတဲ့သူတွေပါ မငြိမ်းချမ်းနိုင်ပါဘူး။ အဲဒါကို ဗုဒ္ဓက ကာမုပါဒါန်လို့ ပြောပါတယ်။ ဒိဋ္ဌုပါဒါန်နဲ့ သီလဗ္ဗတုပါဒါန်တွေရဲ့ အကြောင်းကိုတော့ နောက်တစ်ပတ် ဆက်ကြတာပေါ့။ အစွဲအလမ်းတွေနဲ့ ပတ်သက်ပြီး မငြိမ်းချမ်းတဲ့ လူ့ဘောင်အဖွဲ့အစည်းကို ဘယ်လို ငြိမ်းချမ်းအောင် လုပ်မလဲဆိုတာကိုဆွေးနွေးရင်း ဒီတစ်ပတ်တော့ ဒီမှာတင် အဆုံးသတ်ပါရစေ။

မေး။ **တင်ပါ့ ဘုရား။ ရှေးထုံးတွေရဲ့ အစဉ်အလာတွေကို ဉာဏ်ပညာနဲ့ ကျော်လွှားနိုင်အောင် လမ်းညွှန်ပေးတဲ့အတွက် ကျေးဇူးတင်ပါတယ်ဘုရား။ နောက်တစ်ပတ် အရှင်ဘုရားရဲ့ လက်တွေ့အသုံးချ ဗုဒ္ဓဓမ္မများကိုလည်း နာကြားချင်ပါတယ်ဘုရား။**

• • •

# ရှေးထုံးလည်းမပယ်နှင့်
# ဈေးသုံးလည်းမလွယ်နှင့် (၃)

မေး။ အစွဲအလမ်းဆိုတဲ့ ဥပါဒါန်ကြောင့် မိမိလည်း မငြိမ်းချမ်းသလို မိမိနှင့် ဆက်စပ်နေတဲ့ ပတ်ဝန်းကျင်လည်း ဘယ်လိုလာပြီး ငြိမ်းချမ်းနိုင်ပါ့မလဲ။ ငြိမ်းချမ်းရေးအကြောင်း ကို ဆွေးနွေးချင်တယ်ဆိုရင် အစွဲတွေကို ဖြုတ်ရမှာပါ။ ဗုဒ္ဓက ဒီလိုအမိန့်ရှိခဲ့ပါတယ်။ 'မိမိရဲ့ အယူအဆ အတွေး အခေါ်အပေါ်မှာ အကျဉ်းကျနေခြင်း၊ ပြီးတော့ ငါပြော တာ မှန်တယ်၊ ငါလုပ်တာမှ ဟုတ်တယ်၊' အဲဒါကို ဗုဒ္ဓ က အတ္တဝါဒုပါဒါန်လို့ ဆိုပါတယ်။ နောက်တစ်ချက်က တော့ဆိုပြီး တပည့်တော်တို့ ရှေ့တစ်ပတ်က အဲဒီနေရာမှာ အဆုံးသတ်ခဲ့ကြပါတယ်ဘုရား။

ဖြေ။ ဟုတ်ပါတယ်။ ဘုန်းကြီးတို့ ဥပါဒါန်နဲ့ ပတ် သက်လို့ ရှေ့တစ်ပတ်က ပြောဆိုဆွေးနွေးခဲ့ကြပါတယ်။ တကယ်တော့ စွဲကိုင်ထားတဲ့ အယူအဆတွေကို လွှတ်ချ ညှိယူနိုင်မှသာလျှင် ငြိမ်းချမ်းတဲ့ လူ့ဘောင်အဖွဲ့အစည်းကို တည်ဆောက်နိုင်ကြမှာ ဖြစ်ပါတယ်။ ကိုယ်ဖြစ်ချင်တာ တွေထက် သူများ ဘာဖြစ်ချင်တယ်ဆိုတာကို ဦးစားပေး စဉ်းစားနိုင်မှသာ သူရောကိုယ်ရော ငြိမ်းအေးခြင်းကို ရရှိမှာ ဖြစ်ပါတယ်။ ကဲ…ဒီတော့ ရှေ့တစ်ပတ်က အတ္တ

ဝါဒုပါဒါန်ရယ်၊ ကာမုပါဒါန်တွေနဲ့ ပတ်သက်ပြီး အကျဉ်းမျှကို ရှင်းပြခဲ့ပြီး ဖြစ်ပါတယ်။ ဒီတစ်ပတ်တော့ သီလဗ္ဗတုပါဒါန် အကြောင်းကို ဆက်ပြီး ရှင်းကြတာပေါ့။ လူတိုင်းမှာ အလေ့အကျင့်၊ အလေ့အထဆိုတာ ရှိကြပါတယ်။ ကိုယ့်ရဲ့ ကျင့်ကြံတဲ့ အကျင့်သီလတွေအပေါ်မှာ ပညာဉာဏ်နဲ့ ဆင်ခြင်သုံးသပ်မှုမရှိဘဲ 'ငါ့လောက် ဘယ်သူမှ မကျင့်နိုင်ဘူး၊ ငါကျင့်တဲ့ အကျင့်ကသာလျှင် အမြတ်ဆုံး၊ အသာဆုံးလို့ အကျင့်တွေအပေါ်မှာ လွန်လွန်ကဲကဲ မာန်တက်နေခြင်းဟာ မိမိကိုယ်ကိုလည်း မငြိမ်းချမ်းစေသလို မိမိပတ်ဝန်းကျင်ကိုလည်း ထိလွယ်ရှလွယ်စေပါတယ်။'

မေး။ **တင်ပါ့ဘုရား။ အခု အရှင်ဘုရားအမိန့်ရှိတဲ့ အရာတွေဟာ ဆင်ခြင်သတိထားရမဲ့ အကြောင်းအရာတွေ ဖြစ်တယ်ဆိုတာကို နားလည်သဘောပေါက်ပါတယ်ဘုရား။ ဆက်ပြီး အမိန့်ရှိပါဦးဘုရား။**

ဖြေ။ သီလဗ္ဗတုပါဒါန်ပြီးတော့ ဒိဋ္ဌုပါဒါန်အကြောင်းကို ဆက်ကြတာပေါ့။ မိမိရဲ့ ယုံကြည်ချက်တွေ လွန်ကဲခြင်း၊ ကိုးကွယ်ယုံကြည်မှုဆိုင်ရာတွေမှာ အစွန်းရောက်၍ အကျဉ်းကျနေခြင်း၊ ဒါတွေဟာ ဒိဋ္ဌုပါဒါန်တွေပဲ ဖြစ်ပါတယ်။ မိမိကိုးကွယ်ယုံကြည်မှုဆိုင်ရာ ဘာသာတရားကသာ အကောင်းဆုံးလို့ ထင်မှတ်ယုံကြည်နေပြီး အခြားဘာသာ အယူဝါဒတွေအပေါ်မှာ ဗိုလ်ကျအနိုင်ယူ စိုးမိုးချင်တဲ့ စိတ်ဓာတ်တွေဟာ ဘုန်းကြီးတို့ မြတ်ဗုဒ္ဓရဲ့ လမ်းစဉ်တွေနဲ့ တခြားစီပဲ ဖြစ်ပါတယ်။ အဲဒီလို စိတ်ဓာတ်မျိုးတွေ လွန်လွန်ကဲကဲ ဖြစ်ပေါ်လာပြီဆိုရင် အဲဒီပုဂ္ဂိုလ်ဟာ အစွန်းတစ်ဘက်ကို ကပ်သွားပါတော့တယ်။ ဒါကြောင့် ဘုန်းကြီးတို့ မြတ်ဗုဒ္ဓက ဉပါဒါန်လေးပါးကနေ လွတ်မြောက်ဖို့ မဂ္ဂင်လမ်းကို ခင်းပေးခဲ့တာ ဖြစ်ပါတယ်။

မေး။ **မှန်လှပါဘုရား။ တကယ်တော့ ဗုဒ္ဓရဲ့ ဓမ္မတွေဟာ လက်တွေ့အသုံးချပစ္စုပ္ပန်မှာ ပေါင်းစပ်အသုံးတည့်ဖို့ ဖြစ်တယ်လို့ တပည့်တော် နားလည်ယုံကြည်ပါတယ်။ အခု… အရှင်ဘုရား အမိန့်ရှိသွားတာတွေကို တပည့်တော် နာယူမှတ်သားရင်းနဲ့ စဉ်းစားမိတဲ့ အတွေးတစ်ခုကတော့ လွတ်လပ်ခြင်းဆိုတဲ့ စကားရဲ့ အဓိပ္ပာယ်အနက်ပဲ ဖြစ်ပါတယ်။ ဉပါဒါန် အစွဲအလမ်းတွေနဲ့ အကျဉ်းကျနေတဲ့သူတွေဟာ ဘယ်လိုလာပြီး လွတ်လပ်ခြင်းရဲ့ အရသာကို ခံစားနိုင်ပါ့မလဲဘုရား။**

ဖြေ။ သိပ်ကောင်းတဲ့ ဆက်စပ်တွေးခေါ်မှုပါပဲ။ ပါဠိလိုက ဝိမုတ္တိ။ ဒါကို မြန်မာလိုပြန်တော့ လွတ်မြောက်မှု၊ လွတ်မြောက်ခြင်းလို့ ဆိုရမှာဖြစ်ပါတယ်။ ဒီနေ့ ခေတ်အစားဆုံး ဝေါဟာရနဲ့ ပြောရမယ်ဆိုရင်တော့ (Freedom) ပေါ့။ ကဲ… ထားပါတော့။ ပုထုဇဉ်တွေ မှန်ရင်တော့ လောဘ၊ ဒေါသ၊ မောဟတရားတွေ

ရှိကြစမြဲပါပဲ။ သို့သော်လည်း မိမိတို့သက်ဆိုင်ရာ ဘာသာတရားများက သင်ကြား ချက်တွေထဲမှာ လောဘ၊ ဒေါသ၊ မောဟတရားတွေကို ထိန်းချုပ်နည်းတွေ အသီးသီး ပေးထားကြပြီးသား ဖြစ်ပါတယ်။ သို့သော်လည်း ဘာသာရေးခေါင်းဆောင် အချို့ ရဲ့ ဥပါဒါန်အစွဲတွေကြောင့် ပင်ကိုယ်သာသာတရားတွေရဲ့ စစ်မှန်တဲ့ အရှိတရားတွေ ပျောက်ဆုံးသွားပြီး ထိုထိုပုဂ္ဂိုလ်တွေရဲ့ အတ္တကို ရှေ့တန်းတင်မှုတွေကြောင့် လူသား တွေကြားထဲမှာ အမုန်းမီးတွေ လောင်ကျွမ်းပြီး အပြုံးတရားတွေ နှုတ်ဆိတ်ကုန်ကြတာ ဖြစ်ပါတယ်။ တကယ်တော့ ဘာသာရေး ပဋိပက္ခတွေ၊ လူမျိုးရေး မုန်းတီးမှုတွေဟာ အင်မတန်သေးသိမ်ပြီး လွတ်လပ်ခြင်းဆိုတဲ့ အနှစ်သာရကို သဘောပေါက် နား မလည်သည့် ဥပါဒါန်အကျဉ်းသားတွေရဲ့ အာရုံတည်းဟူသော အာသဝေါအကျဉ်း ထောင်အတွင်းမှ ထင်တိုင်းကြဲသည့် ကိလေသာသောင်းကျန်းမှုတွေပဲဖြစ်ပါတယ်။

**မေး။ ဒါဆိုရင် ဝိမုတ္တိဖြစ်အောင်လို့ ဘယ်လို ကျင့်သုံးနေထိုင်သင့်ပါသလဲ ဘုရား။**

ဖြေ။ လွတ်မြောက်ချင်တဲ့သူဟာ အစွန်းရောက်တရားတွေကို လျှော့ချရပါ မယ်။ သူ့ဘက်ကိုယ့်ဘက် မျှပြီးကြည့်တတ်ရမယ်။ မိမိရဲ့ ကိုင်စွဲထားသော အယူအဆ အတွေးအခေါ်တွေ အာရုံခြောက်ပါးကို မှီတည်ပြီး ဖြစ်ပေါ်လာတဲ့ အစွဲ အလမ်းတွေ၊ ရှေ့မှာ ပြောခဲ့သလို ယုံကြည်ချက်၊ ခံယူချက်တွေအပေါ်မှာ အစွန်း ရောက်တဲ့ စိတ်ဓာတ်တွေ၊ မိမိရဲ့ အလေ့အကျင့်၊ အလေ့အထတွေအပေါ်မှာ လွန်လွန် ကဲကဲဖြစ်တည်နေသော စိတ်တွေ၊ ဒါတွေကို လျှော့ချနိုင်မှသာလျှင် ဝိမုတ္တိသုခ ချမ်းသာကို မြည်းစမ်းကြည့်နိုင်ကြမှာ ဖြစ်ပါတယ်။ ဘုန်းကြီး အခုအမိန့်ရှိတာ တွေဟာ ပစ္စုပ္ပန်နေနည်း၊ ထိုင်နည်းတွေအတွက် အဓိကထားပြီး လမ်းညွှန်ပေးခြင်း ဖြစ်ပါတယ်။ တစ်နည်းပြောရရင် စစ်မှန်သော နိဗ္ဗာန်မဂ်ဖိုလ်ကို ရရှိဖို့အတွက် ပစ္စုပ္ပန်အကြောင်း အထောက်အပံ့ကောင်းတွေကို ကြိုတင်မွေးမြူ လေ့ကျင့်ထားဖို့ လိုအပ်ပါတယ်။

**မေး။ တင်ပါ့ဘုရား။ အရှင်ဘုရား အခုအမိန့်ရှိခဲ့တာတွေ အားလုံးဟာ လောကုတ္တရာကိစ္စသက်သက် မဟုတ်ဘူးလားဘုရား။ လောကီကိစ္စတွေမှာ အသုံးပြုရင် အဆင်ပြေနိုင်ပါသလားဘုရား။**

ဖြေ။ လောကီထဲကမှ လောကုတ္တရာဘက်ကို ကူးရတာ ဖြစ်ပါတယ်။ ဒီတော့ လောကီဘက်မှာ နေထိုင်တဲ့အခါ ဘယ်လို နေထိုင်ရမလဲ၊ ဘယ်လို ကျင့်သုံးသင့်သလဲ ဆိုတဲ့ အကြောင်းအရာတွေကို ဗုဒ္ဓက နည်းပေးလမ်းပြများစွာကို ပြုပေးခဲ့သူ ဖြစ်ပါ

တယ်။ မြတ်ဗုဒ္ဓရဲ့ သင်ကြားချက်တွေကို သေခြင်း၏ အခြားတစ်ဖက်ကိစ္စတွေနဲ့သာ အဆုံးသတ် နိဂုံးချုပ်နေကြတဲ့ သူတွေဟာ ပစ္စုပ္ပန်နိဒါန်းတွေ ပျောက်ဆုံးနေကြသလို အနာဂတ်အတွက် စာကိုယ်တွေကိုလည်း ကြိုတင်ရေးသားနေတဲ့သူတွေ ဖြစ်ပါတယ်။ ဒီတော့ သူတို့ရဲ့ ဘဝတွေဟာ နိဒါန်း၊ စာကိုယ်တွေ မရှိဘဲနဲ့ နိဂုံးကိုတော့ အကောင်းဆုံး အဆုံးသတ်ချင်နေကြပါတယ်။ ဒီတော့ ဘုန်းကြီးတို့ ဆိုလိုချင်တာက Apply Buddhism ဖြစ်အောင်လုပ်ဖို့ လောကီကို အခြေခံတည်ဆောက်မှသာလျှင် လောကုတ္တရာအရေးဘက်ကို သွားတဲ့အခါမှာ စိတ်အေးချမ်းသာနိုင်မှာ ဖြစ်ပါတယ်။ ဒါကြောင့် ဗုဒ္ဓရဲ့ ဓမ္မတွေဟာ လောကီအတွက် အလွန်အသုံးတည့်တဲ့ ဆေးတစ်ခွက် ဖြစ်ပါတယ်။

မေး။ **တင်ပါ့ဘုရား။ ဒါဆိုရင် Apply Buddhism ဖြစ်ဖို့အတွက် ဘယ်သူတွေမှာ တာဝန်ရှိပါသလဲဘုရား။**

ဖြေ။ ဘယ်သူတွေမှာ တာဝန်ရှိသလဲဆိုတော့ သက်ဆိုင်ရာ ဘာသာရေးခေါင်းဆောင်တွေမှာ တာဝန်ရှိတယ်လို့ ပြောချင်ပါတယ်။ ဗုဒ္ဓသာသနာဝင်တိုင်းကို မြှုံကျက်တွေးနိုင်အောင်၊ ဖောက်ထွက်တွေးနိုင်အောင် ဗုဒ္ဓရဲ့ ဓမ္မသင်ကြားချက်တွေကို လမ်းညွှန်ပေးဖို့ ဘာသာရေးခေါင်းဆောင်တွေမှာ အထူးတာဝန် ရှိပါတယ်။ ဘောင်ခတ်ထားတဲ့ ဘောင်ကွက်ထဲကနေ ရှေးအစဉ်အလာအရ ကျော်မထွက်ရဘူးဆိုတဲ့ အယူအဆတွေကို ရပ်တန့်နိုင်မှသာလျှင် အရည်အချင်းပြည့်ဝတဲ့ သာသနာဝင်တွေ ဖြစ်လာကြမှာပါ။

မေး။ **တင်ပါ့ဘုရား။ ဉာဏ်ပညာကို ကန့်သတ်ခံထားရတဲ့ သူတွေဟာ တပည့်တော်အမြင်ပြောရရင်တော့ အစဉ်အလာကို မကျော်နိုင်ပေမယ့် အစွန်းတစ်ဘက်ကို ရောက်သွားပြီး ပြဿနာတစ်ခုခု ဖြစ်လာတဲ့အခါ ရက်စက်အကြမ်းဖက်ဖို့ လက်မနှေးတဲ့သူတွေ ဖြစ်လာနိုင်တယ်လို့ ထင်မြင်ယူဆမိပါတယ်ဘုရား။**

ဖြေ။ လူမျိုး၊ ခေတ်စနစ်တွေ၊ အသားအရောင် ခွဲခြားမှုတွေ အစဉ်အလာအရ ကိုးကွယ်ယုံကြည်မှုပိုင်းဆိုင်ရာတွေမှာ ဇွတ်ယုံတဲ့သူတွေ အများစုဟာ ဝိဟိံသ-အကြမ်းဖက်ဖို့ ဝန်မလေးသလို၊ ရက်စက်ဖို့လည်း လက်မနှေးတတ်ကြပါဘူး။ ဘာကြောင့်လဲဆိုတော့ သူတို့တွေဟာ ခံစားချက်ကို ရှေ့တန်းတင်တဲ့သူတွေ ဖြစ်နေလို့ပါပဲ။ ရှေ့မှာ ပြောခဲ့သလို အစွဲလေးပါးနဲ့ အကျဉ်းကျနေတဲ့သူတွေ ဖြစ်တဲ့အတွက် ကြောက်စရာ အလွန်ကောင်းပါတယ်။

မေး။ **တင်ပါ့ဘုရား။ ဒါဆိုရင် အဲ့ဒီလိုလူမျိုးတွေကို အာဏာရှင်ကဲ့သို့သော**

**လူတစ်စုက အသုံးချမယ်ဆိုရင် အလွန်လွယ်ကူတာပေါ့ ဘုရား။**

ဖြေ။ လွယ်သမှ သိပ်လွယ်တာပေါ့ဒကာ။ သူတို့တွေဟာ အာဏာရှင်စိတ်ကြိုက် လက်ကိုင်တုတ်၊ လက်ပါးစေတွေပဲ ဖြစ်ပါတယ်။ ဒါကြောင့် ဗုဒ္ဓက ကာလာမသုတ် ထဲမှာ ပြောတိုင်းမယုံဖို့ အတိအလင်း အမိန့်ရှိခဲ့တာ ဖြစ်ပါတယ်။ ကဲ... ဒီတစ်ပတ် တော့ ဒီမှာ ရပ်ကြဦးစို့ရယ်။ ရှေ့တစ်ပတ်ကို ဆက်ဖို့အတွက် မြတ်ဗုဒ္ဓရဲ့ ဓမ္မ တွေကို ဆက်လေ့လာရင်း ရှေ့တစ်ပတ် ဆုံကြတာပေါ့။

ဆရာတော်ဘုရား၏ စကားအဆုံး စာရေးသူလည်း ဆရာတော်ဘုရား၏ 'ဖြန့်ကျက်တွေးခြင်း၊ ဖောက်ထွက်တွေးခြင်း' ဆိုသော စကားလုံးနှစ်လုံးကို နားထဲ စွဲလို့ 'ပြောတိုင်းယုံတဲ့ ပုတ်သင်ညို' တွေ မဖြစ်ဖို့ ရှေ့တစ်ပတ်မှာလည်း ဆက်လျှောက် စရာမေးခွန်းများနဲ့အတူ စာရှုသူများထံသို့ ဆက်လက်ကုသိုလ်ပြု မျှဝေသွားမည် ဖြစ်ပါ သည်။

● ● ●

# ပြောတိုင်းယုံတဲ့ ပုတ်သင်ညိုတွေ မဖြစ်ဖို့

'ဖြန့်ကျက်တွေးခြင်း၊ ဖောက်ထွက်တွေးခြင်း' ဆိုသော စကားလုံးနှစ်လုံးထဲကို နားထဲစွဲလို့ ယခုတစ်ပတ်မှာတော့ဖြင့် စာရေးသူ၏ ရှေ့တစ်ပတ်က 'ပြောတိုင်းယုံတဲ့ ပုတ်သင်ညိုတွေ မဖြစ်ဖို့' ရည်ရွယ်လျက်...။

မေး။ **တင်ပါ့ဘုရား။ လွဲနေတာတွေကတော့ လွဲရုံတင် လွဲနေတော့တာ မဟုတ်ဘဲ ပြန်တည့်ဖို့တောင် အတော်ကြိုးစားရပါလိမ့်မယ်လို့ ထင်ပါတယ်ဘုရား။**

ဖြေ။ ဟုတ်ပါတယ်။ အမှားကြာတော့ အမှန်ဖြစ်ဆိုတဲ့ စကားအတိုင်း အလွဲများတော့ လုပ်သမျှ မွဲကုန်တာပေါ့။

မေး။ **အလွဲများတော့ ဘာကြောင့်လုပ်သမျှ မွဲကုန်တာပါလဲ ဘုရား။**

ဖြေ။ အလွဲများတော့ ဘာကြောင့် မွဲကုန်တာလဲဆိုရင် လုပ်သမျှ အလုပ်တိုင်းမှာ ပညာမပါလို့ပဲ ဖြစ်ပါတယ်။ ပညာဆိုတဲ့ စကားလုံးဟာ 'မောဟ' ရဲ့ဆန့်ကျင်ဘက် စကားလုံး ဖြစ်ပါတယ်။ တစ်နည်းအားဖြင့် ပြောရရင် သူ့ကို 'အမောဟ' လို့လည်း ပြောလို့ရပါတယ်။ ကုသိုလ်ပင်ပြုလင့်ကစား 'မောဟ' နှင့်ယှဉ်တွဲကုသိုလ်ပြုနေခြင်း

တွေဟာ ဘုန်းကြီးတို့နိုင်ငံမှာ အလွန်ပေါများပါတယ်။ ဒါကြောင့်လည်း အချိန်ကုန်၊ ငွေကုန်၊ လူပင်ပမ်း နောက်ဆုံးတော့ ရတဲ့အကျိုးကျေးဇူးက အလွန်နည်းလှပါတယ်။

မေး။ **တင်ပါ့ဘုရား။ အကျိုးကျေးဇူးဆိုတဲ့ စကားလုံးရဲ့ အတိမ်အနက်ကိုလည်း ရှင်းပြပေးတော်မူပါဘုရား။**

ဖြေ။ ကုသိုလ်ကောင်းမှုတစ်ခု ပြုတယ်ဆိုရင် မည်သူမဆို အကြောင်းအရာ တစ်ခုအပေါ် မှီတည်ပြီး ပြုလုပ်ကြတာ ဖြစ်တဲ့အတွက် အကျိုးကျေးဇူးတွေကိုတော့ မျှော်တတ်ကြပါတယ်။ ယေဘုယျ မျှော်လင့်ချက်တွေကတော့ နိဗ္ဗာန်သို့ မရောက်ခင် ဘဝဆက်ကြားဆိုပြီး လူဖြစ်လျှင် လူချမ်းသာ၊ နတ်ဖြစ်လျှင် နတ်ချမ်းသာ၊ ဗြဟ္မာ ဖြစ်လျှင် ဗြဟ္မာချမ်းသာဆိုတဲ့ စိတ်အစွဲတွေနဲ့ မိမိကိုယ်ကို ဗဟိုပြုလို့ လှူနေကြ တာတွေကို တွေ့နေရပါတယ်။ အဲဒီမှာ သတိထားမိတာက ပညာမပါဘူးဆိုတာကို တွေ့ရပါတယ်။ ပညာကို အထောက်အပံ့ပြုတာက ကရုဏာတရား ဖြစ်ပါတယ်။ ဒါမှသာလျှင် ပါရမီမြောက်တဲ့ ပညာနဲ့ပြုတဲ့ ကုသိုလ်မှန်သမျှဟာ ပါရမီထိုက်တဲ့ ဒါနတွေ ဖြစ်လာမှာပါ။

မေး။ **တင်ပါ့ဘုရား။ ဒါဆိုရင် ဆုတောင်းခြင်းကိစ္စအပေါ် လွဲနေတယ်လို့ ဆိုလိုချင်တာလားဘုရား။**

ဖြေ။ လွဲနေတယ်ပဲ ပြောမလား။ လုံးဝကို မတည့်ဘူးပဲ ပြောမလား ကြိုက် သလို ပြောလို့ရမယ်လို့ ထင်ပါတယ်။ 'ဆုတောင်းတာနဲ့ ဆုပန်တာ' ကွဲဖို့တော့ လိုအပ်ပါတယ်။ ဒီပင်္ကရာခြေရင်း သုမေဓာဘဝမှာ ဘုန်းကြီးတို့ ဗုဒ္ဓဘုရားအလောင်း ဟာ ဒီပင်္ကရာဘုရားရှင်ထံ ဆုတောင်းခဲ့တာမဟုတ်ပါဘူး။ ဆုပန်ခဲ့ခြင်းသာ ဖြစ်ပါ တယ်။ ဆုပန်တဲ့ လူတစ်ယောက်ဟာ ထိုပန်းတိုင်ကို ရောက်ဖို့အတွက် ထိုပန်းတိုင်ကို ရောက်စေနိုင်သော အလုပ်တွေကို တစ်နည်းပြောရရင် အကြောင်းအထောက်အပံ့တွေ ကို ပြုဖို့လိုအပ်ပါတယ်။ ဒါမှသာလျှင် အကျိုးကျေးဇူးအနေနဲ့ မိမိရည်ရွယ်ထားသော ပန်းတိုင်ဆီကို ရောက်ရှိမှာ ဖြစ်ပါတယ်။ ဒီလောက်ဆိုရင် 'ဆုပန်တာနဲ့ ဆုတောင်း တာ' ကွဲလောက်ပြီ ထင်ပါရဲ့။ ဆုတောင်းတဲ့သူ တော်တော်များများဟာ ပါးစပ်သာ လှုပ်ပြီး အလုပ်လက်မဲ့တွေနဲ့ အမျှော်၊ အကြောက်နှစ်ခုကြားမှာ မြုပ်ချီပေါ်ချီ ဖြစ်နေတဲ့သူတွေ ဖြစ်ပါတယ်။

မေး။ **တင်ပါ့ဘုရား။ အကြောက်တရားကို အခြေခံသောစိတ်နဲ့ ပြုတဲ့ကုသိုလ်၊ အမျှော်တရားကို အခြေခံသောစိတ်နဲ့ ပြုတဲ့ကုသိုလ် ထိုကုသိုလ်တွေကရော ဗုဒ္ဓ အလိုကျ ဖြစ်နိုင်ပါသလားဘုရား။**

ဖြေ။ အပါယ်ကျမှာ ကြောက်လို့ ကြောက်စိတ်နဲ့ပြုတဲ့ ကုသိုလ်မှန်သမျှမှာ ပရဟိတအကျိုးထက် အတ္တဟိတအကျိုးက ဦးဆောင်နေတာ ဖြစ်တဲ့အတွက် ပါရမီ ထိုက်တဲ့ ဒါနလည်း မဖြစ်သလို ပစ္စုပ္ပန်စိတ်နဲ့ ခန္ဓာငြိမ်းချမ်းမှု ရဖို့ဆိုတာလည်း အလှမ်းဝေးလှပါတယ်။ 'ဘယာ'ဦးစီးနေတဲ့ သူဟာ ဘာအလုပ်ပဲလုပ်လုပ် တည်တည် ငြိမ်ငြိမ် မရှိပါဘူး။ ဒီလိုပါပဲ ဘာကုသိုလ်လုပ်လုပ် မျှော်ကိုးစိတ်နဲ့လုပ်နေတဲ့ သူ ဟာလည်း လိုချင်တပ်မက်မှု (တဏှာ)ရဲ့ စေ့ဆော်မှုကြောင့် ဉာဏ်ပညာကင်းမဲ့ ဖုန်ကို ရောက်နေပြီး လောဘစိတ်ရဲ့နောက်ကို ကောက်ကောက်ပါအောင် လိုက်သွား တဲ့အတွက် ပစ္စုပ္ပန်ခန္ဓာငြိမ်းချမ်းမှုလည်း မရနိုင်သလို သံသရာကိစ္စမှာလည်း သူလှူ သလောက်၊ သူကုန်သလောက် တာမသွားပါဘူး။ တစ်နည်း အကျိုးပေး မသန်ပါဘူး။ ဒီတော့ ဗုဒ္ဓအလိုနဲ့လွဲတော့တာပေါ့။ ဗုဒ္ဓအလိုက ချုပ်ဖို့၊ ငြိမ်းဖို့ ယနေ့ မိရိုးဖလာ ဗုဒ္ဓဘာသာဝင်တွေ ပြုနေတဲ့ အလုပ်တွေက ချုပ်ငြိမ်းလွတ်မြောက် ဖို့ထက် သံသရာ တရစပ်လည်ဖို့ အရေးကိုသာ ဦးတည်နေတဲ့အတွက် ဗုဒ္ဓအလိုနဲ့ လွဲနေပါတယ်။

မေး။ **တင်ပါ့ဘုရား။ ဒါဆိုရင် ကုသိုလ်ပြုတဲ့အခါ ဘယ်လို စိတ်နေစိတ်ထား တွေနဲ့ ကုသိုလ်ပြုသင့်ပါသလဲဘုရား။**

ဖြေ။ ကုသိုလ်ပြုမယ့်သူတစ်ယောက်သိရမယ့် အခြေခံအချက်က လိုအပ်ချက် ကို ဖြည့်မှာလား။ ဂုဏ်ပကာသနနောက်လိုက်မှာလား။ ဘာကြောင့် အဲဒီလို ပြောရ သလဲဆိုရင် ယနေ့ ကုသိုလ်ရှင်အမည်ခံသူ တော်တော်များများဟာ လိုအပ်ချက်ထက် လိုနေတဲ့ နေရာတွေထက် ထင်ပေါ်ကျော်ကြား လူသိများတဲ့ နေရာဌာနတွေမှာပဲ လမ်းဆုံးနေကြတယ်။ ဒီတော့ ပြောချင်တာက လိုအပ်ချက်ရှိတဲ့ နေရာတွေကို လှူဖို့အတွက် ကုသိုလ်ရှင်တွေအနေနဲ့ ဖြည့်စွက်လှူဒါန်းကြပြီး လပ်နေတဲ့ ကွက်လပ် တွေကို လစ်ဟာမှုမရှိအောင် ကုသိုလ်မပြုခင်မှာလည်း ဝမ်းမြောက်ပီတိဖြစ်ပြီး ကုသိုလ်ပြုဆဲမှာလည်း ဝမ်းမြောက်ဝမ်းသာဖြစ်ဖို့ လိုသလို ပြုပြီးဆဲကာလမှာလည်း စိုးရိမ်ကြောင့်ကြ ပူပင်ကင်းစွာနဲ့ မိမိရဲ့ ကောင်းမှုကုသိုလ်ကို ပြန်ပြီး စဉ်းစား လိုက်တိုင်း ပီတိစိတ်တွေ ဖြစ်နေဖို့ လိုအပ်ပါတယ်။ နောက်ထပ် အရေးကြီးဆုံး တစ်ချက်ကတော့ အစွဲအကုသိုလ် မပြုဘဲ ပြတ်သားတဲ့ ကုသိုလ်ရှင်တွေဖြစ်ဖို့ လိုအပ်ပါတယ်။

မေး။ **အရှင်ဘုရား အမိန့်ရှိတာတွေကို နာယူမှတ်သားရတဲ့အခါ တပည့်တော်တို့ နိုင်ငံမှာ ဗုဒ္ဓဘာသာဝင်လို့ အမည်ခံသူတွေအနေနဲ့ သာမန်ကုသိုလ်နဲ့ အဆင့်မြင့်**

**ကုသိုလ် မကွဲဘဲ ကမ္ဘည်းထိုးလို့ လမ်းဆုံးနေကြတာတွေအပေါ်မှာ အရှင်ဘုရားအနေနဲ့ အချိန်ရရင် တည့်မတ်ပေးစေချင်ပါတယ်။**

ဖြေ။ အချိန်ကတော့ ရပါသေးတယ်။ ကမ္ဘည်းထိုး လမ်းဆုံးနေတဲ့ သူတွေက တော့ လူတွေတင် မဟုတ်ပါဘူး။ ဘာသာရေးခေါင်းဆောင် အချို့တွေလည်း ပါနေ သလို ခေတ်အဆက်ဆက်က တိုင်းပြည်အုပ်ချုပ်ခဲ့တဲ့ သူတွေဟာလည်း ကမ္ဘည်းထိုး ခြင်းမှာ လမ်းဆုံးနေခဲ့ကြတဲ့သူတွေ ဖြစ်ပါတယ်။ ဆိုကြပါစို့။ အဟောင်းကိုပြင်၍ လက်ဆင့်ထိန်းသိမ်းစောင့်ရှောက်ပြီး အသစ်ကို မတည်ဘဲ တိုင်းပြည်ရဲ့ ကျန်းမာရေး၊ ပညာရေး၊ စီးပွားရေး လိုအပ်ချက်တွေကို ဖြည့်ဆည်းခြင်းဟာ အင်မတန်ကို အဆင့်မြင့်တဲ့ ကုသိုလ်အလုပ်တွေပဲ ဖြစ်ပါတယ်။

မေး။ **'အဟောင်းကိုပြင် အသစ်ကိုမတည်' ဆိုသော စကားလုံးရဲ့ အဓိပ္ပာယ်အနက်ကိုလည်း ရှင်းပြပေးပါဘုရား။**

ဖြေ။ 'အဟောင်းကိုပြင်' ဆိုတာကတော့ ဘုန်းကြီးတို့နိုင်ငံမှာ ရှေးအဆက်ဆက်က မြန်မာပြည် တစ်နံတစ်လျား တည်ထားကိုးကွယ်ခဲ့တဲ့ စေတီပုထိုးတွေ အများကြီး ရှိပြီးသားပါ။ အဲဒါတွေကို ရှေးမူမပျက်အောင် နောင်မျိုးဆက်တွေက လက်ဆင့်ကမ်း ထိန်းသိမ်းပြုပြင်ပေးဖို့ ဆိုလိုခြင်း ဖြစ်ပါတယ်။ 'အသစ်ကိုမတည်' ဆိုတာကတော့ မလိုအပ်ဘဲနဲ့ စေတီပုထိုးတွေ၊ ကျောင်း၊ ကန်၊ သိမ်၊ ဇရပ်တွေ အသစ်တည်ဆောက် ခြင်းတွေဟာ မလိုတော့သလောက် ဖြစ်တဲ့အတွက် 'အသစ်မတည်' လို့ ဆိုလိုခြင်း ဖြစ်ပါတယ်။ အဲဒီလို အသစ်တွေကို တည်ထားမယ့်အစား တိုင်းသူပြည်သားတွေရဲ့ ကျန်းမာရေး၊ ပညာရေး အစရှိတဲ့ လုပ်ငန်းတွေမှာ ဝိုင်းဝန်းလိုက်ကြရင် ပိုမကောင်း ဘူးလား။

မေး။ **တင်ပါ့ဘုရား။ တချို့တွေကလည်း ဘုရားတည်၊ ကျောင်းဆောက်၊ ဆွမ်းကပ်တဲ့ ကိစ္စတွေကိုသာ ကုသိုလ်လို့ ထင်နေကြတာပါဘုရား။ တစ်နည်းပြောရရင် အဲဒီလို အလှူမျိုးတွေကိုသာ လှူချင်တဲ့သူက ပိုများပါတယ်ဘုရား။**

ဖြေ။ တကယ်တော့ ဒါနအကြောင်းကို ဆက်ပြီးပြောရရင် သုတ္တန်ကလာတဲ့ ဒါန၊ ဝိနည်းကလာတဲ့ ဒါန၊ အဘိဓမ္မာကလာတဲ့ ဒါန အစရှိတဲ့ ဒါနလားရာ သုံးမျိုး ကို သိအောင်လုပ်ဖို့ အရေးကြီးပါတယ်။ သုတ္တန်ကလာတဲ့ ဒါနဟာ လူပုဂ္ဂိုလ် အယုတ်အလတ်အမြတ် မရွေးပါဘူး။ ဝိနည်းကလာတဲ့ ဒါနကတော့ ရွေးချယ်မှု ရှိပါတယ်။ အဘိဓမ္မာကလာတဲ့ ဒါနကျတော့ မိမိရဲ့ ဒါနကုသိုလ်ကို ပညတ်ပေါ် မတည်သလို ပရမတ်တည့်တည့်ကိုသာ ကြည့်ပြီး လှူဒါန်းခြင်း ဖြစ်ပါတယ်။

အဲဒီတော့ ကုသိုလ်ပြုတဲ့သူတွေအနေနဲ့ ဘယ်လိုဒါနမျိုးကို ပြုနေတာလဲသိဖို့ လိုပါတယ်။ အဲဒီလို သိဖို့အတွက်လည်း ရှင်းပြပေးရမယ့် တာဝန်က ဘာသာရေးခေါင်းဆောင်တွေမှာ တာဝန်ရှိပါတယ်။

မေး။ **တင်ပါ့ဘုရား။ အခု ... အရှင်ဘုရားအမိန့်ရှိခဲ့တာတွေ အကုန်လုံးဟာ ဗုဒ္ဓဘာသာဝင်တိုင်း သိထားရမယ့် အကြောင်းအရာတွေပဲ ဖြစ်ပါတယ်ဘုရား။ ယခုတစ်ပတ်တော့ တပည့်တော်တို့ ဆရာဒကာ မေးလျှောက်ဆွေးနွေးမှုကို ဒီမှာတင် ရပ်နားခွင့်ပြုပါဘုရား။ ရှေ့တစ်ပတ်ဆက်၍ လွဲနေတာတွေကို တည့်မတ်ပေးဖို့ အရှင်ဘုရားထံ မေးလျှောက်စရာများနဲ့အတူ ပြန်လာပါ့မယ် ဘုရား။**

ဖြေ။ အေးကွယ်။ အများအတွက် အကျိုးရှိမယ်၊ အသုံးလည်း တည့်မယ်၊ လမ်းမှန်လည်းတွေ့ပြီး ဒီဘဝလည်း ငြိမ်းချမ်းမယ်၊ သံသရာအတွက်လည်း အထောက်အပံ့ဖြစ်မယ်ဆိုရင်တော့ ဘုန်းကြီးတို့အနေနဲ့က ဗုဒ္ဓအလိုနဲ့ မသွေဖည်သော မြတ်ဗုဒ္ဓရဲ့ လမ်းစဉ်အောက်ကနေ လမ်းပြညွှန်ကြားပေးဖို့ တာဝန်ရှိပါတယ်။ ဒီနေရာမှာ ပြောချင်တာက မြတ်ဗုဒ္ဓစကားအစစ်ကို နားထောင်လိုက်နာ ကျင့်သုံးနေတဲ့ ဗုဒ္ဓဘာသာဝင် ဖြစ်၊ မဖြစ်နဲ့ ဗုဒ္ဓသားတော်တွေစစ်၊ မစစ်ကို ဝိဘဇ္ဇလုပ်ကြည့်တတ်ကြဖို့ပါပဲ။ ဗုဒ္ဓသာသနာဝင်တွေ အားလုံးဟာ ဝိဘဇ္ဇဉာဏ်ပိုင်ရှင်တွေ ဖြစ်ကြပါစေလို့ ဆန္ဒပြုလိုက်ပါတယ်။

မေး။ **သာဓု ... သာဓု... သာဓုပါဘုရား။**

● ● ●

# သာသနာအတွက် လျှောက်လှမ်းရမည့်လမ်း (၁)

၂၀၁၆ ရဲ့ နှစ်သစ်စာမျက်နှာကို အလွဲတွေနဲ့ မစဘဲ အဟောင်းအသိုးတွေ ကြားထဲက အကျိုးဖြစ်မယ့် အကြောင်းတွေကို သတ်ပြီး ဗုဒ္ဓရဲ့ သဘာဝဓမ္မအလိုနဲ့ မကိုက်ညီတဲ့ စိတ်နေစိတ်ထားတွေကို ထားပစ်ခဲ့လို့ နှစ်သစ်ရဲ့ အဖွင့်စာမျက်နှာကို အစွန်းတစ်ဘက်တစ်ချက်တို့မှာ မကပ်ငြိဘဲ မဇ္ဈိမလမ်းစဉ်အတိုင်း လျှောက်လှမ်းနိုင်ဖို့အတွက် သာသနဓဇဓမ္မာစရိယ (B.A Bdh) ဆရာတော် အရှင်ထေရိန္ဒ၏ မိန့်ကြားချက်များအား အပိုင်း(၅)အဖြစ် ဆက်လက်ဖော်ပြလိုက်ပါသည်။

ဖြေ။ ပြီးခဲ့တဲ့ တစ်ပတ်က ဒါနနဲ့ပတ်သက်ပြီး ပြောခဲ့ရာမှာ ကျန်ခဲ့တာလေးတွေ ရှိနေလို့ နည်းနည်းထပ်ဖြည့်ပြီး ပြောချင်ပါတယ်။

မေး။ **တင်ပါ့ဘုရား။ အမိန့်ရှိပါ။**

ဖြေ။ ပါရမီမြောက်တဲ့ ဒါနဆိုတာ လိုအပ်ချက်နဲ့ မလိုအပ်ချက်ကို ခွဲခြားစဉ်းစား ဆုံးဖြတ်နိုင်စွမ်းရှိမှသာလျှင် ပါရမီမြောက်တဲ့ ဒါနရယ်လို့ ဖြစ်လာမှာ ဖြစ်ပါတယ်။ မလိုအပ်တာကို အလိုလုပ်ပြီး ကမ္ဘည်းထိုးလမ်းဆုံးတဲ့သူတွေ မဟုတ်ပါဘူး။ လိုအပ်တဲ့အရာကို ဖြည့်စွက်

ဒါနပြုတဲ့ အခါမှာလည်း ရဲရဲဝံ့ဝံ့ လုပ်ရဲတဲ့သတ္တိ ရှိပါတယ်။ မျှော်လင့်ချက် မပါရဘူး။ နောင်ကြိုးမဲ့ရမယ်။ အပေါ်ယံဟန်ပြ မဟုတ်ပါဘူး။ ကိုယ်လှူတာကို အများသိချင်လည်း သိမယ်။ မသိချင်လည်း မသိဘူး။ သေချာတာတစ်ခုကတော့ အလှူခံပုဂ္ဂိုလ်နဲ့ အလှူရှင် ထိုနှစ်ဦး အသိဆုံးဖြစ်ပါတယ်။ အလှူရှင်ရဲ့ စိတ်နေစိတ်ထားဟာ သတိချွန်းအုပ်ပြီး ဉာဏ်ပညာ ဦးစီးမယ်ဆိုရင်တော့ ပါရမီမြောက်တဲ့ ဒါနဖြစ်တယ်ဆိုတာကို အလှူရှင်အနေနဲ့ သိရှိနိုင်ပါတယ်။

မေး။ **တင်ပါ့ဘုရား။ နောင်ကြိုးတန်းလန်းနဲ့ အပေါ်ယံဆိုတဲ့ အပြုအမူတွေကို ဗုဒ္ဓဘာသာအမည်ခံ လူ့အဖွဲ့အစည်းတွေကြား ပိုများတွေ့နေရသလားလို့ တွေးမိပါတယ် ဘုရား။ အဲဒီအပေါ်မှာ အရှင်ဘုရားရဲ့ အမြင်ကိုလည်း သိချင်ပါတယ် ဘုရား။**

ဖြေ။ သာသနာတော် တည်တံ့ပြန့်ပွားရေးဆိုသော စကားလုံးကို ရဟန်း ရှင်လူ သူသူငါငါ တတွင်တွင် သုံးလို့နေကြတာတွေကို တွေ့ရပါတယ်။ မှန်ပါတယ်။ သာသနာတော် တည်တံ့ပြန့်ပွားရေးအတွက် ဘာသာဝင်တိုင်းမှာ တာဝန်ရှိပါတယ်။ သို့သော် တည်တံ့ပြန့်ပွားရေးဆိုသော စကားလုံးနဲ့ အလုပ်တွေကတော့ အချို့အတော်များများ လွဲနေကြပါတယ်။ ဘာကြောင့်လဲဆိုတော့ နောင်ကြိုးတွေနဲ့ အပေါ်ယံရှုပ်ပြီး လုပ်နေကြလို့ ဖြစ်ပါတယ်။

မေး။ **တင်ပါ့ဘုရား။ သာသနာတော်တည်တံ့ပြန့်ပွားရေးဆိုတဲ့ စကားလုံးနဲ့အတူ သာသနာဝင်တိုင်း မည်သို့မည်ပုံ အနာဂတ်သာသနာတော်အတွက် လျှောက်လှမ်းထိန်းသိမ်းသင့်ပါသလဲဘုရား။**

ဖြေ။ သာသနာတော် တည်တံ့ပြန့်ပွားရေးကို လုပ်တယ်ဆိုရာမှာ တကယ်တော့ ဗုဒ္ဓရဲ့ အဆုံးအမတွေကို ပြန့်ပွားအောင် လုပ်တယ်ဆိုတဲ့ စကားလုံး သုံးမယ်ဆိုရင် အားလုံးပိုပြီး နားလည်လွယ်လိမ့်မယ်လို့ ထင်ပါတယ်။ ဒီတော့ ဗုဒ္ဓရဲ့ အဆုံးအမတွေက ဘာတွေလဲ။ လူတွေအတွက် ဘယ်လို လမ်းညွှန်ခဲ့သလဲ။ ရဟန်းတော်တွေအတွက် ဘယ်လို လမ်းညွှန်ခဲ့သလဲ။ ဒါတွေကို သိအောင်လုပ်ဖို့ လိုပါတယ်။ ဓမ္မဝိနယ(ခေါ်)သုတ်၊ ဝိနည်း၊ အဘိဓမ္မာတွေကို ငါဘုရား ပရိနိဗ္ဗာန်စံတော်မူပြီးသည့် နောက်ပိုင်း သင်တို့ရဲ့ဆရာအဖြစ် တည်ရှိနေလိမ့်မယ်လို့ အရှင်အာနန္ဒာကို ဘုရားက မိန့်တော်မူခဲ့ပြီးသား ဖြစ်ပါတယ်။ ဒီတော့ သာသနာဝင် ရဟန်းရှင်လူတွေအနေနဲ့ ဗုဒ္ဓပရိနိဗ္ဗာန် ပြုပြီးနောက်ပိုင်း ထေရ်စဉ်ဝါဆက် သယ်ဆောင်လာသော မြတ်ဗုဒ္ဓရဲ့ အဆုံးအမတွေကို ဘယ်လို ပြန့်ပွားအောင် လုပ်မလဲ။ သာသနာဝင် တစ်ဦးချင်းစီမှာ

ဗုဒ္ဓရဲ့ အဆုံးအမတွေ တည်အောင်၊ နားလည်သဘောပေါက်အောင် ဘယ်လို လုပ်ဆောင်ကြမလဲ။ ဒါတွေအပေါ်မှာ သုံးသပ်ဝေဖန်ပိုင်းခြားဖို့ အချိန်တန်နေပါပြီ။ ဒါမှသာလျှင် အနာဂတ်သာသနာအတွက် စိတ်ချရမှာ ဖြစ်ပါတယ်။

**မေး။ အရှင်ဘုရား အမိန့်ရှိသလိုဆိုရင် သာသနာ တည်တံ့ပြန့်ပွားရေးကို လုပ်ဆောင်တဲ့ နေရာမှာ ဗုဒ္ဓရဲ့ ဓမ္မတွေကို အပေါ်ယံအသိ မဟုတ်ဘဲ တပည့်တော်တို့ ရဟန်းရှင်လူ သာသနာဝင်တွေအနေနဲ့ သေသေချာချာ နားလည်သဘောပေါက်အောင် လုပ်ဆောင်သင့်တယ်လို့ သဘောပေါက်ပါတယ်ဘုရား။ ယနေ့အထိ သာသနာတော် တည်တံ့ပြန့်ပွားနေတာဟာ သာသနာတော်နှစ် တစ်နှစ်တာကာလ ခရစ်တော်မပေါ်မီ ဘီစီ (၅၄၄) ဗုဒ္ဓပရိနိဗ္ဗာန်ပြုပြီး သုံးလအကြာမှာ ရာဇဂြိုဟ်ပြည် ဝေဘာရတောင်၊ သတ္တပဏ္ဏိလိုဏ်ဂူအတွင်းမှာ သုဘဒ္ဒမည်သော တောထွက်ရဟန်းကြီးက သာသနာတော်ကို ထိပါးပုတ်ခတ် ပြောဆိုသည်ကို အကြောင်းပြုပြီး အရှင်မဟာကဿပ၊ အရှင်ဥပါလိ၊ အရှင်အာနန္ဒာတို့က ဦးစီးဦးဆောင်ပြုလို့ ရဟန္တာမဟာထေရ်ကြီးအပါး ၅၀၀ တို့နှင့်အတူ အဇာတသတ်မင်း အကူအညီနဲ့ သင်္ဂါယနာတင်တော်မူခဲ့ကြရာ ၇ လတိုင် ကြာမြင့်ခဲ့တယ်လို့ နာယူမှတ်သားခဲ့ဖူးပါတယ်ဘုရား။ တပည့်တော် ဆိုလိုချင်တာက ထေရ်အစဉ်အဆက်၊ ဝါအစဉ်အဆက် သံဃာတော်တွေရဲ့ ဂုဏ်ကျေးဇူးဟာ အလွန်ကြီးမြတ် ကျေးဇူးကြီးမားလှပါတယ်ဘုရား။ တပည့်တော်တို့ ခေတ်ရောက်မှ ဗုဒ္ဓဓမ္မလမ်းကြောင်းနဲ့ သွေဖည်ပြီး ငြိမ်းချမ်းစွာ လက်ဆင့်ကမ်းလာခဲ့တဲ့ သာသနာတော်ရဲ့ အထင်ကရ သမိုင်းတွေကို ရိုက်ချိုးဖျက်ဆီးပစ်မယ့် လုပ်ရပ်မျိုးတွေကိုတော့ အပြုသဘောဆောင်လို့ တပည့်တော်အနေနဲ့ ကန့်ကွက်ချင်ပါတယ်ဘုရား။ အရှင်ဘုရားရဲ့ အမြင်ကိုလည်း ကြားသိပါရစေဘုရား။**

ဖြေ။ ဒကာပြောတာနဲ့ ပတ်သက်လို့ ဘုန်းကြီးတို့ ကန့်ကွက်စရာ မရှိပါဘူး။ သေချာပြန်စဉ်းစားမယ်ဆိုရင် ပထမသင်္ဂါယနာမှစလို့ ဆဋ္ဌသင်္ဂါယနာအထိ ဆင့်ကဲဆင့်ကဲ လက်ဆင့်ကမ်းလာတဲ့ ဘုန်းကြီးတို့ရဲ့ မြတ်ဗုဒ္ဓသာသနာတော်ဟာ ငြိမ်းချမ်းရေးကို ရှေးရှုဦးတည် ပစ်မှတ်ထားတယ် ဆိုတာကို အထင်အရှား တွေ့ရမှာ ဖြစ်ပါတယ်။ သာသနာတော်အပေါ် ကျရောက်လာတဲ့ အန္တရာယ်တွေကို တုတ်ဆွဲ၊ ဓားဆွဲပြီး ကာကွယ်လာတာ မဟုတ်ပါဘူး။ ဒါကြောင့် ဘုန်းကြီးတို့က 'လွဲနေတာတွေကို ပြောနေတာပါလို့' အမိန့်ရှိခဲ့တာပေါ့။ ဘုန်းကြီးတို့အလိုနဲ့ လွဲနေတာကို ပြောတာ မဟုတ်ဘူးနော်။ ဗုဒ္ဓအလိုနဲ့ လွဲနေတာကို ပြောတာပါ။ ကဲ… ဒီနေရာမှာ ဒကာက ပထမသင်္ဂါယနာအကြောင်းကို အခြေခံပြီး လျှောက်တင်မေးခွန်းထုတ်တော့

ဘုန်းကြီးတို့ကလည်း ဒုတိယသံဃာယနာ ဖြစ်ပေါ်လာရခြင်း အကြောင်းအရင်းကို ဒီအမေးအဖြေ ဓမ္မဆောင်းပါး ဖတ်ရှုရသူတိုင်း ဝိဘဇ္ဇလုပ်နိုင်ဖို့ ဒီနေရာကနေ အမိန့်ရှိချင်ပါတယ်။

မေး။ **အမိန့်ရှိပါဘုရား။**

ဖြေ။ သာသနာတော်နှစ် ၁၀၀ ခန့်ဝန်းကျင် ခရစ်တော်မပေါ်မီ ဘီစီ ၄၄၃ ခုနှစ်မှာ ဝေသာလီပြည် ဝါဠုကာရာမ ကျောင်းတိုက်အတွင်းမှာ ဒုတိယသင်္ဂါယနာ တင်ခဲ့ကြတာဖြစ်တယ်။ တင်ရတဲ့အကြောင်းအရင်းကို ပြန်ကြည့်မယ်ဆိုရင် ဝေသာလီပြည်မှာရှိတဲ့ ဝဇ္ဇီတိုင်းသား ရဟန်းတော်များဟာ ရဟန်းကောင်းတို့ရဲ့ ဝိနည်းကျင့်ဝတ်တွေနဲ့ လျော်ညီစွာ မကျင့်သုံးဘဲ အဓမ္မဝတ္ထု (၁၀)ပါးကို ဟောပြော ပြကျင့်နေကြပါတယ်။ အဲဒါကိုအကြောင်းပြုပြီး သာသနာမှာ အန္တရာယ်ပေါ်ပေါက် လာနိုင်တဲ့အတွက် အရှင်ယသ၊ အရှင်သဗ္ဗကာမီ၊ အရှင်ရေဝတတို့ကို အမှူးပြုပြီး မဟာထေရ်ကြီး ရဟန္တာ ၇၀၀ တို့နဲ့အတူ ရှစ်လတိုင်တိုင် ကြာမြင့်စွာ မြတ်ဗုဒ္ဓရဲ့ သုတ်၊ ဝိနည်း၊ အဘိဓမ္မာကျမ်းတွေကို နှုတ်ဖြင့် ရွတ်ဆိုအာဂုံဆောင်လို့ သာသနာ တော်အတွင်းမှာရှိတဲ့ သာသနာဖျက်မယ့် ပိုးတွေရန်က ကာကွယ်ခဲ့ကြပါတယ်။

မေး။ **တပည့်တော်အနေနဲ့ အဓမ္မဝတ္ထု(၁၀)ပါး အကြောင်းကို သိချင်ပါတယ် ဘုရား။ ယနေ့ မျက်မှောက်ခေတ်မှာ ဖြစ်နေတဲ့ အဖြစ်အပျက်တွေနဲ့လည်း တိုက်ဆိုင် လိမ့်မယ်လို့ ယုံကြည်ပါတယ်ဘုရား။ တပည့်တော်အပါအဝင် စာရှုသူ သာသနာဝင် အားလုံးအတွက်လည်း အကျိုးများပါလိမ့်မယ်။ အဲဒီအတွက်ကြောင့် အမိန့်ရှိစေ ချင်ပါတယ်ဘုရား။**

ဖြေ။ ယေဘုယျသဘောအနေနဲ့ပဲ ပြောချင်ပါတယ်။ ပထမသင်္ဂါယနာက အတည်ပြုထားတဲ့ ဝိနည်းဥပဒေအချို့ကို ဒသဝတ္ထု (၁၀)ချက်ကို ပြင်ဆင်တဲ့အပေါ် မူတည်ပြီး အဓမ္မဝတ္ထုဆိုပြီးတော့ ဖြစ်လာခြင်း ဖြစ်ပါတယ်။ ဥပမာတစ်ခုပြောရရင် နေလွဲညစာ ဘုဉ်းပေးခြင်းကိစ္စ အစရှိတဲ့ (၁၀)ချက်သော ဝိနည်းသိက္ခာပုဒ်အချို့ ကို ပြင်ဆင်ဖြည့်စွက်ခြင်းကြောင့် ဒုတိယသင်္ဂါယနာတင်ခဲ့ရခြင်း ဖြစ်ပါတယ်။ တည့်တည့်ပြောရရင်တော့ ဗိမ်ခံရုံသက်သက် သာသနာအတွင်း နေထိုင်ခြင်းဟာ သာသနာရဲ့ဂုဏ်ကို ညှိုးနွမ်းစေပါတယ်။ ဘုန်းကြီးတို့အနေနဲ့ သာသနာ့ဘောင်အတွင်း ဝင်ရောက်လာရခြင်းကိုက ဝိမုတ္တိသုခ(လွတ်မြောက်ခြင်း)ကို ရရှိဖို့ ဖြစ်ပါတယ်။ စားဝတ်နေရေးကိစ္စ ဖြေရှင်းဖို့အတွက် ဗိမ်ခံပစ္စည်းများနဲ့ သာယာနေဖို့အတွက် မဟုတ်ပါဘူး။ (၁၀)ချက်လုံးကို နောင်အခွင့်အခါသင့်ရင် သေချာ အကျယ်ကို

ရှင်းပြပါမယ်။

မေး။ **သာသနာနဲ့ သာသနာဝင်တွေအပေါ် စိတ်စေတနာအပြည့်ထားလို့ ရှင်းပြပေးတဲ့အတွက် ကျေးဇူးတင်ပါတယ်ဘုရား။ သာသနာမှာ အကြည်ညိုလွန်ကဲမှုတွေကြောင့် ဘာတွေ ဖြစ်နိုင်ပါသလဲဘုရား။**

ဖြေ။ ဒီတစ်ပတ်အတွက် ဒီမေးခွန်းက နောက်ဆုံးမေးခွန်း ဖြစ်လိမ့်မယ်လို့ ထင်ပါတယ်။

မေး။ **တင်ပါ့ဘုရား။**

ဖြေ။ ဘာကြောင့်လဲဆိုတော့ အခြားကိစ္စရေးရာတွေ ဆောင်ရွက်စရာ ရှိသေးလို့ပါ။ ကဲ… ဒကာမေးတဲ့ နောက်ဆုံးမေးခွန်းကို ဘုန်းကြီးတို့အနေနဲ့ ဖြေရမယ်ဆိုရင် ကြည်ညိုတာတော့ ကြည်ညိုတာပေါ့။ ရုပ်အဆင်းကို ကြည်ညိုတာလား၊ အသံကို ကြည်ညိုတာလား၊ အကျင့်ကို ကြည်ညိုတာလား၊ တရားကို ကြည်ညိုတာလား။ ဘယ်အပေါ်မှာ အခြေခံလဲ။ ကိုယ့်ကိုယ်ကို ပြန်ဆန်းစစ်သင့်ပါတယ်။ အဲဒီလို ဆန်းစစ်ဝေဖန်ခြင်းကသာ အမှန်ကိုသိစေ၊ မြင်စေနိုင်မှာ ဖြစ်ပါတယ်။ တချို့ ကြည်ညိုမှုတွေက ကျော်စောမှုနောက်ကို လိုက်ကြတယ်။ ထိုပုဂ္ဂိုလ်ရဲ့ အကျင့်တရားကို ရေရေရာရာမသိဘူး။ သူများပါးစပ်ထဲက လျှာတစ်ချောင်းအပြောနဲ့ လမ်းဆုံးပြီး လမ်းပျောက်နေတဲ့ ဘုန်းကြီးတို့ သာသနာဝင်တွေကို ယခုအမိန့်ရှိမယ့် စကားလေးနဲ့ မျှဝေအသိပေးလို့ ဒီတစ်ပတ်အတွက် အဆုံးသတ်ချင်ပါတယ်။

'ကြည်ညိုတာတော့ ကြည်ညိုတာပေါ့။ သဒ္ဓါလွန်ကဲသွားရင်တော့ ပညာမပါတော့ဘဲ ပုဂ္ဂိုလ်မင်ပြီး လုပ်သမျှ ထောက်ခံ၊ ထောက်ခံသမျှလွဲပြီး မွဲတော့တာပါပဲ'။

ကဲ… အဲဒီအပေါ်မှာ မေးခွန်းထုတ်စရာရှိရင်တော့ နောက်တစ်ပတ် ဆက်ကြတာပေါ့ဗျာ။

မေး။ **'တင်ပါ့ဘုရား' ဟုဆိုကာ စာရေးသူလည်း ဆရာတော်၏ သွက်လက်သော အတွေးအခေါ်များနောက် ရှေ့တစ်ပတ်ဆက်၍ မီအောင်လိုက်ရပါဦးမည် မဟုတ်ပါလား။**

● ● ●

# သာသနာအတွက် လျှောက်လှမ်းရမည့်လမ်း (၂)

ဘာလိုလိုနဲ့ ဆရာတော် အရှင်ထေရိန္ဒထေရ် အရှင် မြတ်နှင့် စာရေးသူတို့ အပတ်စဉ် ဆုံဖြစ်ခဲ့ရာ စာရှုသူများ ထံသို့ ရှုထောင့်အစုံကနေ အပြန်အလှန် ဆွေးနွေးဖြစ်ခဲ့ သမျှကို အပတ်စဉ်တင်ပြခဲ့ရာ ယခုတစ်ပတ်ဆိုလျှင် အပိုင်း(၆)သို့ ရောက်ရှိခဲ့ပါပြီ။ ယခုတစ်ပတ်တော့ ရှေ့ တစ်ပတ်က အဆုံးသတ်ကို ပြန်ကောက်ရင်း စာရေးသူတို့ အမေးအဖြေ အခန်းကဏ္ဍလေးကို စလိုက်ကြဦးစို့ရယ်။

မေး။ **'ကြည်ညိုတာတော့ ကြည်ညိုတာပေါ့။ သဒ္ဓါ လွန်ကဲသွားရင်တော့ ပညာမပါတော့ဘဲ ပုဂ္ဂိုလ်မင်ပြီး လုပ်သမျှ ထောက်ခံ၊ ထောက်ခံသမျှလွဲပြီး မွဲတော့တာ ပါပဲ' ဆိုတဲ့နေရာမှာ ရှေ့တစ်ပတ်က အဆုံးသတ်ခဲ့ပါတယ် ဘုရား။ ယခုတစ်ပတ်တော့ ဗုဒ္ဓရဲ့ အသံတော်ရှစ်ပါးနဲ့ ပတ်သက်ပြီး တပည့်တော်အနေနဲ့ နာယူမှတ်သားချင်ပါတယ် ဘုရား။**

ဖြေ။ မေးခွန်းလေးက ကောင်းသား။ ဗုဒ္ဓရဲ့ အသံ တော်နဲ့ ပတ်သက်ပြီး ပြောကြဆိုကြရင်းနဲ့ ယနေ့ဗုဒ္ဓရဲ့ သားတော်တွေလို့ ပြောနေကြတဲ့ ဘုန်းကြီးတို့အနေနဲ့လည်း မိမိရဲ့အသံတွေကို သတိမမူလို့ အသားကုန် ဟစ်အော်နေ

ကြတဲ့အပေါ် အခုဆိုရင် ပတ်ဝန်းကျင်က ဝေဖန်ပြောဆိုလာတဲ့ စကားတွေကိုလည်း ကြားနေရပါတယ်။ ကဲ… ထားပါတော့။ ဗုဒ္ဓရဲ့ အသံတော်အကြောင်းကို အရင်ပြောကြတာပေါ့။ ဘုန်းကြီးတို့ မြတ်ဗုဒ္ဓဟာ အင်မတန်ကို သာယာခြင်းနဲ့ ပြည့်စုံတဲ့ (မဥ္ဇူ)အသံရယ်လို့ ရှိပါတယ်။ နောက်တစ်ပါးကတော့ သန့်ရှင်းစင်ကြယ်ခြင်းနဲ့ ပြည့်စုံတဲ့ (ဝိသဋ္ဌ)အသံတော်နဲ့လည်း ကြည်ညိုဖွယ်ရာအသွင်ကို ဆောင်ပါတယ်။ ပြီးတော့ သိလွယ်ခြင်း(ဝိညေယျ)၊ နောက်တစ်ချက်ကတော့ နာချင်ဖွယ်ရှိမှု(သဝနီယာ)တို့ဖြစ်ပြီး ဖရိုဖရဲကင်း၍ပျံ့နှံ့ခြင်း (ဝိသာရီနော)၊ တစ်စည်းတစ်လုံး တည်ရှိခြင်း(ဗိန္ဒု)တို့ ဖြစ်ပါတယ်။ နောက်နှစ်ပါးကတော့ နက်နဲခြင်းဆိုတဲ့(ဂမ္ဘီရ)နဲ့ ပဲ့တင်ထပ်ခြင်းဆိုတဲ့(နိန္နဒီ)တို့ပဲ ဖြစ်ကြပါတယ်။

မေး။ **တင်ပါ့ဘုရား။ အင်မတန်ကို ကြည်ညိုစရာ ဖြစ်ရပါတယ်။ ဒါပေမဲ့ အရှင်ဘုရား အမိန့်ရှိသွားတဲ့အထဲမှာ ဗုဒ္ဓရဲ့ သားတော်တွေဖြစ်တဲ့ ဘုန်းကြီးတို့ရဲ့ အသံတွေကိုလည်း ပြန်လည်ဆန်းစစ်ဖို့ လိုတယ်ဆိုတဲ့သဘော ပြောဆိုသွားတာ တွေ့ရပါတယ်ဘုရား။ အဲဒီအပေါ်မှာလည်း တပည့်တော် နားလည်အောင် အမိန့်ရှိစေချင်ပါတယ် ဘုရား။**

ဖြေ။ အသံဆိုတာ သာမှ နားဝင်ချိုသလို မိမိအမိန့်ရှိလိုက်တဲ့ စကားလုံးတိုင်းဟာလည်း မာယာသာဌေယျကင်းသော ဓမ္မစကားလုံးတွေသာ ဖြစ်သင့်ပါတယ်။ ယနေ့ ပတ်ဝန်းကျင်မှာ ဓမ္မပူဇာသဘင်တွေ ဆင်ယင်ကျင်းပနေကြတာ အားလုံး နားနဲ့ မျက်စိနဲ့ မြင်ကြားလျက်ပါပဲ။ အချို့အချို့သော ပုဂ္ဂိုလ်တွေက တရားသားပါတဲ့ စကားလုံးတွေထက် အဆွဲအငင် အကွေ့အကောက်တွေနဲ့ ဟောနေကြတာတွေလည်း ရှိသလို မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေးဆိုတဲ့ ခေါင်းစဉ်အောက်မှာ ဟောပြောနေသော အသံတွေကို ကြားနေရတဲ့သူတွေအဖို့ နှစ်လိုဖွယ်မရှိသလို မြတ်ဗုဒ္ဓရဲ့ အကျင့်မြတ် ပဋိပတ်တွေနဲ့လည်း ကင်းကွာနေပါတယ်။ အချို့သော ဆရာတော်များကတော့ ဗုဒ္ဓရဲ့ ဓမ္မစကားလုံးတွေကို တရားနာပရိသတ် ရင်ထဲရောက်အောင် ငြိမ်းချမ်းစွာနဲ့ ပို့နိုင်ကြတာကို တွေ့ရတာလည်း ဘုန်းကြီးတို့အနေနဲ့ အလွန်ပဲကြည်ညိုမိပါတယ်။ ပြောချင်တာကတော့ အသံရဲ့ဖော်ပြချက် ဘယ်လောက် အရေးကြီးသလဲဆိုတာကို ဗုဒ္ဓရဲ့ အသံတော်ရှစ်ပါးအပေါ် အခြေခံပြီး ဘုန်းကြီးတို့တွေလည်း အတုယူပြီး ကျင့်သုံးလို့ ပြောဆိုဟောပြောသင့်ပါတယ်။ ကပ်ပြီး ပြောစရာတော့ ရှိပါတယ်။ ဘုရားက သဗ္ဗညုတဉာဏ်ရှင် ဖြစ်တယ်။ ကျုပ်တို့က ပုထုဇဉ်ပဲ။ ဒီလိုဓောဒကမျိုးတက်လာခဲ့ရင်တော့ ဒါဟာ ကိုယ့်အပြစ်ကို ကိုယ်ဖုံးဖို့ ဆင်ခြေ

လက်နက်တစ်ခုပဲ ဖြစ်ပါတယ်။

မေး။ **တင်ပါ့ဘုရား။ ဒါဆိုရင် အသံရဲ့ အထားအသို၊ အတိုးအကျယ်ကို သတိပြုဖို့ လိုအပ်တာပေါ့ဘုရား။**

ဖြေ။ မှန်ပါတယ်။ ကိလေသာပါးရေး ဟောပြောပေးနေကြတဲ့သူတွေအဖို့ မိမိကိုယ်တိုင် ကိလေသာ ၁၀ ပါးအစွန်းကို ကပ်ငြိနေမယ်ဆိုရင် ဘယ်လိုလာပြီး တရားနာသူတွေလည်း အပူကင်းနိုင်ပါ့မလဲ။ မီးဆိုတာ အရှိန်ပြင်းရင် ပြင်းသလောက် ဘေးပတ်ဝန်းကျင်ကို အပူဟပ်ပါတယ်။

မေး။ **ဒါဆိုလို့ရှိရင် ကိလေသာအစွန်းကို မကပ်ဘဲ ဘယ်လိုမျိုး ဟောပြောသင့်ပါသလဲ။ တရားနာသူတွေ အနေနဲ့လည်း ဘယ်လို တရားမျိုးကို ရွေးချယ်နာယူသင့်ပါသလဲ။**

ဖြေ။ တရားဟောတဲ့ သူတစ်ဦးဟာ မေတ္တာစိတ် ရှိရပါမယ်။ မည်သူမည်ဝါ အပေါ်မှ ကောဓ-စိတ်ဆိုးခြင်း မရှိရပါဘူး။ မိမိမသိဘဲ မပိုင်နင်းဘဲ မက္ခ- လိမ်လည်ခြင်း၊ ကျေးဇူးကို ချေဖျက်ခြင်း အစရှိတာတွေကိုလည်း ရှောင်ကြဉ်ရပါမယ်။ အထူးသဖြင့်တော့ အများကို ဆုံးမဟောပြောသူတစ်ဦးအတွက် အရေးအကြီးဆုံး သတိထားရမယ့် အချက်ကတော့ မနောကံက ကြံလိုက်တိုင်း ဝစီကံက ထွက်လာတဲ့ အသံတွေမှာ ဣဿာမစ္ဆရိယ=မနာလိုခြင်း၊ ဝန်တိုခြင်းတွေ ကင်းရှင်းနေဖို့ လိုပါတယ်။ ပစ္စည်းဝတ္ထုကို မကောင်းသဖြင့် ယူလိုခြင်း ကင်းရပါမယ်။ ဒါကို ပါဠိလို ပြောရင်တော့ ပြဒါသလို့ ခေါ်ပါတယ်။ အချို့တွေဟာ ဘုရားပေးထားတဲ့ ပလ္လင်ပေါ် တက်ပြီး အခြားသော ဝေနေယျတွေအပေါ်မှာ စကားအားဖြင့် ဝိဟိံသာ-ညှဉ်းဆဲခြင်းကို ဖြစ်စေသော အပြု၊ အပြောတွေနဲ့ အစဉ်အဆက် နေထိုင်လာကြတဲ့ မတူကွဲပြားမှုတွေ အပေါ်ကို အခြေခံပြီး လူအချင်းချင်းကြားမှာ ဥပနာဟ-မိတ်ဖျက်ခြင်း၊ ရန်ငြိုးဖွဲ့ခြင်းကိစ္စတွေကို အစွန်းထွက်လို့ ဗုဒ္ဓအလိုကို မျက်ကွယ်ပြုပြီး ကိုယ့်အလိုနဲ့ ပေါင်းစပ်ကာ မာယာဆိုတဲ့ လိမ်လည်လှည့်ပတ်ခြင်းသဘောကိုဆောင်လို့ စဉ်းလဲကောက်ကျစ်သော သာဌေယျစိတ်ဓာတ်တွေနဲ့ မာန်ယစ်ထောင်လွှားပြီး ပလ္လင်တော်အပေါ်မှာ မီးဟုန်းဟုန်း တောက်နေကြပါတယ်။ ဒီတော့ အဲဒီလိုမျိုး အစွန်းထွက်ဟောပြောမှုတွေကို ဒကာ၊ ဒကာမအပေါင်း သူတော်ကောင်းတို့အနေနဲ့ ဉာဏ်အပိုင်းအခြားနဲ့ ဆင်ခြင်သုံးသပ်လို့ ရှောင်ရှားသင့်ပါတယ်။

မေး။ **တင်ပါ့ဘုရား။ အင်မတန်မှ အရေးကြီးတဲ့ Message တစ်ခုကို ရလိုက်တယ်လို့ ခံစားရပါတယ်ဘုရား။ အလှူတကာ့ အလှူထဲမှာလည်း တရားအလှူက**

**အမြတ်ဆုံးလို့ ဆိုပါတယ်။ ဒါကြောင့် တရားအလှူကို ပေးလှူတဲ့နေရာမှာ စီစဉ်ဆောင်ရွက်သူတွေအနေနဲ့ အရှင်ဘုရား အခုအမိန့်ရှိခဲ့တာတွေကို သတိထားပြီး အမြတ်ဆုံးသော တရားအလှူကို ဗုဒ္ဓအလိုကျ ပေးလှူနိုင်အောင်လို့ ထပ်ဆင့်လမ်းညွှန်ပေးပါဦးဘုရား။**

ဖြေ။ စီစဉ်ဆောင်ရွက်သူတွေအနေနဲ့ အဓိကအရေးကြီးတဲ့မေးခွန်းကို မိမိကိုယ်မိမိ ပြန်မေးရပါလိမ့်မယ်။ ငါက ဘာကို ဖြစ်ချင်တာလဲ။ တရားပွဲကျင်းပတယ်ဆိုတာ ကိုယ်ကိုယ်တိုင်လည်း ငြိမ်းချမ်းဖို့ အရေးကြီးသလို တရားနာပရိသတ်တွေလည်း အေးချမ်းဖို့ လိုတယ်ဆိုတာကို သိထားရပါမယ်။ တကယ်တော့ တရားနာတယ်ဆိုတာ (၁၁)ပါးသော မီးတောက်ထဲမှ ရုန်းထွက်ဖို့၊ လွတ်မြောက်ဖို့ပဲ ဖြစ်ပါတယ်။ အထူးသဖြင့် ဟောကြားသူတွေကိုလည်း ရွေးချယ်ပင့်ဆောင်တတ်ဖို့ လိုပါတယ်။ ဘုန်းကြီးတို့ နားလည်တာကတော့ အသုံးကျ ဗုဒ္ဓဘာသာဝင်တွေဖြစ်ဖို့ လမ်းညွှန်ပြသပေးနိုင်တဲ့ ဆရာတော်၊ သံဃာတော်တွေကို ပင့်ဆောင်ပြီး ဗုဒ္ဓအလိုနဲ့ ကိုက်ညီတဲ့ ဓမ္မဝါစကတွေကို ဟောပြောမယ့်သူဖြစ်ဖို့ စီစဉ်ဆောင်ရွက်သူတွေအနေနဲ့ လုပ်ဆောင်သင့်တဲ့ ကိစ္စတွေပဲ ဖြစ်ပါတယ်။ တရားပွဲကျင်းပသူတွေဟာ မိမိပင့်မယ့် ဆရာတော်ရဲ့ တရားတော်တွေကိုတော့ ကြေညက်အောင်လုပ်ထားဖို့ လိုပါတယ်။ ဒါမှသာလျှင် တစ်ဆင့် ပြန်လည်ဖြန့်ဝေတဲ့နေရာမှာ မှန်ကန်သော ဓမ္မတွေကို တရားနာသူတွေရဲ့ ရင်ထဲရောက်အောင် ပို့ပေးနိုင်မှာ ဖြစ်ပါတယ်။ အနှိုင်းမဲ့ အလှူဖြစ်တဲ့ တရားအလှူဟာ ပစ္စုပ္ပန်ကိုလည်း ငြိမ်းချမ်းစေသလို သံသရာအတွက်လည်း ပစ္စုပ္ပန်အကြောင်း ကောင်းပြီးသားဖြစ်တဲ့အတွက် ရတက်ပွားစရာ မလိုပါဘူး။

မေး။ **တင်ပါ့ဘုရား။ ဒါဆို တရားနာသူတွေအနေနဲ့ မြတ်ဗုဒ္ဓရဲ့ စစ်မှန်သော တရားတော်တွေကို နာကြားခွင့်ရခြင်းဖြင့် ဘယ်လို အကျိုးကျေးဇူးမျိုးတွေ ထပ်မံရရှိနိုင်ပါသလဲဘုရား။**

ဖြေ။ တရားနာကြားရခြင်းအတွက်ကြောင့် အကျိုးကျေးဇူးတွေ အနေနဲ့ကတော့ (၅)ပါး သတ်မှတ်ထားတာ ရှိပါတယ်။

၁။ မိမိတို့ မကြားဘူးသော တရားကောင်းတို့ကို နာကြားရခြင်း။

၂။ ကြားဖူးခဲ့သော တရားကောင်းတို့ကို ထပ်တလဲလဲ တစ်ဖန်နာကြားရခြင်း။

၃။ ယုံမှားသံသယများအပေါ်မှာ ဝိဘဇ္ဇလုပ်၍ (ဝေဖန်ပိုင်းခြား) သုံးသပ်ပြီး ပယ်ဖျောက်နိုင်ခြင်း။

၄။ ကောင်းမွန်သော အယူဝါဒကို ဖြောင့်မတ်စွာ ရယူနိုင်ခြင်း။

၅။ သဒ္ဓါတရား ယုံကြည်စိတ် ထက်သန်စေခြင်း။
ဒီအကျိုးကျေးဇူး (၅)ပါးကို တရားနာသူတွေအနေနဲ့ နှလုံးသွင်းမှန်စွာ နာယူမှတ်သား ကြမယ်ဆိုရင် မလွဲဧကန် မုချအမှန် ရရှိကြမှာ ဖြစ်ပါတယ်။

မေး။ **အရှင်ဘုရား အခုအမိန့်ရှိတဲ့ စကားလုံးတွေတိုင်းဟာ သစ္စာတရားကို အခြေခံပြီး ဗုဒ္ဓမျက်နှာတော်ကို မျက်နှာမူလို့ ကြည်ညိုရှင်းစွဲစိတ်နဲ့ သာသနာကို တကယ်ချစ်မြတ်နိုးပြီး ရေရှည်တည်တံ့နိုင်မြဲအောင် လမ်းညွှန်ပေးတယ်လို့ ခံစားမိပါတယ်ဘုရား။ တကယ်တော့ တပည့်တော်တို့ ရရှိနေတဲ့ ဘဝလေးဟာ အင်မတန်ကို တိုတောင်းလွန်းလှပါတယ်။ တစ်ဦးနဲ့တစ်ဦး အမုန်းမသင့်ဘဲ မေတ္တာသင့်လို့ ဆက်ဆံကြရင် တပည့်တော်တို့ရဲ့ တိုင်းပြည်အနာဂတ်ဟာလည်း ရောင်နီသမ်းလို့ လှပဝေဆာနေပါလိမ့်မယ်ဘုရား။**

ဖြေ။ ဘုန်းကြီးတို့အနေနဲ့ ဗုဒ္ဓအလိုနဲ့ မလွဲစေချင်လို့ အခုလို အမိန့်ရှိရတာ ဖြစ်ပါတယ်။ ကိုယ်အခြေအရံပေါဖို့၊ ကိုယ်လာဘ်လာဘပေါဖို့ ဆိုရင်တော့ အများ ရေလိုက်ငါးလိုက်ဆိုရင် ကိုယ်လည်း ရေလိုက်ငါးလိုက်နေရုံပါပဲ။ အဲဒီလို နေလိုက်ရင် ကိုယ်သိထားတဲ့ အသိတွေဟာ အသိပညာအဆင့်ကို ရောက်မလာတော့ပါဘူး။ တကယ်တော့ ဒကာပြောသလိုပဲ ရခဲလှတဲ့ လူ့ဘဝကို ဘယ်လို အဆုံးသတ်မှာလဲ ဆိုတာကို တွေးသိဖို့ လိုပါတယ်။ လူ့ဘဝဆိုတာ ရရန် အလွန်ခက်ခဲလွန်းလှပါတယ်။ လူ့ဘဝရပြန်တော့လည်း ဘုရားပွင့်တဲ့ခေတ်နဲ့ ကြုံသော်ငြားလည်း ရဟန်းအဖြစ်ကို ရရန် ခက်ခဲလွန်းလှပါတယ်။ ဒီလိုပါပဲ၊ သဒ္ဓါတရားနဲ့ ပြည့်စုံတဲ့သူ ဖြစ်ဖို့ဆိုတာက မလွယ်တဲ့ကိစ္စပဲ ဖြစ်ပါတယ်။ အခက်ခဲဆုံးကတော့ လူလည်း ဖြစ်ပါရဲ့။ ဘုရား သာသနာနဲ့လည်း ကြုံတွေ့ပါရဲ့။ တစ်ဆင့် ပြန်လည်ဟောမယ့် ဘုရားသားတော် စစ်စစ်လည်း ရှိပါရဲ့နဲ့ မိမိကလည်း သဒ္ဓါတရား ကောင်းမွန်ပြီး သစ္စာတရားအစစ်ကို မနာကြားရဘူး ဆိုရင်တော့ ယခုရတဲ့ လူ့ဘဝအရင်းလည်း စိုက်၊ အမြတ်လည်း မထွက်။ လားရာအိမ်ကို အပြန်မလှ ပြန်ကြရဦးမှာပဲ ဖြစ်ပါတယ်။ ကဲ··· ဘုန်းကြီး တို့နဲ့ဒကာ အပတ်စဉ်ဆိုသလို ဆွေးနွေးလာကြတာ ဒီတစ်ပတ်တော့ 'လွဲနေတာကို ပြောနေတာပါ'ဆိုတဲ့ ခေါင်းစဉ်အောက်မှာ နောက်ဆုံးအနေနဲ့ အထူးသတိပေး မိန့်ကြားချင်တာကတော့ သဒ္ဓါ ပညာ အချိုးကျစွာနဲ့ ပေါင်းစပ်လို့ မိမိတို့ရဲ့ အနာဂတ် တွေကို တည်ဆောက်နိုင်ကြပါစေလို့ ပြောရင်းအဆုံးသတ်လိုက်ပါတယ်။

မေး။ **'တင်ပါ့ဘုရား။ စေတနာသဒ္ဓါတရား ထက်သန်စွာနဲ့ ဉာဏ်အလင်း တွေကို ဖွင့်ပေးပြီး ရခဲလှသော လူ့ဘဝကို ဗုဒ္ဓအလိုနဲ့ တပည့်တော်တို့ သာသနာဝင်**

တွေအားလုံး ဆက်လက်လျှောက်လှမ်းနိုင်ဖို့ အရှင်ဘုရားရဲ့ တရားစကားများဟာ တပည့်တော်တို့ စာရေးသူ၊ စာရှုသူတွေအတွက် အားပေးစကားတွေကို ဖြစ်စေပါတယ်။ လွတ်မြောက်ခြင်း လမ်းစကိုလည်း ရောက်ရှိစေနိုင်ပါတယ်ဘုရား။'

လျှောက်တင်သော စာရေးသူ၏ စကားအဆုံးတွင် ဆရာတော်နှင့် စာရေးသူတို့ အမှတ်မထင် သံပြိုင်သာဓုခေါ်လိုက်မိရာ စာရှုသူ များလည်း မှုဝေပီတိ ခံစားရင်းဖြင့် အသိသာဓု ခေါ်ကြပါကုန်လေသတည်း။

● ● ●

# သာသနာအတွက် လျှောက်လှမ်းရမည့်လမ်း (၃)

ဆရာတော်အရှင်ထေရိန္ဒနှင့် ဓမ္မအမေးအဖြေများကို ရှေ့တစ်ပတ်က အဆုံးသတ်ခဲ့ပါသည်။ သို့သော်လည်း ဆရာတော်ထံမှ မိန့်ဆိုစကားများ ကျန်ရှိနေသေးကြောင်း အကြောင်းကြားလာရာ စာရေးသူလည်း ဆရာတော်ထံသို့ ယခုတစ်ပတ် ထပ်မံရောက်ရှိခဲ့ပြီး ဆရာတော်၏ အတွေးများမှ အန်ထွက်လာမည့် စကားလုံးများကို ခံယူရင်း စာရှုသူများနှင့် စာရေးသူတို့ကြား ပေါင်းကူးဆက်သွယ်ရင်းဖြင့် ကုသိုလ်ပြု အမျှဝေလိုက်ပါသည်။

ဖြေ။ ကဲ…ဒီတစ်ခါတော့ ကျန်တာလေးတွေကို ပြောချင်လို့ ဒကာလေးကို ဖုန်းဆက်လိုက်တာ ဖြစ်ပါတယ်။

မေး။ **အမိန့်ရှိပါ။**

ဖြေ။ ဒီလိုပါ ဒကာလေးရယ်၊ သာသနာကို ချစ်ရမယ်။ သာသနာကို ကာကွယ်ကြရမယ်ဆိုတဲ့ စကားလုံးကို တွင်တွင်သုံးလို့ တကယ်တော့ သာသနာကို ကျောခိုင်းလျှောက်နေသူတွေ ဖြစ်နေကြတဲ့အပေါ် ဘုန်းကြီးတို့ ရင်ထဲအတော်ကို မကောင်းလှပါဘူး။

မေး။ **တင်ပါ့ဘုရား။ ဘာကြောင့်ပါလဲဘုရား။ သာ**

**သနာကို ချစ်တယ်ဆိုတာတွေဟာ တကယ်တော့ ဖြစ်သင့်တဲ့ အလုပ်တွေပဲ မဟုတ်ဘူးလားဘုရား။**

ဖြေ။ ဟုတ်တာပေါ့။ ဒါတွေဟာ ဖြစ်သင့်တဲ့ အလုပ်တွေပဲ။ ဒါပေမယ့် တချို့သောသူတွေရဲ့ လုပ်ရပ်တွေဟာ စကားလုံးအဓိပ္ပာယ်နဲ့ လုပ်ဆောင်ချက်တွေ လွဲနေတာကို တွေ့ရပါတယ်။ ဘုန်းကြီးတို့မှာ ပုဂ္ဂိုလ်ရေးခံစားချက် ဘာမှမရှိဘူး။ ဘယ်သူ့ကို မုန်းတယ်၊ ဘယ်သူ့ကို မနှစ်သက်ဘူး၊ ဘယ်သူကတော့ ဘာဖြစ်တယ်ဆိုတဲ့ စိတ်တွေဟာ တကယ်တော့ ကိုယ့်ကို အလွန်ပင်ပန်းဆင်းရဲစေပါတယ်။

မေး။ **အရှင်ဘုရားအမိန့်ရှိတာကို တပည့်တော် ကွက်ကွက်ကွင်းကွင်း နားမလည်သေးပါဘူးဘုရား။**

ဖြေ။ ဖြည်းဖြည်းပေါ့ ဒကာလေးရယ်။ ပြောကြဆိုကြရင်းနဲ့ နားလည်သွားမှာပါ။ ကဲ… စပြောကြရအောင်။ ဒီလိုပါ ဒီဘက်ခေတ်မှာ ဘာစောင့်ရှောက်ရေးအဖွဲ့၊ ညာစောင့်ရှောက်ရေးအဖွဲ့ ဆိုတာတွေ ဘာသာသာသနာနဲ့ ပတ်သက်လာလို့ အတော်ကို ခေတ်စားလာတယ်။ တက်ကြွလှုပ်ရှားသူအများအပြားကိုလည်း တွေ့ရပါတယ်။ သူတို့အားလုံးရဲ့ ဘုံဦးတည်ချက်က သာသနာတော်အစွန့်ရှည်ဖို့ဆိုတာပါပဲ။ ဒါပေမယ့် ဦးဆောင်လှုပ်ရှားသူတွေရဲ့ အပြောအဆိုအပြုအမူတွေကတော့ အတော်ကို ဗုဒ္ဓရဲ့ ဓမ္မတွေနဲ့ လွဲချော်နေတာ တွေ့ကိုတွေ့ရပါတယ်။ သာသနာဆိုတာ မြန်မာလို နားလည်အောင်ပြောတော့ အဆုံးအမလို့ အဓိပ္ပာယ်ရပါတယ်။ အဆုံးအမဆိုတာကို မြတ်ဗုဒ္ဓရဲ့တရားဓမ္မတွေနဲ့အညီ မိမိကိုယ်ကိုစောင့်ရှောက်ဖို့၊ ပြီးတဲ့အခါ သူတစ်ပါးကို စောင့်ရှောက်ဖို့ အစရှိတာတွေပဲ ဖြစ်ပါတယ်။ မြတ်ဗုဒ္ဓရဲ့ အဆုံးအမအတိုင်းဟာ လွတ်မြောက်ခြင်းဆိုတဲ့ ဝိမုတ္တိကို ဦးတည်ပါတယ်။ အခုတော့ အဲဒီလိုမဟုတ်ဘဲ သာသနာကို ကာကွယ်စောင့်ရှောက်မယ်လို့ ပြောတဲ့သူတွေဟာ အနှောင်အဖွဲ့ပါတဲ့ စကားလုံးတွေနဲ့၊ အတိုက်အခိုက်တွေနဲ့ စောင်းမြောင်းပြီး ပြောဆိုနေကြတာတွေဟာ သာသနာကို ကာကွယ်ရာမရောက်ဘဲ သာသနာကို ညှိုးနွမ်းစရာဖြစ်စေပါတယ်။

မေး။ **သဘောပေါက်ပါပြီဘုရား။ တပည့်တော်မေးခွန်းတစ်ခုလျှောက်ထားပါရစေဘုရား။ ကိုယ့်ကိုယ်ကို အထင်ကြီးလွန်းခြင်း၊ အလွန်မာန်တက်ခြင်း အစရှိတာတွေနဲ့ပတ်သက်ပြီး မြတ်ဗုဒ္ဓက မည်ကဲ့သို့ မိန့်ဆိုခဲ့ပါသလဲဘုရား။ ဘာကြောင့် ဒီမေးခွန်းကို မေးလျှောက်ရသလဲဆိုရင် ယနေ့ခေတ် မြင်ကွင်းအစုံ၊ နေရာအစုံမှာ လူတချို့ဟာ အထင်ကြီးမှု လွန်ကဲခြင်းတွေနဲ့ ငါမှငါ ဖြစ်နေကြလို့ ဒီမေးခွန်းကို မေးလျှောက်ရခြင်းဖြစ်ပါတယ်။**

ဖြေ။ ဗုဒ္ဓဟောကြားတဲ့တရားတော်တွေထဲမှာ မိမိကိုယ်ကို ဆင်ခြင်ဖို့၊ မိမိရဲ့ စိတ်ကို သိဖို့ အစရှိတဲ့ တရားတွေကို ပုံစံအစုံနဲ့ ဥပမာပေးလို့ ဆုံးမဟောကြားတော်မူခဲ့ပါတယ်။ အဲဒီအဆုံးအမတွေကို နားလည်သဘောပေါက်တဲ့ သူအတွက်ကတော့ ရောက်တဲ့နေရာမှာ သင့်တင့်လျောက်ပတ်အောင် နေတတ်ထိုင်တတ်ပြီး ဂုဏ်မာန် မထောင်လွှားဘဲ မေတ္တာအပြုံးနဲ့ သွားလေရာ လူချစ်လူခင်ပေါများနေတာကို တွေ့ရမှာ ဖြစ်ပါတယ်။ တကယ်တော့ ငါမှငါဖြစ်ခြင်းဟာ အကြောက်တရား အခြေခံရှိသော သူတွေမှာ ပိုတွေ့ရပါတယ်။ ဘာကြောင့် အဲဒီလိုဖြစ်ရသလဲဆိုရင် ရေသောက်မြစ်အဖြစ် သွယ်တန်းထားလို့ပဲ ဖြစ်ပါတယ်။ ဥစ္စာ၊ ရာထူး၊ ပညာ၊ အမျိုးဂုဏ်၊ ဇာတိဂုဏ် ဒီအရာတွေပေါ်မှာ အလွန်ပင် မာန်တက်နေခြင်းဟာ မိမိကိုယ်တိုင် ပစ္စုပ္ပန်တည့်တည့် အကျဉ်းကျနေခြင်း ဖြစ်ပါတယ်။ အဲဒီလို လူတွေကို ကြည့်မယ်ဆိုရင် ကိုယ့်လို သူတစ်ပါး လာဘ်လာဘရမှာကိုလည်း မနာလို၊ စိုးရိမ်ကြောင့်ကြစိတ်တွေ ရှိပါတယ်။ သူတစ်ပါးရဲ့ အဆင်းအလှတွေ ကိုယ့်ထက် သာသွားမှာကိုလည်း စိုးရိမ်တတ်ကြပါတယ်။ မိမိပိုင်ဆိုင်ထားတဲ့ နေရာဌာန အစရှိတာတွေကို အခြားသောသူနဲ့ ယှဉ်လာရင် ကိုယ်ကသာလျှင်အပေါ်စီးအသာစီးကနေ အမြဲတမ်းနေချင်တဲ့ စိတ်ဟာ မိမိနဲ့ မိမိပတ်ဝန်းကျင်ကို အကျည်းတန်ရုပ်ဆိုးစေပါတယ်။ နောက်တစ်ချက်ကတော့ ကိုယ့်လူမျိုးနဲ့ အခြားလူမျိုးယှဉ်ရင် ကိုယ့်အမျိုးကသာ အမြဲတမ်း မြတ်ကြောင်း၊ သာကြောင်း ကြွားဝါတတ်ပြီး သူတစ်ပါးအမျိုး မြတ်သည်ဆိုသော စကားကိုပင် နားဝမှာ မကြားချင်လောက်အောင် ဝန်တိုစိတ်ကြီးသောသူတွေ ဖြစ်ပါတယ်။ ပညာအရာမှာလည်း ကိုယ့်ထက်သာတာကို မလိုချင်ဘဲ ကိုယ်ကသာလျှင် အမြဲအသာစီးကနေ နေချင်စိတ်တွေကို သေချာပြန်သုံးသပ်မယ်ဆိုရင် အကြောက်ရောဂါစွဲကပ်နေတဲ့သူ တစ်ယောက်ဖြစ်တယ်ဆိုတာကို ပေါ်လွင်ထင်ရှားစေပါတယ်။

မေး။ **တင်ပါ့ဘုရား။ ဒါဆိုရင် ကြံစည်အားထုတ်မှုအပေါ်မှာ ဆင်ခြင်သတိကပ်မှု မရှိတဲ့အတွက်ကို ထိုစိတ်တွေ ဖြစ်တယ်လို့ ပြောလို့ရပါသလားဘုရား။**

ဖြေ။ ကြံစည်တယ်ဆိုတာကို ပါဠိလိုပြောရင် ဝိတက်လို့ခေါ်တယ်။ ဝိတက် သုံးပါးရှိတယ်။ ကာမဝိတက်၊ ဗျာပါဒဝိတက်၊ ဝိဟိံသာဝိတက်။ မြန်မာလို ပြောရင်တော့ ကာမဂုဏ်နှင့်ဆက်စပ်သော အရာအားလုံးအပေါ်မှာ ကြံစည်ပွားများ အားထုတ်ခြင်း၊ သူတစ်ပါးတို့အား သတ်ရန်ကြံစည်အားထုတ်ခြင်း၊ ပြီးတဲ့အခါမှာ တစ်ပါးသောသူတို့ကို ဘယ်လိုညှဉ်းဆဲ ဒုက္ခပေးရမလဲဆိုတာကို အမြဲတမ်း တွေးဆနေခြင်းတို့ပဲ ဖြစ်ပါတယ်။ ဒီတော့ ကာမဂုဏ်အာရုံဆိုတဲ့ သဘောကို ပြန်ကြည့်မယ်

ဆိုရင် ရာထူး၊ အာဏာ၊ စည်းစိမ်ဥစ္စာ၊ အသိုင်းအဝန်း၊ အခြွေအရံ အဲဒါတွေ အားလုံးအပေါ်မှာ ရယူပိုင်ဆိုင်ကြီးစိုးဖို့ အားထုတ်လာပြီဆိုရင် ဗျာပါဒဝိတက်က အနောက်က ကပ်ပါလာဖို့ မခဲယဉ်းတော့ပါဘူး။ အဲဒီအချိန်မှာ လူသတ်ဖို့လည်း ဝန်မလေးသလို သူတစ်ပါးအား ညှဥ်းပန်းနှိပ်စက်ဖို့လည်း မခဲယဉ်းတော့ပါဘူး။ ဒါကြောင့် 'ငါ'လွန်ကဲခြင်းကြောင့် မိမိကိုယ်တိုင်လည်း 'မီး'ဆယ့်တစ်ပါး တောက်လောင်သလို မိမိနဲ့ဆက်စပ်နေသော မိသားစုမှ အစပြုလို့ တိုင်းနိုင်ငံဟာ လည်း ဘယ်သောအခါမှ ငြိမ်းချမ်းတော့မှာ မဟုတ်ပါဘူး။

မေး။ **တင်ပါ့ဘုရား။ ကိုယ့်လူမျိုး ကိုယ့်နိုင်ငံ ကိုယ့်သာသနာကို တကယ် ချစ်တယ်ဆိုရင် ကာကွယ်နည်းမှန်ဖို့လိုသလို၊ ကာကွယ်မယ်လို့ ပြောတဲ့သူတွေဟာ လည်း သူတို့ကိုယ်တိုင် ငြိမ်းချမ်းနေဖို့ လိုတယ်ဆိုတာကို အရှင်ဘုရား အမိန့်ရှိသွားတဲ့ အပေါ်မှာ ခြုံငုံသုံးသပ်ရင်း နားလည်သဘောပေါက် ခံယူမိပါတယ်ဘုရား။**

ဖြေ။ ကျေးဇူးတင်ပါတယ်။ ဘုန်းကြီးတို့အနေနဲ့ ဒကာလေး နားလည်သဘော ပေါက်သလို ဘုန်းကြီးတို့ သာသနာဝင်အားလုံးကိုလည်း နားလည်သဘောပေါက် ငြိမ်းချမ်းစေချင်ပါတယ်။ မဖြစ်သင့်တာတွေ မဖြစ်ဖို့ မြတ်ဗုဒ္ဓရဲ့ အဆုံးအမနဲ့ အညီ သာသနာတော်ကို ကာကွယ်စောင့်ရှောက်ဖို့ဆိုရင်တော့ ဘုန်းကြီးတို့ နောက် ဆုံးအမိန့်ရှိချင်တာက -

(၁) သညာဝိပလ္လာသတရား - အမှတ်မှားခြင်း၊
(၂) ဒိဋ္ဌိဝိပလ္လာသတရား - အယူမှားခြင်း၊
(၃) စိတ္တဝိပလ္လာသတရား - အထင်မှားခြင်း၊

အဲဒီမှောက်မှားခြင်း ၃ ပါးကင်းသော အပြောအဆိုတွေနဲ့ ဗုဒ္ဓအလိုအတိုင်း ဟောပြောလို့ သာသနာတော်နှင့် မိမိနိုင်ငံသူနိုင်ငံသားအားလုံးတို့အပေါ်မှာ လောက ပါလ တရားနဲ့အညီ ကာကွယ်စောင့်ရှောက်နိုင်ကြပါစေ။

မေး။ **တင်ပါ့ဘုရား။ စိတ်စေတနာအပြည့်နဲ့ ရင်ထဲရှိတာတွေကို သာသနာချစ်စိတ် အခြေခံလို့ အမိန့်ရှိသွားတဲ့အတွက် တပည့်တော်အပါအဝင် စာရှုသူများအားလုံး နာယူမှတ်သား လက်ဆင့်ကမ်းလို့ သာသနာတော်ကို နည်းမှန်လမ်းမှန် ကာကွယ် စောင့်ရှောက်နိုင်လိမ့်မယ်လို့ ယုံကြည်မှတ်ယူရင်း ဝမ်းမြောက်စွာ သာဓုခေါ်ဆိုအပ် ပါတယ်ဘုရား။**

● ● ●



## မြဝတီမင်းကြီးဆရာတော် အရှင်အရိယဝံသာဘိဝံသ နှင့် ဓမ္မအမေးအဖြေ

---

" မိမိတို့ နိုင်ငံအတွင်းမှာရှိတဲ့ မတူကွဲပြားမှုတွေအပေါ်မှာ
အဆိုးမြင်နေ သည့် အမြင်နှင့် အတွေးအခေါ်များကို
ဦးစွာမှန်မှန်ကန်ကန် နားလည်အောင်
ပြုလုပ်ပေး ရပေမည်။ "

---

# သင့်မြတ်ငြိမ်းချမ်း အနာဂတ်လမ်း (၁)

(၁) စရထ ဘိက္ခဝေ စာရိကံ - ချစ်သားတို့ ခရီးထွက်ကြ။

(၂) ဒေသေထ ဓမ္မံ - ရောက်တဲ့အရပ်မှာ တရားဟောကြ။

(၃) ဗြဟ္မစရိယံ ပကာသေထ - မြင့်မြတ်တဲ့ အကျင့်တရားတွေကိုလည်း ဟောပြကြ။

မြတ်ဗုဒ္ဓ၏ သာသနာတော်ပြန့်ပွားရေးအတွက် လမ်းညွှန်ခဲ့သော ထိုဩဝါဒများသည် လောကငြိမ်းချမ်းရေးကို ရှေးရှုသော ဩဝါဒများဖြစ်ပါသည်။ မြတ်ဗုဒ္ဓသည် လောကတစ်ခွင်ကို အလှဆင်ရာတွင် မိမိသူတစ်ပါး လူအများ မည်သူ့ကိုမျှ မထိခိုက်စေဘဲ သတ္တလောကတစ်ခုလုံး လူနတ်ဗြဟ္မာအားလုံးတို့အား ဝိမုတ္တိ(လွတ်မြောက်ခြင်း)လမ်းကိုသာ ဟောဖော်ညွှန်ပြ ဆိုဆုံးမတော်မူခဲ့ပါသည်။

စာရေးသူသည်လည်း မြတ်ဗုဒ္ဓ၏ ထိုဆုံးမဩဝါဒတရားတော်များနှင့်အညီ စွမ်းသမျှအားဖြင့် ငြိမ်းချမ်းရေးအတွက် လူတစ်ဦးနှင့် တစ်ဦးကြား မတူကွဲပြားသော အယူဝါဒများအကြား နားလည်မှုရှိရှိ သင့်မြတ်စွာ ပေါင်း

သင်းနေထိုင်ရေးအတွက် ငြိမ်းချမ်းရေး၊ စေ့စပ်ရေးကိစ္စများတွင် သက်တော်ဝါတော်ကြီးရင့်သော်လည်း မိမိ၏အရွယ်နှင့် ဇရာကို မငဲ့ဘဲ လောကငြိမ်းချမ်းရေးအတွက် စွမ်းသမျှ လှုပ်ရှားလှုပ်လှမ်းနေသော မြဝတီမင်းကြီးစာသင်တိုက်၏ ပဓာနနာယကဖြစ်တော်မူသော အရှင်အရိယဝံသာဘိဝံသနှင့် …

မေး။ **ဘာသာရေးခေါင်းဆောင် တစ်ဦးအနေနဲ့ ဘယ်လိုမက်ဆေ့ချ်မျိုး ဘာသာဝင်တွေကို ပေးသင့်ပါသလဲဆရာတော်။**

ဖြေ။ ဘာသာတရားအရ ကိုးကွယ်မှုတစ်ခု ယုံကြည်မှုတစ်ခုကို လက်ခံရာတွင် ထိုဘာသာတရား၊ ထိုယုံကြည်မှု၊ ထိုကိုးကွယ်မှု၏ ကိုးကွယ်မှုတန်ဖိုး၊ ယုံကြည်မှုတန်ဖိုး၊ ဘာသာတရားတန်ဖိုးဖြင့် အကဲဖြတ်သင့်ပါသည်။ ထိုတန်ဖိုးသည်ကား အခြားမဟုတ်ပါ။ ထိုကိုးကွယ်ယုံကြည်သူများကို ထိုသူတို့ရင်ဆိုင်နေရသော ဆင်းရဲဒုက္ခများမှ လွတ်မြောက်စေခြင်းပင် ဖြစ်ပါသည်။ ထိုတန်ဖိုးဖြင့် တိုင်းတာကြည့်၍ရသော ဘာသာတရားသည် ကိုးကွယ်ထိုက်သော ဘာသာတရားဖြစ်ပြီး ထိုတန်ဖိုးကို မပေးစွမ်းနိုင်သော ဘာသာတရားသည် စွန့်ပယ်ထိုက်သော ဘာသာတရားဖြစ်သည်။ တစ်နည်းပြောရပါမူ ကိုးကွယ်မှုဘာသာတရားသည် လူသားအတွက်ဖြစ်သင့်၏။ လူသားသည် ကိုးကွယ်မှုဘာသာတရားအတွက် ဖြစ်နေခြင်းသည်ကား သဘာဝမကျသော ဖြစ်စဉ်တစ်ခုဟု မှတ်ယူသင့်ပေသည်။

ယခုခေတ် ဘာသာရေးအစွဲအလန်းကြီးမားနေမှုများသည် ထိုကဲ့သို့ စံတန်ဖိုးဖြင့် တိုင်းတာခြင်း မပြုကြသောကြောင့် Blind Faith အကန်းယုံဘဝရောက်နေရခြင်း ဖြစ်ပေသည်။

မေး။ **ဆရာတော်အနေနဲ့ ဘာသာတရားနှင့် နိုင်ငံသားဖြစ်တည်မှု ဘယ်အရာက ပိုအရေးပါတယ်လို့ ထင်ပါသလဲ။**

ဖြေ။ အခြားဘာသာအနေနဲ့ ရဲရဲမပြောရဲသော်လည်း ဗုဒ္ဓဘာသာတရားအနေနှင့်မူ ရဲရဲပြောရဲပါသည်။ ထိုအချက်ကား အခြားမဟုတ်။ ဗုဒ္ဓဟောကြားသည့် ဘာသာတရား တန်ဖိုးကင်းမဲ့သူသည် နိုင်ငံသားကောင်း မဖြစ်နိုင်ဘဲ ဗုဒ္ဓဟောကြားသည့် ဘာသာတရား တန်ဖိုးများနှင့် ကိုက်ညီစွာနေထိုင်သွားသော နိုင်ငံသားတို့သည်သာ နိုင်ငံ၏ ညီညွတ်မှု ငြိမ်းချမ်းမှုကို အကျိုးပြုနိုင်သော နိုင်ငံ့သားကောင်းများဖြစ်နိုင်ပေသည်။

မေး။ **ယနေ့ ကမ္ဘာပေါ်မှာ အကြမ်းဖက်ဝါဒ လမ်းစဉ်တွေဟာ တဖြည်းဖြည်း**

**များလာနေတာကို တွေ့ရပါတယ်။ အင်မတန် အသိရှိုးတဲ့ ဘာသာဝင်တွေကို လမ်းလွဲစေပါတယ်။ အဲဒီအပေါ်မှာ ဆရာတော်အမြင်နဲ့ သုံးသပ်ချက်ကို သိချင်ပါတယ်။**

ဖြေ။ မှန်ကန်ကောင်းမွန်သော ဘာသာရေး အဆုံးအမများကို ဖော်ထုတ်ခြင်း၊ ဖြန့်ဝေခြင်း တာဝန်များကို အသိတရားရှိရှိ တက်တက်ကြွကြွ မလုပ်ဆောင်ဘဲ တာဝန်မဲ့စွာ နေထိုင်ပြီး ကိုယ်ကျိုးစီးပွားအတွက်သာ အားထုတ်နေကြသော ဘာသာရေးခေါင်းဆောင်များ၊ ဘာသာဝင်များ များပြားနေသမျှ ကာလပတ်လုံး ထို အကြမ်းဖက်ဝါဒ လမ်းစဉ်ကြီးမှာ ရှေ့တိုးကျယ်ပြန့်လာမည်သာ ဖြစ်ပါသည်။

မေး။ **ဘာသာရေး ခေါင်းဆောင်တစ်ဦးအနေနဲ့ ဘယ်လို ကျင့်ဝတ်တွေနဲ့အညီ နေထိုင်ကျင့်သုံးသင့်ပါသလဲ။**

ဖြေ။ ဘာသာရေး ခေါင်းဆောင်တစ်ဦးအနေနဲ့ လူသားများအားလုံး ဆင်းရဲဒုက္ခအပေါင်းမှ လွတ်မြောက်စေရေး စေတနာတစ်ခုကိုသာ ရှေးရှုထား၍ လူသားအားလုံး၊ လူသားဝန်းကျင်ကြီး တစ်ခုလုံးကို ဓမ္မပျံ့နှံ့ထွန်းကားအောင် လုပ်ဆောင်ပေးခြင်းဖြင့် အဓမ္မများကွယ်ပျောက်အောင် ကြိုးစားလုပ်ဆောင်ခြင်းဖြင့် ပြည်သူအားလုံး လေးစားယုံကြည်ရသော ခေါင်းဆောင်မျိုးဖြစ်အောင် နေထိုင်ကျင့်သုံးသင့်ပါသည်။

မေး။ **ပြီးခဲ့တဲ့ စစ်ကိုင်းတောင်ရိုး သီတဂူဝိဟာရမှာ ကျင်းပခဲ့တဲ့ ဗုဒ္ဓဘာသာငြိမ်းချမ်းရေး ညီလာခံမှာ ဘာသာရေးကို အလွဲသုံးစားလုပ်ခြင်းမှ ဆန့်ကျင်ကန့်ကွက်ဖို့ သဘောတူခဲ့တယ်လို့ သိရပါတယ်။ အဲဒီအပေါ်မှာ မိမိတို့ရဲ့ သက်ဆိုင်ရာ ဘာသာတွေကို ပိုမိုသိရှိနားလည်နိုင်အောင် ဘာသာရေး ခေါင်းဆောင်တွေအနေနဲ့ ဘယ်လို ပူးပေါင်းဆောင်ရွက်မှုတွေကို ပြုလုပ်ပြီး လုပ်ဆောင်သွားဖို့ ဘယ်လို အစီအစဉ်တွေ ရှိပါသလဲ ဆရာတော်။**

ဖြေ။ ဘာသာရေးကို အလွဲသုံးစားလုပ်ခြင်းမှ ဆန့်ကျင်ကန့်ကွက်ခြင်းကို မိမိတို့လည်း သဘောတူပါသည်။ ထို့အတွက် မိမိတို့ဘာသာဝင်များအား ကောင်းမွန်မှန်ကန်သော ဘာသာရေးသွန်သင်ချက်များ၊ အဆုံးအမများ သိရှိသဘောပေါက်အောင် စာတွေ့အားဖြင့် ဟောပြောခြင်း နာယူခြင်း၊ လက်တွေ့အားဖြင့် ကျင့်ကြံအားထုတ်ခြင်းတို့ကို ကျယ်ကျယ်ပြန့်ပြန့်လုပ်ဆောင်လာအောင် လုပ်ဆောင်သွားဖို့ အစီအစဉ်များ ရှိနေပါသည်။

မေး။ **နောက်မေးခွန်းတစ်ခုအနေနဲ့ကတော့ ဘာသာရေးခေါင်းဆောင်တွေ အချင်းချင်း ခဏခဏဆိုသလို တွေ့ကြဆုံကြပြီးတော့ ငြိမ်းချမ်းရေးကြေညာချက်တွေ**

**ထုတ်နေကြတာ တွေ့ရပါတယ်။ ဒါပေမဲ့ အဲဒီကြေညာချက်တွေဟာ အောက်ခြေပြည်သူလူထုအကြား မရောက်ရှိတဲ့အတွက် ထိရောက်သော အကျိုးသက်ရောက်မှု နည်းတယ်လို့ တပည့်တော်အနေနဲ့ ထင်မြင်ယူဆမိပါတယ်။ အဲဒီအပေါ်မှာ ဆရာတော်ရဲ့ သဘောထားအမြင်ကိုလည်း သိချင်ပါတယ်။**

ဖြေ။ ဘာသာရေးခေါင်းဆောင်များ အချင်းချင်း ခဏခဏတွေ့ဆုံကြပြီး ဆွေးနွေးကြကာ ငြိမ်းချမ်းရေးကြေညာချက်တွေ ထုတ်နေကြတာဟာ ယေဘုယျသဘောတော့ ကြိုဆိုရမှာပါ။ အဘယ့်ကြောင့်နည်းဟူမူ ထိုမကြာမကြာတွေ့ဆုံမှု ဆွေးနွေးမှုများသည် အချင်းချင်းကြား ယုံကြည်မှု၊ ချစ်ခင်ရင်းနှီးမှု၊ ညီညွတ်မှုတို့ကို တိုက်ရိုက်အကျိုးပြုသော လုပ်ဆောင်ချက်များ ဖြစ်သောကြောင့် ဖြစ်ပါသည်။ အောက်ခြေပြည်သူလူထုအကြား ငြိမ်းချမ်းရေးအပေါ် စိတ်ဝင်စားမှု၊ တန်ဖိုးထားမှု ရှိလာအောင် လုပ်ဆောင်ရမည့် လုပ်ငန်းမှာ ဒုတိယတစ်ဆင့်တက် လုပ်ဆောင်ရမည့် အလုပ်များဖြစ်ပေသည်။

မေး။ **နောက်ဆုံးမေးခွန်းတစ်ခုအနေနဲ့ တပည့်တော်တို့ နိုင်ငံအတွင်းမှာရှိတဲ့ မတူကွဲပြားမှုတွေပေါ်မှာ ဘယ်လိုနားလည်မှုတွေ တည်ဆောက်ပြီး နိုင်ငံရဲ့ အနာဂတ်ငြိမ်းချမ်းရေးအတွက် ဆရာတော်တို့အနေနဲ့ မိမိတို့ရဲ့ ဘာသာဝင်တွေကြားမှာ ဘာတွေကို ပြုပြင်ပြောင်းလဲပြီး ဘာတွေကို တည်ဆောက်ယူသင့်ပါတယ်လို့ ထင်ပါသလဲ။**

ဖြေ။ မိမိတို့ နိုင်ငံအတွင်းမှာရှိတဲ့ မတူကွဲပြားမှုတွေအပေါ်မှာ အဆိုးမြင်နေသည့်အမြင်နှင့် အတွေးအခေါ်များကို ဦးစွာမှန်မှန်ကန်ကန် နားလည်အောင် ပြုလုပ်ပေးရပေမည်။ အနီးဆုံးဥပမာတစ်ခုကို ပြရမည်ဆိုလျှင် မိမိခန္ဓာကိုယ်ကိုပင် ပြရပေမည်။ ခန္ဓာကိုယ်သည် အစိတ်အပိုင်းမျိုးစုံ ပေါင်းစပ်ထားသော အရာတစ်ခုဖြစ်သည်။ လက်နှစ်ဘက်၊ ခြေနှစ်ဘက်၊ ဦးခေါင်း၊ လက်နှစ်ဘက်တွင်လည်း အရိုးအဆစ်များသည် အသေးအကြီးပုံစံမျိုးစုံဖြင့် တည်ဆောက်ထားရ၏။ ခြေမှာလည်း ထိုနည်းလည်းကောင်းပင်၊ ဦးခေါင်းမှာမူ ပါးစပ်၊ နှာခေါင်း၊ မျက်လုံး၊ နားရွက် စသည်ဖြင့် မည်သည့်အစိတ်အပိုင်းတစ်ခုမျှ တူသည်မရှိ။ ကွဲပြားခြားနားနေကြ၏။


ထိုသို့ကွဲပြားခြားနားမှုသည် ကွဲပြားခြားနားသော လုပ်ဆောင်မှုကို လုပ်ဆောင်နိုင်ရန်အတွက် သဘာဝက ပေးထားသော ကောင်းမြတ်သော အရာများဖြစ်၏ဟု ရှုမှတ်သင့်၏။ သို့မှသာ ခန္ဓာကိုယ် အသက်ရှင်တည်တံ့ရေးအတွက်

ဘက်စုံထောင့်စုံ အကျိုးပြုနိုင်ကြမည်ဖြစ်ပေသည်။ ဤဥပမာကိုကြည့်လျှင် မတူကွဲပြားမှုသည် အလှတရားဟု ပြောကြသလို ကြီးမားသော တန်ဖိုးတစ်ခုဟု ပြောနိုင်ပေသည်။ နိုင်ငံ၏ အနာဂတ် ငြိမ်းချမ်းရေးအတွက်ဆိုလျှင် နိုင်ငံသူနိုင်ငံသားတို့သည် မကောင်းသော စိတ်နေစိတ်ထားများကို ပယ်ဖျောက်ပြီး ကောင်းသော စိတ်နေစိတ်ထားများကို ဖြစ်ပွားလာအောင် တစ်ယောက်တစ်ယောက်ဆီမှတစ်ဆင့် တစ်တိုင်းပြည်လုံးအတိုင်းအတာထိ ကျယ်ပြန့်အောင် ဝိုင်းဝန်းလုပ်ဆောင်ရပေမည်။

အဆိုတစ်ခုရှိပါသည်။ If you want to change the world, you must change their thought. (သူတို့စိတ်နေစိတ်ထား အတွေးအခေါ်များ ပြောင်းလဲအောင် လုပ်နိုင်မှ ကမ္ဘာကြီးတစ်ခုလုံး ပြောင်းလဲသွားနိုင်သည်)တဲ့။

**စာရေးသူအမေးရှိခဲ့သော မေးခွန်းများအား မေတ္တာရှေ့ထား၍ ဖြေကြားပေးတော်မူသော ဆရာတော်ဘုရားအား ရိုသေစွာ ဝတ်ပြုရင်းဖြင့် စာရှုသူများ ဖတ်ရှုခံစား ငြိမ်းချမ်းကြပါစေ။**

● ● ●



ဒေါက်တာသိန်းအုန်း

(သမိုင်း၊ ပိုးကရင်အသင်းတော်သင်းထောက်လူကြီး)၊

မြန်မာနိုင်ငံ နှစ်ခြင်းခရစ်ယာန် အသင်းတော်များအဖွဲ့ချုပ်၊

သက်ကြီးရွယ်အို စောင့်ရှောက်ရေးကော်မတီဝင်

နှင့် ဓမ္မဆွေးနွေးအမေးအဖြေ

---

" လွဲမှားတဲ့ ယုံကြည်ခြင်းတွေ၊

လွဲမှားတဲ့ သွန်သင်မှုတွေကို

ရှောင်ရှားဖို့လည်း လိုပါတယ်။ "

---

# သင့်မြတ်ငြိမ်းချမ်း
# အနာဂတ်လမ်း (၂)

မတူညီသော အကြောင်းတရားတို့ဖြင့် လောကကြီးတစ်ခုလုံးသည် အရောင်အသွေးစုံလင်လှသော ပန်းပေါင်းစုံ ပွင့်လန်းရာကဲ့သို့ တည်ရှိနေပါသည်။ တစ်ရောင်တည်း မခြယ်ဘဲ ပန်းခင်းထဲကို ပျား၊ ပိတုန်းလိုကောင်များ လာရောက်ကြသည့်အခါ ပျားသည် ပန်းတို့၏ ဝတ်ရည်ကို စုပ်ယူသော်လည်း လောကလူသားတို့အတွက် ချိုမြိန်သော ပျားရည်ကို ပြန်လည်ထုတ်လုပ်ပေးပါသည်။ သို့သော် ပန်းခင်းကို ဖျက်ဆီးသော ပိတုန်း၊ အခြားပန်းဖျက်ပိုးတို့သည်မူ အရောင်အသွေးစုံလင်သည့် ပန်းခင်းကြီးကို ရက်စက်စွာ အကြမ်းဖက် ဖျက်ဆီးတတ်ကြလေသည်။ စာရေးသူသည် မိမိ၏ခေါင်းထဲ ရောက်လာသော ထိုအတွေးများကို သပ်ရပ်စွာ သိမ်းဆည်းပြီး မတူကွဲပြား ဘာသာတရားများ တူညီသော အခြေခံအကြောင်းတရားဖြစ်သည့် မေတ္တာကို အခြေခံ၍ အဖျက်ပိုးများ၏ရန်မှ ကာကွယ်ရန် သင့်မြတ်ငြိမ်းချမ်း အနာဂတ်လမ်း ခေါင်းစဉ်အောက်ဝယ်…။

ဒေါက်တာ။ ဆရာအနော်မာရေ၊ ကျနော့်ကို မေးခွန်းလေးတွေ ပြောပြတော့ စိတ်ဝင်စားလိုက်တာဗျာ။ အဲဒါနဲ့ အိမ်ကို ရောက်တာနဲ့ ထိုင်ပြီး ဖြေကြားခဲ့ပါတယ်။

ဖြေနေရင်း … အတွေးထဲဝင်လာတာက ကျွန်တော်ဟာ ဘာသာရေးခေါင်းဆောင် မဟုတ်ဘူးဆိုတာရယ်၊ မေးခွန်းများရဲ့နယ်ပယ်များကို ကျွမ်းသူလည်း မဟုတ်ပါဘူးဆိုတာတို့ပါပဲ။ ဒါပေမယ့် ဆရာအနော်မာနဲ့ ကျွန်တော်တို့နှစ်ဦးမှာ တစ်ဦးကို တစ်ဦး ချစ်ခင်ယုံကြည်စွာ လက်တွဲဆောင်ရွက်ခြင်းဆိုတဲ့ 'အမြိုက်တရား' လေး ရှိနေတော့ ကျွန်တော်ဖြေပါ့မယ်။

မေး။ **ဘာသာတရားတစ်ခုရဲ့ သွန်သင်ဆုံးမမှုတွေဟာ ဘာသာဝင်တွေအတွက် ဘယ်လောက် အရေးကြီးပါသလဲဆရာ။**

ဖြေ။ အလွန်အရေးကြီးတယ်လို့ ဆိုပါရစေ။ ဘယ်သာသာတရားမဆို လူတွေကို လိမ်မာယဉ်ကျေးစေတဲ့ သွန်သင်ဆုံးမမှုတွေနဲ့ချည်း ဖြစ်ပါတယ်။ သွန်သင်မှုတွေ အများကြီးရှိတဲ့ အထဲမှာ အဓိကအနေနဲ့ 'မေတ္တာ'တရားအကြောင်း သွန်သင်ပါတယ်။ ဘယ်သာသာတရားဖြစ်ဖြစ် ဆိုင်ရာဘာသာဝင်တွေကို မေတ္တာအကြောင်း ရှေ့တန်းက သွန်သင်ပါတယ်။ ကျွန်တော်တို့ ခရစ်ယာန်သမ္မာကျမ်းစာ၊ ဓမ္မသစ်ကျမ်းရဲ့ ကောရိန္ထုသြဝါဒစာ၊ ပထမခေါင်၊ အခန်းကြီး ၁၃ မှာ 'မေတ္တာထားကြပါ'လို့ ဖော်ပြထားပါတယ်။ တစ်ထပ်တည်းပါပဲ။ မြန်မာ့အလင်းသတင်းစာရဲ့ ဇန်နဝါရီလ ၂၆ ရက် ရှေ့ဆုံးမျက်နှာဖုံးရဲ့ ညာဘက်ထောင့်ထိပ်မှာ ဖော်ပြထားတာက …

**'မေတ္တာသည် အတ္တမဟုတ်'**

မေတ္တာသည် စိတ်ရှည်တတ်၏။
မေတ္တာသည် ဂုဏ်ပြိုင်တတ်ခြင်းမရှိ။
မေတ္တာသည် ဝါကြွားတတ်ခြင်းမရှိ။
မေတ္တာသည် မာန်မာနထားခြင်းမရှိ။
မေတ္တာသည် မလျော်သောအကျင့်ကို မကျင့်။
မေတ္တာသည် ကိုယ်ကျိုးမရှာတတ် … တဲ့။

ဘာသာတရားတွေရော နိုင်ငံတော်ကပါ လူထုကို မေတ္တာအကြောင်း အလေးထား ညွှန်ပြသွန်သင်ပါတယ်။ ဘာပြုလို့လဲဆိုတော့ အရာရာအတွက် မေတ္တာသည် အလွန်အရေးကြီးတယ်ဆိုတဲ့ အမှန်တရားကြောင့်ပါ။ ကျွန်တော်က ခရစ်ယာန်ပေမို့ အခြားဘာသာများရဲ့ မေတ္တာအကြောင်း သွန်သင်မှုများကို အသေးစိတ်ကိုးကားနိုင်သူမဟုတ်ပါ။ ဒါပေမယ့် ကျွန်တော် ငယ်စဉ်က ကျောင်းသွားစဉ်မှာ ရေဒီယိုက လာလေ့ရှိတဲ့ အဆိုတော်ကြီး တင်တင်မြတို့အဖွဲ့ရဲ့ သီချင်းလေးက ယခုထက်ထိ ရင်ထဲမှာ ရှိနေတုန်းပါ။ ကျွန်တော့်ကို သွန်သင်နေတုန်းပါ။ 'မေတ္တာဖြန်းမှ လန်းဆန်း

မယ်သာ ယုံ'တဲ့။ ကျွန်တော်တို့အားလုံး ပျော်ရွှင်စိတ်ချမ်းသာပြီး အေးချမ်းနေဖို့က မေတ္တာရှိမှတဲ့။ ပြောတော့ လွယ်သကိုးဗျ။ သီချင်းကဖော်ပြတာလည်း အလွန်နှစ်သက်ပါတယ်။ 'မေတ္တာတရားက ကြီးမားတာအမှန်ပုံ၊ သေချာစွာ စောင့်ထိန်းလို့သာမကုန်'တဲ့။ ဘာသာတရားကို သက်ဝင်ယုံကြည်သူတိုင်း 'မေတ္တာထားတတ်ဖို့၊ လူတွေကို ချစ်တတ်ဖို့'သွန်သင်ပါတယ်။ ခရစ်ယာန်သမ္မာကျမ်းမိန့်လေးနဲ့ ယခုမေးခွန်းကို အဆုံးသတ်ပါရစေ။ စာစာကပြောတဲ့ အခန်းကြီး ၁၃ ရဲ့ အပိုဒ်ငယ် ၁ မှ ၃ မှာပါ။

၁ - ငါသည် လူဘာသာစကားကိုလည်းကောင်း၊ ကောင်းကင်တမန်ဘာသာစကားကိုလည်းကောင်း ပြောနိုင်သော်လည်း မေတ္တာမရှိလျှင် အသံမြည်သော တံပိုးခရာကဲ့သို့လည်းကောင်း၊ တီးသံကိုသာ ပေးတတ်သော လင်းကွင်းကဲ့သို့လည်းကောင်း ဖြစ်၏။

၂ - ပရောဖက်ဉာဏ်ကို ငါရ၍ နက်နဲသောအရာ ရှိသမျှတို့နှင့် သိပ္ပံအတတ်အမျိုးမျိုးကို တတ်သော်လည်းကောင်း၊ တောင်များကို ရွှေ့နိုင်သော ယုံကြည်ခြင်းအမျိုးမျိုးနှင့် ပြည့်စုံသော်လည်းကောင်း၊ မေတ္တာမရှိလျှင် အချည်းနှီးသက်သက်ဖြစ်၏။

၃ - သူတစ်ပါးကို ငါကျွေးမွေး၍ ဥစ္စာရှိသမျှကို စွန့်ကြဲသည်သာမက ကိုယ်ခန္ဓာကို မီးရှို့စေခြင်းငှာ အပ်သော်လည်း မေတ္တာမရှိလျှင် ငါ၌ အကျိုးမရှိ။ မေတ္တာသာလျှင်အချုပ်လို့ဆိုပါရစေ။

**မေး။ ဘာသာရေး ခေါင်းဆောင်တစ်ဦးအနေနဲ့ ဘယ်လို Message မျိုး ဘာသာဝင်တွေကို ပေးသင့်ပါသလဲ။**

ဖြေ။ ဘာသာရေး ခေါင်းဆောင်မဟုတ်လေတော့ ဆရာသမားများကို မိကျောင်းမင်းကို ရေကင်းပြသလိုများ ဖြစ်နေမလား။ သေချာတာက ဘာသာဝင်တွေဟာ ဆိုင်ရာဘာသာရေးခေါင်းဆောင်တွေကို သိပ်တန်ဖိုးထားတယ်ဆိုတာ အရင်ဆုံး သတိထားဖို့ လိုပါတယ်။ ဒါကြောင့် နေပုံထိုင်ပုံ၊ ပြောပုံဆိုပုံကစလို့ စံပြဖြစ်နေသင့်ပါတယ်။ ဘယ်လို နေထိုင်ရမလဲဆိုတော့ သက်ဆိုင်ရာဘာသာတရားရဲ့ ပြဋ္ဌာန်းမှုနဲ့အညီ ကျင့်ဝတ်တွေ ဝိနည်းတွေ အသေးစိတ်ရှိလေတော့ အဲဒီအတိုင်း နေထိုင်ကျင့်သုံးရပါမယ်။ Message ဆိုလို့ ပြဿနာတော်တော်များများဟာ ဒီကလာတာပဲ။ ဆိုင်ရာဘာသာဝင်တွေကို လမ်းလွဲသွားစေနိုင်တဲ့ False Teaching တွေ မလုပ်သင့်ပါ။

မေး။ **ဆရာ့အနေနဲ့ ဘာသာတရားနှင့် နိုင်ငံသားဖြစ်တည်မှု ဘယ်အရာက ပိုအရေးပါတယ်လို့ ထင်ပါသလဲ။**

ဖြေ။ ဘာသာတရားသည်သာလျှင် ပိုအရေးပါတယ်လို့ ဆိုချင်ပါတယ်။ ဘာသာတရားကို ယုံကြည်ပြီး သွန်သင်မှုတွေနဲ့ နေထိုင်သူဟာ နိုင်ငံ့သားကောင်းဖြစ်နေမှာ မလွဲလို့ပါ။ နိုင်ငံသား ဖြစ်တည်မှုဆိုတာထက် နိုင်ငံ့သားကောင်းဖြစ်တည်မှုလို့ ဆိုရင် ပိုကောင်းပေလိမ့်မည်။ ဘာသာတရားကို အပေါ်ယံမျှသာ ယုံကြည်သူ၊ ဘာသာတရားကို ဟန်ပြယုံကြည်ချင်ယောင်ဆောင်သူ၊ ဘာသာတရားကို မိမိကိုယ်ကျိုးအတွက် အသုံးချသူ၊ ဘာသာတရားကို မိမိလိုချင်တဲ့ ရှုထောင့်ကနေသုံးပြီး လမ်းလွဲသူ၊ အခြားသူတွေကိုလည်း လမ်းလွဲစေသူများ မဖြစ်သင့်ပါ။ ဘာသာတရား နှလုံးသားထဲမှာ ရှိပြီဆိုလျှင် နိုင်ငံ့သားကောင်းဖြစ်ပြီးသားပါ။ ဘာသာတရားသာလျှင် ပိုအရေးကြီးပါတယ်။

မေး။ **ယနေ့ကမ္ဘာပေါ်မှာ အကြမ်းဖက်ဝါဒ လမ်းစဉ်တွေဟာ တဖြည်းဖြည်း များလာနေတာကို တွေ့ရပါတယ်။ အင်မတန် အသိရှိုးတဲ့ ဘာသာဝင်တွေကို လမ်းလွဲစေပါတယ်။ အဲဒီအပေါ်မှာ ဆရာ့အမြင်နဲ့ သုံးသပ်ချက်ကို သိချင်ပါတယ်။**

ဖြေ။ အကြမ်းဖက်ဝါဒ လမ်းစဉ်တွေ တဖြည်းဖြည်း ပိုများလာနေပါပြီ။ နေ့စဉ်ကြားနေရပါ၏။ အကြမ်းဖက်ဝါဒအကြောင်း (Wekipedia)ဖတ်ကြည့်တော့ အကြမ်းဖက်ဝါဒကို လေ့လာမိရာ ယခုလိုဆိုထားပါတယ်။

'မည်သည့်လုပ်ရပ်မျိုး ဖြစ်ပါစေ။ အကြမ်းဖက်မှုကို ဖြစ်ပေါ်စေလျှင် အကြမ်းဖက်ဝါဒ'လို့ ဆိုပါတယ်။ အကျဉ်းချုံးပြီး ပြောရလျှင် နိုင်ငံရေးရည်မှန်းချက်တစ်ခုအတွက်လို့ မြင်ရပါလိမ့်မယ်။ ကျယ်ကျယ်ဝန်းဝန်း ဖြန့်ကျက်ကြည့်ရင် နိုင်ငံရေးအဖွဲ့အစည်းတစ်ခုဟာ သူတို့ရဲ့ ရည်မှန်းချက်ရဖို့အရေး အကြမ်းဖက်လုပ်ရပ်ကို လက်တွေ့လုပ်ဆောင်တာလို့ ဆိုပါတယ်။ ကျွန်တော်သဘောကျတာက လက်ဝဲ/လက်ယာ နိုင်ငံရေးဝါဒီတွေ တော်လှန်ရေးသမားတွေ အုပ်ချုပ်နေတဲ့ အစိုးရတွေပါ ဖြစ်နိုင်တယ်။ လူထုကို ကြောက်ရွံ့စေပြီး သူတို့ရည်မှန်းချက်ရအောင် လုပ်တာလို့ ဆိုပါတယ်။ မေးခွန်းရဲ့ အင်မတန်အသိရှိုးတဲ့ ဘာသာဝင်တွေကို လမ်းလွဲစေတယ် ဆိုတဲ့စကား အလွန်နှစ်သက်ပါတယ်။ အသိရှိုးတဲ့ ဘာသာဝင်တွေကို လမ်းလွဲစေတဲ့ False Teaching(လမ်းလွဲသင်ကြားပေးခြင်း)ကို ဖိုးပဝေသဏီကတည်းက ရှိလာခဲ့တဲ့ ကိုးကွယ်မှုအစဉ်အလာကို လိုချင်တဲ့ ရှုထောင့်ဘက် ဆွဲခေါ်သိမ်းသွင်း

နေတာတွေ Doctrim with Own Intereitsတွေ ရှိနေပါတယ်။ ရှိနေဦးမှာလည်း ဖြစ်ပါတယ်။ ဟိုးလွန်ခဲ့တဲ့ နှစ်အတော်ကြာက အမေရိကန်ပိုင် ကျွန်းတစ်ခုမှာ အသိရှိးတဲ့ ခရစ်ယာန်တွေကို j.j oneဆိုတဲ့ ခရစ်ယာန် ဘာသာရေးခေါင်းဆောင်က (ခပ်ကြောင်ကြောင်ပုဂ္ဂိုလ်ပါပဲ)ခေါ်သွားပြီး အဆိပ်ရည်တွေ သောက်ခိုင်းကာ အမေရိကန်တစ်ထောင်လောက် သေစေခဲ့ပါတယ်။ ဒါသိပ်ရှိင်းတဲ့ False Teaching နဲ့ Wrong Doctrim(လွဲမှားတဲ့ကျင့်စဉ် အခြေခံယုံကြည်ချက်)တွေ နမူနာချည်းပါပဲ။ ဒီအခါမှာ အသိရှိးတဲ့ ဘယ်ဘာသာဝင်မဆို စဉ်းစားချင့်ချိန်တတ်တဲ့ အရည်အသွေး Comtemplation ရှိနေဖို့ လိုပါတယ်။ ဗုဒ္ဓဘာသာအဆိုအရ ဝိဘဇ္ဇဝေါ့ဗျာ။

မေး။ **ဘာသာရေးခေါင်းဆောင်တစ်ဦးအနေနဲ့ ဘယ်လိုကျင့်ဝတ်တွေနဲ့အညီ နေထိုင်ကျင့်သုံးသင့်ပါသလဲ။**

ဖြေ။ ဘာသာရေး ခေါင်းဆောင်ဆိုတာ သက်ဆိုင်ရာဘာသာဝင်များကို ဦးဆောင်သူ ဖြစ်ပါတယ်။ ဆိုင်ရာဘာသာတရားမှာ ဓမ္မအမှုဆောင်သူများ (ဘာသာရေးခေါင်းဆောင်ဆိုတော့)အခုလို ဓမ္မအမှုဆောင်လို့ ခေါ်ဆိုနိုင်ပါတယ်။ ဘာသာဝင်တွေရဲ့ ဦးဆောင်သူများဖြစ်ပါတယ်။ သက်ဆိုင်ရာ ဘာသာမှ ပြဋ္ဌာန်းထားတဲ့ ဝိနည်းတွေ၊ ကျင့်ဝတ်တွေနဲ့အညီ နေထိုင်ကျင့်သုံးရပါလိမ့်မယ်။ အကြောင်းက ဆိုင်ရာဘာသာဝင်များဟာ သူတို့ခေါင်းဆောင်ကို အလွန်တန်ဖိုးထားတတ်လို့ပါပဲ။ ပြီးတော့ သူတို့ပြောတာ ဟောတာတွေကို အလွန်နားထောင် လိုက်နာတတ်ကြပါတယ်။

ဒါကြောင့် လွဲမှားတဲ့ ယုံကြည်ခြင်းတွေ၊ လွဲမှားတဲ့ သွန်သင်မှုတွေကို ရှောင်ရှားဖို့လည်း လိုပါတယ်။ အနေအထိုင်အရ ဘာသာတရားကို အထောက်အပံ့ဖြစ်စေတဲ့ အဝတ်အစား အပြုအမူ အပြောအဆို စိတ်နေစိတ်ထားကအစ ဘာသာဝင်တွေအတွက် စံပြနေထိုင် ကျင့်သုံးသင့်ပါတယ်။

မေး။ **ပြီးခဲ့တဲ့ စစ်ကိုင်းတောင်ရိုး သီတဂူဝိဟာရမှာ ကျင်းပခဲ့တဲ့ ဗုဒ္ဓဘာသာငြိမ်းချမ်းရေးညီလာခံမှာ ဘာသာရေးကို အလွဲသုံးစားလုပ်ခြင်းမှ ဆန့်ကျင်ကန့်ကွက်ဖို့ သဘောတူခဲ့တယ်လို့ သိရပါတယ်။ အဲဒီအပေါ်မှာ မိမိတို့ရဲ့ သက်ဆိုင်ရာ ဘာသာတွေကို ပိုမိုသိရှိနားလည်နိုင်အောင် ဘာသာရေးခေါင်းဆောင်အတွေအနေနဲ့ ဘယ်လိုပူးပေါင်းဆောင်ရွက်မှုတွေကို ပြုလုပ်ပြီး လုပ်ဆောင်သွားဖို့ ဘယ်လို အစီအစဉ်တွေ ရှိပါသလဲ။**

ဖြေ။ ဘာသာရေးကို အလွဲသုံးစားလုပ်ခြင်းကို ဆန့်ကျင်ကန့်ကွက်သဘော တူခြင်းပေမို့ ထောက်ခံအပ်ပါ၏။ ခရစ်ယာန်၊ ဟိန္ဒူ၊ မူစလင် ဘာသာရေး ခေါင်းဆောင်များပါ တက်ရောက်သည်ဟု သတင်းစာထဲတွင် ဖတ်ရသဖြင့် ဝမ်းသာ မိသည်။ ယခုသဘောတူညီချက်သည် အလွန်အရေးကြီးပါ၏။ ဘာသာဝင်များသို့ စိမ့်ဝင်ပျံ့နှံ့စေပြီး ဘာသာရေးကို အလွဲသုံးစား လုပ်ခြင်းနှင့်ပတ်သက်၍ သတိရှိနေ စေရန် ကြိုးပမ်းရပေလိမ့်မည်။ ဆိုင်ရာ အစီအမံ ဖွဲ့စည်းပုံများ ရှိနှင့်ပြီး ဖြစ်လေ ရာ ၎င်းဖွဲ့စည်းစီမံပုံနှင့်အညီ အောက်ခြေအထိ ကျယ်ပြန့်စွာ သိစေ၊ သတိပြုမိစေ ရန် လိုပါသည်။ ယခုစစ်ကိုင်းသီတဂူညီလာခံမှာ ဗုဒ္ဓဘာသာညီလာခံကြီးဖြစ်ပါ သည်။ အခြားဘာသာဝင်ခေါင်းဆောင်များလည်း တက်ရောက်သည်ဟုသာ ဆိုနိုင်ပါသည်။

ပြည်သူများ ထောက်ခံသဘောတူကြမှာ မလွဲ။ ဆိုင်ရာဘာသာဝင်များသို့ ဝေမျှကာ ကျယ်ပြန့်စွာသိစေရေး၊ သတိရှိစေရေး လုပ်ဆောင်ကြရပေမည်။ မည်သည့် ဘာသာမဆို ယင်းဘာသာကို အလွဲသုံးစားပြုမှု ရှိလာနိုင်လေရာ ယခုကဲ့သို့သော တွေ့ဆုံညီလာခံမျိုး၊ ဘာသာစုံခေါင်းဆောင်များ အလျဉ်းသင့်သလိုတွေ့ဆုံခြင်း၊ ကြေငြာချက်များထုတ်ပြန်ခြင်း၊ အောက်ခြေအထိ ဝေမျှပျံ့နှံ့စေခြင်းများ ပြုလုပ်နေ ရပေမည်။ ဖြစ်နိုင်ပါက အသိရှိသော အောက်ခြေဘာသာဝင်တွေ ကိုယ်စားလှယ် ရွေးချယ်လျက် ဘာသာစုံ အောက်ခြေဘာသာဝင်များ တွေ့ဆုံပွဲမျိုးလည်း လုပ်ပေး နိုင်လျှင် ကောင်းပေမည်။

မေး။ **နောက်မေးခွန်းတစ်ခုအနေနဲ့ကတော့ ဘာသာရေးခေါင်းဆောင်တွေ အချင်းချင်း ခဏခဏဆိုသလို တွေ့ကြဆုံကြပြီးတော့ ငြိမ်းချမ်းရေးကြေညာချက်တွေ ထုတ်နေကြတာ တွေ့ရပါတယ်။ ဒါပေမဲ့ အဲဒီကြေညာချက်တွေဟာ အောက်ခြေ ပြည်သူ လူထုအကြား မရောက်ရှိတဲ့အတွက် ထိရောက်သော အကျိုးသက်ရောက်မှု နည်းတယ်လို့ ကျွန်တော့်အနေနဲ့ ထင်မြင်ယူဆမိပါတယ်။ အဲဒီအပေါ်မှာ ဆရာ့ရဲ့ သဘောထား အမြင်ကိုလည်း သိချင်ပါတယ်။**

ဖြေ။ ဘာသာရေးခေါင်းဆောင်များ မကြာခဏတွေ့ဆုံကြကာ ငြိမ်းချမ်းရေး ကြေညာချက်တွေ ထုတ်နေကြတာ ကြိုဆိုရပါမယ်။ သူတို့ရဲ့ အားထုတ်မှုတွေကို အသိအမှတ်ပြု လေးစားကျေးဇူးတင်ရပါမယ်။ အလွန်လုပ်သင့်တဲ့ အလုပ်ပါပဲ။ တိုင်းပြည်အတွက် အကျိုးများစွာ ဖြစ်စေမယ့် ကြိုးပမ်းမှုတွေပါပဲ။ ခက်တာက ရိုးရိုးသားသားပြောတာပါ။

၁။ မြန်မာပြည်သည် နှစ် ၅၀ ကျော် တွေ့ကြုံလာခဲ့တဲ့ အတွေ့အကြုံအရ အစိုးရပိုင်မီဒီယာရဲ့ သဘာဝအတိုင်း သူတို့ပြောချင်၊ ဝါဒဖြန့်ချင်တာတွေသာ အများကြီး ဖော်ပြကြပြီး မသိစေချင်တာကို ဘယ်လောက်အရေးကြီးကြီး မဖော်ပြဘဲ နေတဲ့ ညစ်ပတ်မှုနဲ့ နေလာခဲ့ရတော့ အကြမ်းဖျင်းဆိုရရင် လူထုက အရေးလောက်ပဲ ဖတ်ပါတယ်။ အတည်ယူပါတယ်။ အခုလည်း ဘာသာရေးခေါင်းဆောင်တွေ တွေ့ဆုံကြ၊ ဆွေးနွေးကြ၊ ဆုံးဖြတ်ကြေငြာချက်ထုတ်ကြ (ပြည်သူတစ်ဦးအနေနဲ့) ဝမ်းသာပေမယ့် ဘယ်တော့မှ အသေးစိတ်မသိပါ။ ယင်းအလေ့အကျင့်ပြုပြင်ဖို့ ခေါင်းဆောင်များက စီမံပေးသင့်၏။ ကြိုးပမ်းသင့်၏။

၂။ ဆိုင်ရာဘာသာရေးအဖွဲ့များတွင် မိမိနိုင်ငံဖွဲ့စည်းပုံ၊ ဆက်သွယ်ရေးစနစ်၊ ဖြန့်ချိရေးစနစ်များ ရှိပြီးဖြစ်လေရာ ကြေညာချက်များ အောက်ခြေအထိ ရောက်ရှိပျံ့နှံ့စေရေး လုပ်ဆောင်ပေးရပေမည်။

မေး။ **နောက်ဆုံးမေးခွန်းတစ်ခုအနေနဲ့ ကျွန်တော်တို့ နိုင်ငံအတွင်းမှာရှိတဲ့ မတူကွဲပြားမှုတွေပေါ်မှာ ဘယ်လိုနားလည်မှုတွေ တည်ဆောက်ပြီး နိုင်ငံရဲ့ အနာဂတ် ငြိမ်းချမ်းရေးအတွက် ဆရာတို့အနေနဲ့ မိမိတို့ရဲ့ ဘာသာဝင်တွေကြားမှာ ဘာတွေကို ပြုပြင်ပြောင်းလဲပြီး ဘာတွေကို တည်ဆောက်ယူသင့်ပါတယ်လို့ ထင်ပါသလဲ။**

ဖြေ။ မတူကွဲပြားမှုဆိုတဲ့ စကားလေးကို ခရစ်ယာန် သမ္မာကျမ်းစာတော်ရဲ့ ဟေဗြဲဩဝါဒစာ၊ အခန်းကြီး ၁၁ မှာ ဖော်ပြထားတာကို ကူးရေးပြပါရစေ။ 'မိတ်တော် သဘောတူပါလိမ့်မယ်။ ယုံကြည်ခြင်းဆိုတာကို ပြောပြထားတာပါ။ ယုံကြည်ခြင်းသည် မျှော်လင့်သော အရာတို့ကို မျက်မှောက်ပြုခြင်းဖြစ်၏။ မမြင်သေးသော အရာတို့ကို သိမှတ်စွဲလမ်းခြင်းကြောင့်ဖြစ်၏' တဲ့။ ဘယ်ဘာသာမဆို မိမိတို့ ယုံကြည်တဲ့အရာ မမြင်ရသေးပေမယ့် သိမှတ်စွဲလမ်းမှုများသာလျှင် ကွဲပြားခြားနားပေလိမ့်မယ်။ သွန်သင်ဆုံးမမှုများမှာ ယေဘုယျအားဖြင့် အလွန် တူညီပါသည်။ ဆင်ယင်ကျင်းပပုံများ၊ ယဉ်ကျေးမှုများကွဲပြားနိုင်ညား လိမ်မာစွာနေဖို့၊ သူတစ်ပါးနစ်နာအောင် မလုပ်ဖို့၊ လိမ်မပြောဖို့ မှာကြားတာတွေ အတူတူပါ။ ပိုပြီး ကြိုးပမ်းလုပ်ဆောင်ရပါမယ်။ ဘာသာတရားများရဲ့ အမွန်မြတ်ဆုံး သွန်သင်ချက် မေတ္တာတရားအားကောင်းဖို့ အားထုတ်သွန်သင်ကြရပေမယ်။ ဖြစ်နိုင်လျှင် ဘာသာပေါင်းစုံက လူငယ်တွေ၊ ကလေးတွေကို ဘာသာပေါင်းစုံ ဆရာများမှ အတူတကွ ပြည်သူ့နီတိတွေ၊ ယဉ်ကျေးလိမ်မာမှုတွေ၊ နိုင်ငံ့သားကောင်း ပီသရေးတွေ၊ မှားယွင်းနေတာတွေကို သိဖို့၊ ထုတ်ဖော်ပြောဆိုဝံ့သူများဖြစ်စေဖို့ ဘာသာပေါင်းစုံ ပူးပေါင်းသည့်

လူငယ်ပြုပြင်ရေး သင်တန်းတွေ လုပ်လို့ရရင် ညှိနှိုင်းပြီး အတူကြိုးပမ်းဖို့ လုပ်ဆောင်သင့်ပါ၏။ ပြီးတော့ ဘာသာတိုင်းက လူငယ်တွေ ခင်ကြ၊ ရင်းနှီးကြအောင်လည်း လုပ်သင့်ပါတယ်။ အနာဂတ်အတွက် အရမ်းကောင်းတဲ့ အခြေအနေတစ်ရပ် ဖန်တီးခြင်းလည်း မည်သပေါ့။

မေး။ **ဆရာကြီးဦးသိန်းအုန်း၏ အခုံးသတ်စကားအခုံး စာရေးသူ၏ ရင်ထဲလှိုက်လှဲခြင်းများစွာဖြင့် ဆရာကြီးအား ကျေးဇူးတင်စကားဆိုရင်း စာရှုသူများထံသို့ ယခုလို သင့်မြတ်ငြိမ်းချမ်း အနာဂတ်နိုင်ငံတော်အတွက် လမ်းတစ်ခုဖြစ်စေသော ဆရာကြီး၏ အဖြေများကို လက်ဆင့်ကမ်းရင်းဖြင့် ယခုတစ်ပတ် အခုံးသတ်ကို မြန်မာပြည်ကြီး ငြိမ်းချမ်းပါစေဆိုသော ဆုတောင်းဖြင့် …။**

● ● ●



## အလ်ဟာဂျ်ခလီဖ္ဖာဟ် ဦးအေးလွင်
## (ဦးဆောင်ဆော်ဩရေးမှူး၊ အစ္စလာမ် ဓမ္မပီမာန်အမြုတေ အဖွဲ့ဝင်၊ ဘာသာပေါင်းစုံ ငြိမ်းချမ်းရေးအဖွဲ့)
## ( Religious for Peace Myanmar )
## နှင့် ဓမ္မဆွေးနွေး အမေးအဖြေ

---

"ဘာသာတရားကို အသေအချာနားလည်အောင်
လေ့လာဖို့ နောက်လိုက်တွေကို တိုက်တွန်းရပါမယ်။
အလုပ်တစ်ခုကို မသိဘဲလုပ်တာ အဓိပ္ပါယ်မရှိပါဘူး။"

---

# သင့်မြတ်ငြိမ်းချမ်း အနာဂတ်လမ်း (၃)

သူ့ကို ကျွန်တော်သိခဲ့တာကြာပေါ့။ မြန်မာဆန်ဆန် သူ့ရဲ့ ဝတ်စားဟန် ကျွန်တော့်ရဲ့ မျက်လုံးထဲက မထွက်ခဲ့ပါဘူး။ ဘာသာပေါင်းစုံ ငြိမ်းချမ်းရေး တွေ့ဆုံဆွေးနွေးပွဲတွေမှာ သူအမြဲပါလေ့ရှိပါတယ်။ စကားပြောရာမှာလည်း ညင်သာစွာပြောတတ်ပြီး ပြောလိုက်တဲ့စကားတိုင်းဟာ လေးနက်တည်ကြည်ခန့်ညားလှပါတယ်။ မိမိရဲ့ဘာသာတရားလမ်းညွှန်ချက်နဲ့အညီ မေတ္တာဆောင်သူပီသစွာ သူနဲ့တွေ့လိုက်တိုင်း စာရေးသူအဖို့ အအေးလှိုင်းတွေသာ ကူးစက်ပြီး စာရေးသူသိလိုသမျှ မေးမြန်းမှုတွေ အပေါ်မှာလည်း သူက စိတ်ရှည်လက်ရှည် ဖြေကြားပေးလေ့ရှိပါတယ်။ ယခုတော့ စာရေးသူနဲ့ သူဆိုတဲ့ ဦးအေးလွင် (ဘာသာပေါင်းစုံ ငြိမ်းချမ်းအရေးအဖွဲ့)တို့ ထပ်မံဆုံဖြစ်ခဲ့ရာမှ 'သင့်မြတ်ငြိမ်းချမ်း အနာဂတ်လမ်း' ခေါင်းစဉ်အောက်မှာ စာရေးသူမေးခဲ့သမျှကို စာရှုသူများထံသို့ ဒီတစ်ပတ်အတွက် ဖတ်စရာမှတ်စရာအဖြစ် လက်ဆင့်ကမ်းလိုက်ပါရစေ။

စာရေးသူ။ **။မင်္ဂလာပါဆရာ။**

ဦးအေးလွင်။ ။မင်္ဂလာပါ။

စာရေးသူ။ **။ကျွန်တော်တို့ အမေးအဖြေကဏ္ဍလေး စလို့ရမယ်ဆိုရင် စလိုက်ကြရအောင်။**

ဦးအေးလွင်။ ။စလို့ရပါပြီ။

စာရေးသူ။ **။ဘာသာတရားတစ်ခုရဲ့ သွန်သင်ဆုံးမှုတွေဟာ ဘာသာဝင်တွေအတွက် ဘယ်လောက် အရေးကြီးပါသလဲဆရာ။**

ဦးအေးလွင်။ ။ဒီအဖြေအတွက် ဘာသာဝင်တွေရဲ့ စိတ်နေစိတ်ထားပေါ် မူတည်ပြီး ဖြေရပါလိမ့်မယ်။ အချို့ဘာသာဝင် ဆိုသူတွေဟာ ယုံကြည်မှုသဒ္ဓါကို အမွေခံပစ္စည်းလို မိဘ၊ ဘိုးဘွားတွေထံက မိရိုးဖလာ ရရှိထားတာဖြစ်တယ်။ ကိုယ့်ဘာသာတရားအကြောင်း နက်နက်နဲနဲ မသိကြပါဘူး။ အချို့ဆိုရင် အမည်ခံလောက်သာဖြစ်နေကြတယ်။ ကျင့်သုံးမှုတောင် မရှိကြပါဘူး။ အဲဒီလို လူတွေကျတော့ မိမိကိုးကွယ်ပါတယ်ဆိုတဲ့ ဘာသာ၊ သာသနာဟာ ဘာတွေ သွန်သင်ဆုံးမထားတယ် ဆိုတာလည်း အသေအချာ မသိကြပါဘူး။ မသိတော့ တန်ဖိုးထားတဲ့ နေရာမှာလည်း လျော့ရဲရဲပဲပေါ့။ မိမိကိုးကွယ်တဲ့ ဘာသာကို မိမိဘဝရဲ့ မီးရှူးတန်ဆောင် လမ်းညွှန်အဖြစ် ခံယူထားသူတွေကတော့ မသိရင်တောင် သိအောင်လုပ်မယ်၊ ပြီးရင် တတ်အားသမျှ ကျင့်ကြံအားထုတ်ကြရမှာပါ။ ဒီလိုလူတွေအတွက် ဘာသာတရားဟာ အလွန် အရေးကြီးပါတယ်။

စာရေးသူ။ **။ဘာသာရေး ခေါင်းဆောင်တစ်ဦးအနေနဲ့ ဘယ်လို Message မျိုး ဘာသာဝင်တွေကို ပေးသင့်ပါသလဲဆရာ။**

ဦးအေးလွင်။ ။ဘာသာရေး ခေါင်းဆောင်တွေအနေနဲ့ မိမိရဲ့ ဘာသာတရားကို အသေအချာ နားလည်အောင် လေ့လာဖို့ နောက်လိုက်တွေကို တိုက်တွန်းရပါမယ်။ အလုပ်တစ်ခုကို မသိပဲလုပ်တာ အဓိပ္ပါယ်မရှိပါဘူး။ ကိုယ့်ဘာသာဟာ ဘာလဲဆိုတာ အရင်သိအောင် လုပ်ခိုင်းရမယ်။ ပြီးတော့ ဆန်းစစ်ရမယ်။ ကုရ်အာန်ကျမ်းမှာ ယုံကြည်လာရင် အဓမ္မလုပ်လို့လည်း မရ။ လာဘ်လာဘတွေနဲ့ မြူဆွယ်သွေးဆောင်လို့လည်း မရဟု ဆိုထားပါတယ်။ အမှားနှင့်အမှန် မတူနိုင်လို့ ယုံလိုကယုံ၊ မယုံလိုက ငြင်းဆန်နိုင်ကြောင်း လွတ်လပ်စွာ ရွေးချယ်ခွင့်ပေးထားပါတယ်။ လေ့လာရာမှာလည်း စာတွေ့နဲ့ မပြီးပါဘူး။ ကိုယ်တွေ့ခံစားနိုင်လောက်အောင် ဉာဏ်ပွားရပါမယ်။ တရားဟာ စာအုပ်ထဲမှာ မရှိပါဘူး။ ပရိယတ်စာတွေကို အခြေခံပြီး ပဋိပတ်တွေကို လုပ်နိုင်မှ ကိုယ့်တရားဟာ လက်တွေ့ အသုံးချလို့ ရကြောင်း သိလာမှာပါ။ ဒါကြောင့် မိမိယုံကြည်လက်ခံထားတဲ့ ဘာသာဟာ သစ္စာတရား

ဖြစ်တယ်လို့ ခံယူရင် သစ္စာတရားမှာ မျက်နှာစာရှုထောင့်တွေ အနန္တရှိတယ်လို့ သိထားအပ်ပါတယ်။

ရှုထောင့်တစ်ခုတည်းကို အသေမဆုပ်ကိုင်ဘဲ ဒင်္ဂါးတစ်ခုမှာတောင် ခေါင်းနှင့် ပန်းဆိုတဲ့ မျက်နှာစာ နှစ်ခုရှိနိုင်ရင် အနန္တသစ္စာသဘောဆောင်တဲ့ သစ္စာဓမ္မမှ ရှုထောင့် အများအပြားရှိကြောင်း လက်ခံအသိပြုရပါမယ်။ ကုရ်အာန်ကျမ်းမြတ်က သစ္စာအမှန်ဟာ တစ်ခုတည်းဖြစ်ပြီး ခေတ်တိုင်းစနစ်တိုင်း၊ နေရာဒေသတိုင်းတွင် ဒီသစ္စာကို နည်းဟန်ပုံစံအမျိုးမျိုးနဲ့ မဟာလူသား ပုဂ္ဂိုလ်ထူးကြီးများက ဟောကြားတင်ပြကြောင်း ဖော်ပြထားပါတယ်။ လာခြင်းကောင်းတဲ့ မဟာလူသားတို့ ဟောကြားခဲ့တဲ့ မူရင်းတရားစစ်တွေကို လူသားတွေရဲ့ အရောအထွေး မပါစေဘဲ လက်ခံရမယ်။ မဟာလူသား တစ်ပါးပါးကိုပင် လက်မခံဘဲ ချန်လှပ်ထားရင် မူစလင်မဖြစ်နိုင်လို့ တိတိပပဆိုထားပါတယ်။

ဒါကြောင့် ဒီနေ့ 'အခြား' လို သိနေတဲ့ 'တရား' တွေကိုလည်း လေ့လာပြီး သူတို့ရှုထောင့်အမြင်တွေကို နားလည်အောင် လုပ်ဖို့နဲ့ ငါနဲ့မတူ ငါ့ရန်သူလို့ သဘောမထားဘဲ ပညတ်သဘောတို့တွင် မတူကွဲပြားနေခြင်းမှာ အနန္တသဘောဆောင်တဲ့ သစ္စာဓမ္မဟာ ချည်နှောင်ဘောင်ခတ်ထားလို့ မရစကောင်းကြောင်း သိအောင်လုပ်ဖို့ဖြစ်တယ်ဆိုတဲ့ သတင်းတွေ ပေးရပါမယ်။ ဒီလို သဘောမထားနိုင်ရင်တောင် မတူသောအယူတွေ လွတ်လပ်စွာ ရှင်သန်ရပ်တည်ခွင့်ရှိတယ်ဆိုတဲ့ ကုရ်အာန်ကျမ်းရဲ့မိန့်မှာချက်ကို နှလုံးသွင်းပြီး မိမိတို့နှင့် မတူကွဲပြားမှု မှန်သမျှနှင့် ငြိမ်းချမ်းစွာ ယှဉ်တွဲနေထိုင်ကြရန် (Peaceful Co-existence)သွန်သင်လမ်းညွှန်ရမှာ ဖြစ်ပါတယ်။

စာရေးသူ။ ။**ဆရာ့အနေနဲ့ ဘာသာတရားနှင့် နိုင်ငံသားဖြစ်တည်မှု ဘယ်အရာက ပိုအရေးပါတယ်လို့ ထင်ပါသလဲ။**

ဦးအေးလွင်။ ။အစ္စလာမ်ဘာသာအနေနဲ့ လူသားအားလုံးဟာ မိသားစုဖြစ်ကြောင်း၊ လူ့တန်ဖိုးကို 'တက္ကဝါ' ဆိုတဲ့ သူတော်ကောင်းတရားနိုးကြားမှု အတိုင်းအတာဖြင့် ဆုံးဖြတ်ရမှာ ဖြစ်ကြောင်း၊ သစ္စာဓမ္မတာ တစ်ခုတည်းဖြစ်ပြီး ပွင့်လေပြီးသမျှသော လာခြင်းကောင်းတော်မူတဲ့ မဟာလူသား ပုဂ္ဂိုလ်ထူးအားလုံးရဲ့ မူရင်းကျမ်းဂန်အစစ်တို့ကို လက်ခံရမယ်ဆိုတဲ့ အခြေခံယုံကြည်ချက်ကို ရှင်းရှင်းလင်းလင်း ဖော်ပြထားပါတယ်။

တစ်ချိန်တည်းမှာ 'အလ္လာဟ်အရှင်ရဲ့ ကျေးဇူးတော်ကို သိတတ်ဖို့ ဖန်ဆင်းခံ၊ လူသားအချင်းချင်းတို့ရဲ့ ကျေးဇူးကိုသိဖို့' လိုကြောင်းနဲ့ မိမိချက် ကြွေမွေးရပ်မြေ

ဒါမှမဟုတ် မိမိ၏နိုင်ငံလို့ သစ္စာခံထားတဲ့ နိုင်ငံကို ချစ်မြတ်နိုးရခြင်းဟာ ယုံကြည်မှု သဒ္ဓါတရားရဲ့ ထက်ဝက်လို့လည်း အတိအကျဖော်ပြထားပါတယ်။

ပထမမြန်မာနိုင်ငံတော်ဖြစ်တဲ့ ပုဂံခေတ်မတိုင်မီ ပိတ်သုံမင်းလက်ထက်ထဲက မြန်မာမူစလင်များ အမိမြေကို ဦးဆွေးဆံမြည့် အမှုတော်ထမ်းခဲ့ကြောင်း သက်သေ တွေရှိပါတယ်။ တိုင်းပြည်ပေါ် သစ္စာရှိရမယ်ဆိုတာ အစ္စလာမ်ရဲ့ လမ်းညွှန်ချက်ဖြစ်ပြီး ဝံသာနုရက္ခိတတရားဟာ ရုပ်ပိုင်းဆိုင်ရာ လူမျိုး(သွေး)ယုံကြည်ကိုးကွယ်ရာ ဘာသာ တို့အပေါ်မှာ အခြေမခံကြောင်း၊ သက်သေအဖြစ် အငြိမ်းစားသံအမတ်ကြီး ပင်လုံ ဦးဖေခင်က သွေးနှော၊ သွေးရောဆိုတဲ့ ကပြားသွေးဆိုတာ သိပ္ပံပညာ၊ မနုဿဗေဒ၊ နိုင်ငံရေးသိပ္ပံ၊ သိပ္ပံနည်းကျ၊ သမိုင်းသုတေသနစသည် ပညာရပ်တို့အရ လုံးဝမရှိတဲ့ အကြောင်းကို ဒီလိုပြောခဲ့ပါတယ်။ 'ဟော့ သွေးနှော၊ သွေးရောတယ်ဆိုတာရှိရင် ဇူလိုင်လ ၁၉ ရက်မှာ ဗိုလ်ချုပ်အောင်ဆန်းနဲ့ အာဇာနည်ကြီးတွေရဲ့ သွေးနဲ့ ဦးရာဇတ်ရဲ့သွေး ရောခဲ့တာပဲ ရှိတယ်။' ဘယ်ဘာသာမှာပဲဖြစ်ဖြစ် လောကဓမ္မနဲ့ ယှဉ်လာရင် ဓမ္မလောကကို ဦးဆောင်ရမှာပါ။ နိုင်ငံသားဖြစ်တည်မှု အရေးပါတယ် ဆိုတဲ့အဖြေဟာ ဓမ္မဖြစ်တဲ့ ဘာသာတရားက ရတာပါ။

စာရေးသူ။ **။ယနေ့ကမ္ဘာပေါ်မှာ အကြမ်းဖက်ဝါဒ လမ်းစဉ်တွေဟာ တဖြည်းဖြည်း များလာနေတာကို တွေ့ရပါတယ်။ အင်မတန် အသိရှိတဲ့ ဘာသာဝင်တွေကို လမ်းလွဲစေပါတယ်။ အဲဒီအပေါ်မှာ ဆရာ့အမြင်နဲ့ သုံးသပ်ချက်ကို သိချင် ပါတယ်။**

ဦးအေးလွင်။ ။အကြမ်းဖက်မှုရဲ့အကြောင်းအရင်းမြစ်နဲ့ နောက်ခံသမိုင်းကို သိ ထားရန် အလွန်အရေးကြီးပါတယ်။ ဒီနေ့ မီဒီယာမှာ လွှမ်းမိုးနေတာက မူစလင် အမည်ခံတို့ရဲ့ အကြမ်းဖက်မှုတွေဖြစ်ပါတယ်။ IS၊ တာလီဘန်၊ အယ်လ်ကိုင်ဒါ၊ ဘိုကိုဟာရစ် စတဲ့ အကြမ်းဖက်အဖွဲ့တွေဟာ အစ္စလာမ်သာသနာနဲ့ ဆန့်ကျင်ပြီး လုပ်ဆောင်တာ ဖြစ်ကြောင်းကို ကမ္ဘာ့ဘာသာရေးနှင့် နိုင်ငံရေးခေါင်းဆောင်တွေက ထပ်တလဲလဲပြောနေပါတယ်။ ဒါပေမယ့် မူစလင်တွေက ဒီလိုလုပ်ရပ်တွေဟာ အစ္စလာမ်တရားတော်နဲ့ လုံးဝပြောင်းပြန်ဖြစ်နေလို့ ငါတို့နဲ့ မဆိုင်ဘူးဆိုပြီး ဘာသိ ဘာသာနေလို့ မရပါ။ ဒီကိစ္စတွေဟာ ကုရ်အာန်ကျမ်း၊ တမန်တော်မြတ် ဩဝါဒ တော်နှင့် သမိုင်းဖြစ်ရပ်မှန်တွေမှာ ဘယ်လို တားမြစ်ထားတယ်။ မတူကွဲပြားသူတို့ အပေါ် ဘယ်လို သဘောထားရမယ်။ ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ပြီး အပြန် အလှန်လေးစားရေးဟာ အစ္စလာမ်လမ်းစဉ်ဖြစ်ကြောင်း ဓမ္မဆရာတွေက ပလီဝတ်

ကျောင်းတွေမှာ ဟောကြားရမယ်။ ဘာသာရေး၊ စာသင်ကျောင်း၊ မဒရစာ တွေမှာ ထည့်သွင်း သင်ကြားပေးရမယ်။

တစ်ချိန်တည်းမှာ မူစလင်တိုင်းဟာ အကြမ်းဖက်သမားမဟုတ်ပေမယ့် အကြမ်းဖက်သမားတိုင်းဟာ မူစလင်ဖြစ်နေတယ်ဆိုတဲ့ အမုန်းတရားကို လှုံ့ဆွပြီး ဘာသာရေးကို ခုတုံးလုပ်အမြတ်ထုတ်ချင်တဲ့ မသမာသူတွေရဲ့ ဝါဒဖြန့်ချိမှုကို တော့ ရှင်းလင်းဖို့ လိုပါတယ်။ အကြမ်းဖက်မှုရဲ့ သမိုင်းနဲ့ ဇစ်မြစ်ကို သိရန်လိုပြီး ဘာသာတစ်ခု၊ အုပ်စုတစ်ခုကိုသာလျှင် နာမည်ဖျက်ရန် စနစ်တကျ ပြင်ဆင်လုပ်ကြံမှုကိုမူ တုန့်ပြန်ရပါမယ်။ ၂၀၁၆၊ ဖေဖော်ဝါရီလ ၂ ရက်နေ့ မဏ္ဍာဆီကို စီးတီးက သတင်းတစ်ပုဒ်ကို အောက်ပါအတိုင်း ဖော်ပြထားပါတယ်။

'ယခုအခါ အကြမ်းဖက်မှုများ ကမ္ဘာတစ်ဝန်းလုံးတွင်လည်း ဖြစ်နေသည်။ ကမ္ဘာတွင် အန္တရာယ်အများဆုံး မြို့ကြီး ၅၀ ရှိရာ၊ ၂၁ မြို့မှာ ဘရာဇီးနိုင်ငံတွင် ရှိကြောင်း၊ လက်တင်အမေရိကသည် အကြမ်းဖက်မှု မြင့်မားသည့် ဒေသဖြစ်သည့် အားလျော်စွာ အကြမ်းဖက်မှု မြင့်မားသော မြို့ ၄၁ မြို့ရှိကြောင်း ပြည်သူ့လုံခြုံရေးနှင့် ရာဇဝတ်မှုဆိုင်ရာ တရားရေးဆိုင်ရာ မဏ္ဍာဆီကို နိုင်ငံသားများ ကောင်စီ၏ စာရင်းအရ သိရသည်။ (၃.၂.၂၀၁၆ ထုတ် Democracy Today သတင်းစာ)

ကမ္ဘာတွင် အရှည်ကြာဆုံးနှင့် သွေးအစွန်းဆုံး ပြည်တွင်းစစ်ဟာ မြန်မာပြည်မှာ ဖြစ်နေဆဲပါ။ ဘယ်နိုင်ငံ၊ ဘယ်လူမျိုး၊ ဘယ်ဘာသာကိုမှ အကြမ်းဖက်မှုဆိုင်းဘုတ်ကို ဝကွက်ပြီး တပ်လို့မရပါဘူး။ သာဓကတွေ အများကြီးရှိပါတယ်။ အရေးကြီးဆုံး အချက်ကတော့ အကြမ်းဖက်မှုနဲ့ အစွန်းရောက်အောင် တွန်းပို့တဲ့ အကြောင်းအရင်းကို သိဖို့လိုပါတယ်။ 'အကြောင်းသတ်မှ အကျိုးရပ်မှာပါ'။ လူ့အစုအဝေးတစ်ခုကို ယုံကြည်ချက်ကို အကြောင်းပြုပြီး အနာဂတ်ပျောက်အောင် ခွဲခြားဆက်ဆံ၊ ချိုးနှိမ်၊ ချောင်ထိုး၊ ဝိုင်းပယ်မယ်ဆိုရင်လည်းကောင်း၊ သူတို့ယုံကြည်ရာကို သရုပ်ဖျက်ပြီး စော်ကားပုတ်ခတ်မယ်ဆိုရင်လည်းကောင်း၊ ဒီလူ့အစုအဝေးရဲ့ အထူးသဖြင့် လူငယ်ပိုင်းဟာ ရှင်တာနဲ့သေတာ သူတို့ဘဝအတွက် မထူးတော့ပါဘူးဆိုပြီး အစွန်းရောက်သွားပါလိမ့်မယ်။ ဘာသာပေါင်းစုံ အပြန်အလှန် လေးစားရေးနဲ့ မတူကွဲပြားမှုကို တန်ဖိုးထားတတ်ဖို့ အစီအမံတွေလုပ်ဖို့ အထူးလိုအပ်ပါတယ်။

စာရေးသူ။ ။**ဘာသာရေး ခေါင်းဆောင်တစ်ဦးအနေနဲ့ ဘယ်လိုကျင့်ဝတ်တွေနဲ့ အညီ နေထိုင်ကျင့်သုံးသင့်ပါသလဲ။**

ဦးအေးလွင်။ ။ဘာသာရေးခေါင်းဆောင်ဟာ အပြောနဲ့အလုပ် ညီဖို့လိုပါတယ်။ Work, Walk, The Talkလို့ဆိုနိုင်ပါတယ်။ 'ငါပြောသလိုလုပ်၊ ငါလုပ်သလိုမလုပ်နဲ့' ဆိုပြီး သတိပေးထားရင် တော်သေးရဲ့။ ဘာသာရေးအမည်ခံပြီး တလွဲလုပ်ရပ်တွေကို ဘာသာရေးကပဲခိုင်းလို့ လုပ်နေသလိုဆိုရင်တော့ ဆေးမရှိဘူးပေါ့။ ဒီတော့ ထိလွယ်၊ ရှလွယ်လှတဲ့ ဘာသာရေးမှာ စိတ်ခံစားမှု Emotion က သိပ်အားကောင်းတော့ နောက်လိုက်တွေကို လမ်းမှားမပို့ဖို့ အလွန်အရေးကြီးပါတယ်။ မြန်မာလူမျိုးတွေဟာ ဘယ်ဘာသာကိုပဲ ကိုးကွယ်ကိုးကွယ် ဘာသာရေးအကြီးအကဲတွေကို အလွန်လေးစားပါတယ်။ သူတို့ ပြောသမျှကို ဆန်းစစ်မှုမရှိဘဲ တစ်သွေးတစ်သံတစ်မိန့် ယုံလွယ်ကြပါတယ်။ ဒါကြောင့် ဘာသာရေးခေါင်းဆောင်ဟာ ကိုယ်ကျင့်သီလပြည့်ဝပြီး နောက်လိုက်များ စံပြုအပ်တဲ့ ပုဂ္ဂိုလ်မျိုး ဖြစ်ရန်လိုသလို မိမိဟောကြားမှုဟာ တရားရေနွေးမဖြစ်ဘဲ တရားရေအေး ဖြစ်ဖို့လိုပါတယ်။ သွေးမအေးအောင် နွေးပေးတယ်ဆိုပြီး သွေးတွေဆူပွက်လာအောင် လှုံ့ဆော်ရင်တော့ သွေးတွေပျက်ပြီး အကြမ်းဖက်မှုတွေ ဖြစ်လာမှာပါ။ တရားနာသူတို့ နှလုံးသားနဲ့ ဦးနှောက်တွေမှာ အမုန်းတရားနဲ့ အတိပြီးတဲ့ အဆိပ်အတောက်တွေ မစွဲငြိအောင် ကြိုးပမ်းကြရပါမယ်။

စာရေးသူ။ ။**ပြီးခဲ့တဲ့ စစ်ကိုင်းတောင်ရိုး သီတဂူဝိဟာရမှာ ကျင်းပခဲ့တဲ့ ဗုဒ္ဓဘာသာငြိမ်းချမ်းရေးညီလာခံမှာ ဘာသာရေးကို အလွဲသုံးစားလုပ်ခြင်းမှ ဆန့်ကျင်ကန့်ကွက်ဖို့ သဘောတူခဲ့တယ်လို့ သိရပါတယ်။ အဲဒီအပေါ်မှာ မိမိတို့ရဲ့ သက်ဆိုင်ရာဘာသာတွေကို ပိုမိုသိရှိနားလည်နိုင်အောင် ဘာသာရေးခေါင်းဆောင်တွေအနေနဲ့ ဘယ်လို ပူးပေါင်းဆောင်ရွက်မှုတွေကို ပြုလုပ်ပြီး လုပ်ဆောင်သွားဖို့ ဘယ်လို အစီအစဉ်တွေရှိပါသလဲဆရာ။**

ဦးအေးလွင်။ ။အလွန်ကောင်းတဲ့ သဘောတူညီမှုပါ။ ကျွန်တော်ကိုယ်တိုင် တက်ရောက် စာတမ်းဖတ်ခဲ့ပါတယ်။ တကယ်လက်တွေ့ အကောင်အထည်ဖော်ဖို့နဲ့ အောက်ခြေလူတန်းစားအထိ ဒီသတင်းစကား စိမ့်ဝင်ပျံ့နှံ့သွားဖို့လည်း လိုပါတယ်။ ဒီလိုဆွေးနွေးပွဲတွေကို များများလုပ်ပေးရပါမယ်။ မီဒီယာတွေမှာ သတင်းအနေနဲ့သာမဟုတ်ဘဲ ဆွေးနွေးသွားသူတို့ရဲ့ တရားအနှစ်ချုပ်တွေကိုလည်း ဖော်ပြသင့်ပါတယ်။ ကိုယ့်လူကိုယ်ပြောတာ အကောင်းဆုံးပါ။ ကိုယ်တိုင်က အသိရှိရှိဖြစ်စေ၊ အသိမဲ့စွာဖြစ်စေ နားလည်မှု လွဲမှားခြင်းဆိုတဲ့ ဆူးကို စိုက်ထားမိရင် ကိုယ့်ပရိသတ်ရင်ထဲမှာ ဒီဆူးကို စိုက်ထားမိရင် ကိုယ်ကပဲ ပြန်နုတ်ပြီး အမှန်ပြင်ဖို့ လိုအပ်ပါတယ်။

စာရေးသူ။ ။**နောက်မေးခွန်းတစ်ခုအနေနဲ့ကတော့ ဘာသာရေးခေါင်းဆောင်တွေ အချင်းချင်း ခဏခဏဆိုသလို တွေ့ကြဆုံကြပြီးတော့ ငြိမ်းချမ်းရေးကြေညာချက်တွေ ထုတ်နေကြတာ တွေ့ရပါတယ်။ ဒါပေမဲ့ အဲဒီကြေညာချက်တွေဟာ အောက်ခြေ ပြည်သူလူထုအကြား မရောက်ရှိတဲ့အတွက် ထိရောက်သော အကျိုးသက်ရောက်မှု နည်းတယ်လို့ ကျွန်တော့်အနေနဲ့ ထင်မြင်ယူဆမိပါတယ်။ အဲဒီအပေါ်မှာ ဆရာရဲ့ သဘောထားအမြင်ကိုလည်း သိချင်ပါတယ်။**

ဦးအေးလွင်။ ။ကြေညာချက်တွေဟာ အရေးကြီးပါတယ်။ ဘာသာရေးခေါင်းဆောင် တွေဟာ မိမိဓမ္မပရိသတ်များရှိရာ အောက်ခြေအထိဆင်းပြီး ဒေသခံ ဘာသာရေး ခေါင်းဆောင်တွေနဲ့ ဒီကြေညာချက်ပါ တရားသဘောတွေကို လူတိုင်းနားလည် အောင် ဆင့်ပွားရှင်းလင်းပွဲများ လုပ်ရင်ကောင်းမှာပါ။

စာရေးသူ။ ။**နောက်ဆုံးမေးခွန်းတစ်ခုအနေနဲ့ ကျွန်တော်တို့ နိုင်ငံအတွင်းမှာရှိတဲ့ မတူကွဲပြားမှုတွေပေါ်မှာ ဘယ်လိုနားလည်မှုတွေ တည်ဆောက်ပြီး နိုင်ငံရဲ့အနာဂတ် ငြိမ်းချမ်းရေးအတွက် ဆရာတို့အနေနဲ့ မိမိတို့ရဲ့ ဘာသာဝင်တွေကြားမှာ ဘာတွေကို ပြုပြင်ပြောင်းလဲပြီး ဘာတွေကို တည်ဆောက်ယူသင့်တယ်လို့ ထင်ပါသလဲ။**

ဦးအေးလွင်။ ။မတူကွဲပြားမှုကို သဘောပေါက်အောင်လုပ်ရမယ်။ ဘာသာပေါင်းစုံ ချစ်ကြည်ရေးဆိုတာ ဘာသာအားလုံး ရောသမမွှေပြီး အားလုံးအတူတူပါလို့ပြော နေတာ မဟုတ်ပါဘူး။ မတူတာတွေကို အသိအမှတ်ပြုရမယ်။ အဲဒီမတူတာတွေကို နားလည်ပေးတဲ့ Tolerence စိတ်ဟာ မြင့်မြတ်ကြောင်း ပေါ်လွင်အောင် လုပ်ရ ပါမယ်။

မတူလို့ ရန်သူလို့ မမှတ်ဘဲ 'ခြား' နေတာ အမှားမဟုတ်ဘဲ 'အား' လို့ သဘော ပေါက်တာကို မတူကွဲပြားမှုမှ ညီညွတ်ခြင်း 'Unity in Divevsity' လို့ ခေါ်ပါ တယ်။ ဒါပေမယ့် သစ္စာတရားဟာ တစ်ခုတည်းလို့ အစ္စလာမ်က ခံယူထားလို့ သစ္စာတရားရဲ့ လာရင်းအစ Source ဟာလည်း တစ်ခုတည်းလို့ ယုံကြည်ပါတယ်။ ဒါကို လက်မခံရင်တောင် မတူတာတွေ ယှဉ်တွဲပြီး သဟဇာတ နေနိုင်ရေးဟာ အလှတရားပဲလို့ မြင်ဖို့လိုပါတယ်။

ဒီလိုပညတ်သဘောမှာ ကွဲလွဲနေတဲ့ အယူအဆတွေကိုလည်း သက်ဆိုင်ရာ ကာယကံရှင်၊ ဘာသာဝင်တွေက ဘယ်လို ယုံကြည်တယ်ဆိုတာ သိဖို့လိုပါတယ်။ သက်ဆိုင်ရာ ဘာသာဝင်မဟုတ်တဲ့ လူတစ်ယောက်ဟာ ဘယ်လောက်ပဲ ပညာရှင် ဖြစ်နေပါစေ။ ဒီဘာသာအကြောင်းကို ဘယ်လိုမှ ဘာသာဝင်တစ်ဦး လက်ခံယုံကြည်

နှလုံးသွင်းသလို မသိနိုင်ပါဘူး။ ဒါကြောင့် ဘာသာအသီးသီးတို့ရဲ့ အခြေခံ သဘော တရားတွေကို အမှန်တကယ် လက်တွေ့ကျင့်သုံး ဆောက်တည်နေတဲ့ ယုံကြည်သူ ဘာသာဝင်များထံမှ လေ့လာမှတ်သားပြီး မိမိဘာသာဝင်တွေကို အခြားဘာသာ များရဲ့ ပကတိ အရှိတရားများကို မျှဝေသင့်ပါတယ်။ ဒီအခါ တူတာတွေ ရှိသလို မတူတာတွေလည်းရှိကြောင်း သိလာကြပါမယ်။ မတူတာတွေကိုလည်း အသိအမှတ် ပြု နားလည်ပေးပြီး မတူတဲ့အယူတွေ ငြိမ်းချမ်းစွာ အတူယှဉ်တွဲ နေထိုင်ကြဖို့ မိမိဘာသာဝင်တွေကို နှိုးဆော်တိုက်တွန်းရပါတယ်။

စာရေးသူ။ **'အခုလို ဖြေကြားမှုအားလုံးအတွက် ဆရာ့ကို အထူးပဲ ကျေးဇူးတင် ပါတယ်။ မသိသေးတဲ့ အရာအချို့ကိုလည်း သိခွင့်ရလိုက်တဲ့အတွက် ထပ်မံကျေးဇူး တင်စကားဆိုပါရစေ' ဟုဆိုကာ စာရေးသူလည်း ဆရာဦးအေးလွင်အား နှုတ်ဆက်၍ ထုံးစံအတိုင်း စာရေးသူ၏ ဆုတောင်းနေကျ စကားအတိုင်း 'မြန်မာပြည်ကြီး ငြိမ်းချမ်းပါစေ' လို့ ထပ်ဆင့်ထပ်ဆင့် ဆန္ဒပြုရင်း . . . ။**

● ● ●



## ဒေါက်တာ လှထွန်း
## သနန္တန ဓမ္မပါလက (ဟိန္ဒူ)အဖွဲ့ချုပ်
## နှင့် ဓမ္မဆွေးနွေး အမေးအဖြေ

"ဘာသာကိုးကွယ်ယုံကြည်ကြသူ အားလုံးအနေနဲ့ သက်ဆိုင်ရာ ဘာသာအလိုက် ချမှတ်ထားတဲ့ ကျင့်ဝတ်သမျှကို လိုက်နာကျင့်ကြံအားထုတ်ပြီး စံပြဖြစ်အောင် နေထိုင်သွားရန်လိုအပ်တယ်။"

# သင့်မြတ်ငြိမ်းချမ်း
# အနာဂတ်လမ်း (၄)

**မေး။ ဘာသာတရားတစ်ခုရဲ့ သွန်သင်ဆုံးမမှုတွေ ဟာ ဘာသာဝင်တွေအတွက် ဘယ်လောက်အရေးကြီးပါသလဲ။**

ဖြေ။ ဘာသာတရားတစ်ခုရဲ့ သွန်သင်ဆုံးမမှုတွေဟာ ၄င်းဘာသာကို ယုံကြည်သက်ဝင်ကြသူတွေအတွက် အသက်တမျှ အရေးကြီးပါတယ်။ ဘာကြောင့်လဲဆိုရင် ဘာသာတရားရဲ့ အဆုံးအမတွေနဲ့ မေတ္တာ၊ ကရုဏာ၊ သစ္စာ၊ သီလ စသည်တို့ကို ယုံကြည်သက်ဝင်လို့ပဲ ကိုးကွယ်ကြလို့ပါ။

**မေး။ ဘာသာရေး ခေါင်းဆောင်တစ်ဦးအနေနဲ့ ဘယ်လို Message မျိုး ဘာသာဝင်တွေကိုပေးသင့်ပါသလဲ။**

ဖြေ။ ခေါင်းဆောင်ရယ်လို့ မဟုတ်ပါဘူး။ မိမိဘာသာကို ယုံကြည်တဲ့လူသား တစ်ဦးအဖြစ် မြင့်မြတ်တဲ့ လုပ်ငန်းတွေကို သူတစ်ပါးထက် ပိုမိုဆောင်ရွက်လိုသူတစ်ဦးအနေနဲ့ လူသားအားလုံးကို စည်းလုံးညီညွတ်စွာဖြင့် လူ့ဘောင်လောကကြီး တစ်ခုလုံး ငြိမ်းချမ်းရေးတည်ဆောက်ရာမှာ လက်တွဲညီညီ ပူးပေါင်းဆောင်ရွက်ကြရန် မေတ္တာရပ်ခံတိုက်တွန်းပြောကြားလိုပါသည်။

**မေး။ ဆရာ့အနေနဲ့ ဘာသာတရားနှင့် နိုင်ငံသားဖြစ်တည်မှု ဘယ်အရာက ပိုအရေးပါတယ်လို့ ထင်ပါသလဲ။**

ဖြေ။ ကျွန်တော်တစ်ဦးသာ မဟုတ်ဘဲ လူသားတိုင်းအနေနဲ့ နိုင်ငံသားဖြစ်တည်မှုက ပိုအရေးပါတယ်လို့ ထင်ပါတယ်။ ဘာကြောင့်လဲဆိုရင် ကျွန်တော်တို့ မွေးဖွားကြီးပြင်းလာတဲ့ တိုင်းပြည်က ကျွန်တော်တို့ရဲ့ မိခင်ပဲ ဖြစ်ပါတယ်။ မိခင်တိုင်းပြည်ရဲ့ ကျေးမွေး ကာကွယ်စောင့်ရှောက်မှုကြောင့် ကျွန်ုပ်တို့ရဲ့ဘဝဟာ လုံခြုံနေရခြင်း ဖြစ်ပါတယ်။ မိခင်ရဲ့ သား၊ သမီးများဖြစ်လို့ မိခင်တိုင်းပြည်ကို ကာကွယ်စောင့်ရှောက်ရေးသည်လည်း အားလုံးရဲ့ ပဓာနဝတ္တရား ဖြစ်ပါတယ်။

**မေး။ ယနေ့ကမ္ဘာပေါ်မှာ အကြမ်းဖက်ဝါဒလမ်းစဉ်တွေဟာ တဖြည်းဖြည်းများလာနေတာကို တွေ့ရပါတယ်။ အင်မတန် အသိရိုးတဲ့ဘာသာဝင်တွေကို လမ်းလွဲစေပါတယ်။ အဲဒီအပေါ်မှာ ဆရာ့အမြင်နဲ့ သုံးသပ်ချက်ကို သိချင်ပါတယ်။**

ဖြေ။ တဖြည်းဖြည်းများပြားလာနေတဲ့ အကြမ်းဖက်မှုတွေကို တားမြစ်ဖို့နဲ့ အသိရိုးတဲ့ မိမိတို့ရဲ့ ညီရင်းအစ်ကို မောင်နှမတွေကို လိုအပ်သလို လက်တွေ့ အသိပညာပေး ဟောပြောစည်းရုံးပြီး ကမ္ဘာ့ငြိမ်းချမ်းရေးကို တည်ဆောက်ရမှာ ဖြစ်ပါတယ်။

**မေး။ ဘာသာရေး ခေါင်းဆောင်တစ်ဦးအနေနဲ့ ဘယ်လိုကျင့်ဝတ်တွေနဲ့အညီ နေထိုင်ကျင့်သုံးသင့်ပါသလဲ။**

ဖြေ။ အခုနပြောခဲ့သလိုပဲ ကျွန်တော်သာမဟုတ်ဘဲ ဘာသာကိုးကွယ်ယုံကြည်ကြသူ အားလုံးအနေနဲ့ သက်ဆိုင်ရာ ဘာသာအလိုက် ချမှတ်ထားတဲ့ကျင့်ဝတ်သမ္မာကို လိုက်နာကျင့်ကြံအားထုတ်ပြီး စံပြဖြစ်အောင် နေထိုင်သွားရန်လိုအပ်တယ်လို့ မြင်ပါတယ်။

**မေး။ ပြီးခဲ့တဲ့ စစ်ကိုင်းတောင်ရိုး သီတဂူဝိဟာရမှာ ကျင်းပခဲ့တဲ့ ဗုဒ္ဓဘာသာ ငြိမ်းချမ်းရေးညီလာခံမှာ ဘာသာရေးကို အလွဲသုံးစားလုပ်ခြင်းမှ ဆန့်ကျင်ကန့်ကွက်ဖို့ သဘောတူခဲ့တယ်လို့ သိရပါတယ်။ အဲဒီအပေါ်မှာ မိမိတို့ရဲ့ သက်ဆိုင်ရာ ဘာသာတွေကို ပိုမိုသိရှိနားလည်နိုင်အောင် ဘာသာရေး ခေါင်းဆောင်တွေအနေနဲ့ ဘယ်လိုပူးပေါင်းဆောင်ရွက်မှုတွေကို ပြုလုပ်ပြီး လုပ်ဆောင်သွားဖို့ ဘယ်လို အစီအစဉ်တွေရှိပါသလဲ။**

ဖြေ။ စစ်ကိုင်းတောင်ရိုး သီတဂူဝိဟာရမှာ ကျင်းပခဲ့တဲ့ ဗုဒ္ဓဘာသာ ငြိမ်းချမ်းရေးညီလာခံမှာ ဘာသာရေးကို အလွဲသုံးစားလုပ်ခြင်းမှ ဆန့်ကျင်ကန့်ကွက်ဖို့ သဘော

တူညီချက်ကို လိုက်လိုက်လဲလဲ ကြိုဆိုပါတယ်။ အဲဒီအတွက်လည်း ဘာသာရေး ခေါင်းဆောင်များ အားလုံးနဲ့ တွေ့ဆုံဆွေးနွေးပြီး လိုအပ်တဲ့ အသိပညာပေးလုပ်ငန်း များကို သင့်လျော်သလို ချမှတ်ဆောင်ရွက်သွားဖို့ ရှိပါတယ်။

မေး။ **နောက်မေးခွန်းတစ်ခုအနေနဲ့ကတော့ ဘာသာရေးခေါင်းဆောင်တွေ အချင်းချင်း ခဏခဏဆိုသလို တွေ့ကြဆုံကြပြီးတော့ ငြိမ်းချမ်းရေး ကြေညာချက်တွေ ထုတ်နေကြတာ တွေ့ရပါတယ်။ ဒါပေမဲ့ အဲဒီကြေညာချက်တွေဟာ အောက်ခြေ ပြည်သူ လူထုအကြား မရောက်ရှိတဲ့အတွက် ထိရောက်သော အကျိုးသက်ရောက်မှု နည်းတယ်လို့ ကျွန်တော်အနေနဲ့ ထင်မြင်ယူဆမိပါတယ်။ အဲဒီအပေါ်မှာ ဆရာ့ရဲ့ သဘောထားအမြင်ကိုလည်း သိချင်ပါတယ်။**

ဖြေ။ ဘာသာရေး ခေါင်းဆောင်များတွေ့ဆုံကြပြီး ငြိမ်းချမ်းစွာအတူလက်တွဲ နေထိုင်ရေးကို အကောင်အထည်ဖော်ဆောင်ရွက်ရာမှာ အောက်ခြေပြည်သူလူထုအထိ ရောက်သင့်သလောက် ရောက်ရှိတဲ့အတွက် ဒီထက်ပိုပြီး ထိရောက်တဲ့ လုပ်ဆောင်မှု တွေ၊ ဥပမာအားဖြင့် ဘာသာပေါင်းစုံရဲ့ သဘောတွေ ဆုံးဖြတ်ကြေညာချက်တွေကို လိုအပ်သလို ပုံနှိပ်ထုတ်ဝေပြီး ဖြန့်ဝေခြင်း၊ အစည်းအဝေးများ ပြုလုပ်ပြီး အသိပေး ပြောကြားခြင်းနဲ့ ၄င်းတို့အချင်းချင်းမှာလည်း သက်ဆိုင်ရာ ပညာပေးအလုပ်ရုံ ဆွေးနွေးပွဲများ ပြုလုပ်စေခြင်း စသည်တွေကို ဆောင်ရွက်ဖို့ လိုအပ်မယ်လို့ ထင် ပါတယ်။

မေး။ **နောက်ဆုံးမေးခွန်းတစ်ခုအနေနဲ့ ကျွန်တော်တို့ နိုင်ငံအတွင်းမှာရှိတဲ့ မတူကွဲပြားမှုတွေအပေါ်မှာ ဘယ်လိုနားလည်မှုတွေ တည်ဆောက်ပြီး နိုင်ငံရဲ့ အနာဂတ် ငြိမ်းချမ်းရေးအတွက် ဆရာတို့အနေနဲ့ မိမိတို့ရဲ့ ဘာသာဝင်တွေကြား မှာ ဘာတွေကို ပြုပြင်ပြောင်းလဲပြီး ဘာတွေကို တည်ဆောက်ယူသင့်ပါတယ်လို့ ထင်ပါသလဲ။**

ဖြေ။ မတူကွဲပြားမှုတွေကတော့ ကမ္ဘာဦးကတည်းက ရှိလာခဲ့ပါတယ်။ ဒါပေမဲ့ အဲဒီမတူကွဲပြားမှုတွေ ကြားမှာပဲ ဘယ်လို သဟဇာတဖြစ်အောင် နေထိုင်ခဲ့ကြသလဲ ဆိုတာတွေ နားလည်ကြဖို့လိုပါတယ်။ ဥပမာ ကိုယ်ခန္ဓာ တစ်ခုတည်းမှာပဲ ကြည့်ပါ။ ခြေထောက်က သူ့နေရာသူ၊ မျက်စိက အထက်ဦးခေါင်းပိုင်းမှာ၊ လက်က သူ့နေရာ နှင့် သူပါ။ ဒါပေမဲ့ ခြေထောက်ခလုတ်တိုက်မိတဲ့အခါ ပါးစပ်က 'အား' လို့ အသံ ထွက်ပါတယ်။ လက်က အလိုလို ခလုတ်တိုက်မိတဲ့ ခြေထောက်နေရာရောက်ပြီး မျက်စိက မျက်ရည်တွေ စို့လာပါတယ်။ ဒီလိုပဲ လက်ချောင်းငါးချောင်းကလည်း

အကြီးအသေး မတူညီပါဘူး။ ဒါပေမဲ့ လက်ဝါးတစ်ခုရဲ့ အစိတ်အပိုင်းဖြစ်ပြီး လိုအပ်သလို လက်ဝါးနဲ့ လက်သီးအဖြစ် သက်ဆိုင်ရာ တာဝန်တွေကို ဆောင်ရွက်နေကြသလို ဘယ်လောက်ပဲ မတူကွဲပြားမှုတွေ ရှိနေပါစေ။ စိတ်တူကိုယ်တူ လူသားအားလုံးရဲ့ ရည်မှန်းချက်ပန်းတိုင်ဖြစ်တဲ့ မောက္ခ(နိဗ္ဗာန်)ကို ရောက်ရှိရေးအတွက် တစ်ဦးကိုတစ်ဦး ဖေးမကူညီ ရိုင်းပင်းကာဖြင့် စည်းလုံးညီညွတ်စွာ လျှောက်လှမ်းကြရမှာ ဖြစ်ပါတယ်။ ဒီအတွက်လည်း ဟိန္ဒူသာသာအနေဖြင့် ကမ္ဘာ့လူသားအားလုံးကို လက်တွဲခေါ်ဆောင်သွားဖို့ ကြိုးစားနေကြောင်း ပြောကြားလိုပါတယ်။

● ● ●